
မြတ်ငြိမ်း
PALOMINO
by
DANIELLE STEEL

(၁)

မိုးသည်းနေ၏။ လေထန်နေ၏။ ဆမ်မန်သာ မျက်ကြောတွေကို ရှုံ့ထားရသည် ။ မိုးစက် မိုးပေါက်တွေက မျက်နှာကို စပ်ဖျဉ်းဖျဉ်းဖြစ်နေစေ၏။ မျက်စိတွေကို ကျိန်းစပ်နေစေ၏။ ဆမ်မန်သာ ပါးစပ်မှ အသံထွက်လောက်အောင် မေးခိုက်ခိုက်တုန် ချမ်းနေပြီ။

အရှေ့ပိုင်း ခြောက်ဆယ့်သုံးလမ်းရှိ အိမ်လှေကားထစ်တွေပေါ် အပြေးအလွှားတက်သည် ။ တံခါးဝတွင် ရပ်ပြီး အသက်ကို ဝအောင်ရှူသည် ။ သော့ချောင်းကလေး ထုတ်ပြီး သော့ဖွင့်သည် ။

သော့က တော်တော်နှင့် မပွင့်။

မပွင့်။

မပွင့်။

နောက်ဆုံး ပွင့်သွားမှ နွေးထွေးသောအိမ်ခန်းထဲသို့ လှမ်းဝင်ရ၏။

ထိုနေရာမှာ ပင် အကြာကြီးရပ်နေမိသည် ။ စိုရွှဲနေသည့် သူ့ဆံပင်မှ ရေတွေကို ခါနေသည် ။

သူ့ဆံပင်က ရွှေဝါရောင် ဖျော့ဖျော့။ ငွေရောင်နှင့် ရွှေဝါရောင် ရောစပ်ထားသည့် ရွှေရောင်ပျော့ပျော့။ သည် ဆံပင်အရောင်မျိုးက နေရာတကာ တွေ့ရတတ်သည် မဟုတ်။

ငယ်ငယ်တုန်းကတော့ သူ့ကို “ရွှေခေါင်း ငွေခေါင်း” ကလေးဟု အများက ခေါ်ခဲ့ကြသည် ။ သည် လိုခေါ်သည် ကို သူကလည်း နည်းနည်းကလေးမှ မကြိုက်ခဲ့။ နောက် ဆယ်ကျော်သက်အရွယ်နှင့် နှစ်ဆယ်ဝန်းကျင်ရောက်တော့ သူ့ဆံပင်တွေကို လူအများက အားကျမက်မောရသည့် ဆံပင်တွေ ဖြစ်လာ၏။

ခု အသက်သုံးဆယ်အရွယ် ရောက်တော့သည် လို ချီးကျူးသံတွေကို သူရိုးသွားပြီ။

ဂျွန်က သူ့ကို ပုံပြင်ထဲမှ နတ်သမီးလေးနှင့် တူသည် ပြောတုန်းကဆို အူလှိုက်သည်းလှိုက် ရယ်မောခဲ့ရ၏။ သည် သို့ရယ်မောလျှင် မျက်လုံးပြာပြာကလေးတွေက တဖျပ်ဖျပ် ကခုန်နေမြဲ။ ပါးလျား သွယ်လျသော မျက်နှာကျသည် ပြည့်မောက်သော ရင်သားများ နှင့် လည်း ကောင်း၊ ဝန်းဝိုင်းသော တင်သားများ နှင့် လည်း ကောင်း ဆန့်ကျင်စွာ အလှပြိုင်နေသည် ။ ခြေတံများကတော့ သွယ်သည် ။ ရှည်သည် ။

စင်စစ် ဆမ်မန်သာကား ဆန့်ကျင်ဘက်များ ပေါင်းစည်းနေသည့် မိန်းမချော။

အရာရာတိုင်းကို ထက်မြက်စူးရှစွာ ကြည့်မြင်တတ်သည့် မျက်လုံးရွဲကြီးများ ။ ပြည့်ဖြိုးပြီး ရမ္မက်ကြွစေလွန်းသည့် နှုတ်ခမ်းနှစ်လွှာ။ ပခုံးသား နှစ်ဖက်ကမူ ခပ်ကျဉ်းကျဉ်း။ သို့တိုင် ရင်သားတွေက ကြီးထွားသည် ။ လက်ချောင်းကလေးတွေကျတော့ သွယ်လျ ပြေပြစ်နေပြန်သည် ။ အသံက နူးနူးညံ့ညံ့ ညင်ညင်သာသာ၊ စကားပြောလျှင်မူ တိကျသည် ။ ပြတ်သားသည် ။ ဝတ်ဆင်ထားသည် က ဂျင်းဘောင်းဘီ၊ ခြေလှမ်းကျဲကြီးတွေဖြင့် လမ်းလျှောက်တတ်သည် ။

ဆမ်မန်သာဟောလာကား လုပ်လီလုပ်လဲ့ မိန်းမစားထဲက မဟုတ်။ သူ့တွင် အားအပြည့်။ မာန်အပြည့်။ တက်ကြွမှု အပြည့်။

သို့သော်....

သည် ညတော့....။ သည် ညမှ မဟုတ်ပါဘူးလေ၊ လွန်ခဲ့သည့် ညပေါင်းတစ်ရာလောက်က စ၍ ...။

လွန်ခဲ့သည့် ဩဂုတ်လကုန်ပိုင်း တစ်ညနေခင်းကလို ခုလည်း သည် နေ ရာ မှာ ပင် မတ်တတ်ရပ်နေမိ၏။ တိတ်ဆိတ်စွာ၊ ငြိမ်သက်စွာ။ ဆံနွယ်ဖျားမှ တစက်စက် ကျနေသည့် မိုးရေစက်တွေကို စောင့်ကြည့်နေ၏။ နားစွင့်လျက်။

သို့သော်....

သူ ဘာကို နားစွင့်နေမိပါလိမ့်။

သည် အိမ်ထဲမှာ ဘယ်သူမျှ မရှိတော့ဘဲ။ သည် အိမ်ညိုကြီးထဲတွင် သူတစ်ယောက်တည်းရယ်။ အောက်ထပ်က လင်မယားကလည်း ခရီးယာယီများ နေသည် ။ အပေါ်ထပ်.....။ အင်း....။ အပေါ်ထပ်ကတော့ ဆမ်မန်သာ့အခန်း။ ဟုတ်သည် ။ ခုတော့ ဆမ်မန်သာ တစ်ယောက်တည်းရဲ့ အခန်းလေ။ ဟိုးရှေးရှေးကတော့ ဆမ်မန်သာနှင့် ဂျွန် နေခဲ့သည့် အခန်းပေ့ါ။ သည် ကာလတွေတုန်းကဆို သည် အခန်းကိုပဲ တသတည်း သခဲ့ကြ၏။ မြတ်မြတ်နိုးနိုး တွယ်တွယ်တာတာဖြင့် မွမ်းမံခဲ့ကြ၏။

ခုတော့.....

အတွေးနွမ်းများ နှင့် အတူ မျက်မှောင်ကြုတ်မိ၏။ ရှေ့ခန်းတွင် မိုးစိုထီးကို ထားခဲ့ကာ သူ့အခန်းဆီသို့ တက်ခဲ့၏။ ည ကိုးနာရီ

ထိုးတော့မည်။ ဩော်....သူသည် တစ်ညထက် တစ်ည အိမ်ပြန်နောက်ကျနေပါပြီကော။ သို့တိုင် ဝမ်းထဲတွင် ဆာလောင်မွတ်သိပ်ခြင်းလည်း မဖြစ်မိ။ တကယ်တော့ သည် သတင်းကို စ,ကြားရပြီးကတည်းက ဆာလောင်မွတ်သိပ်ခြင်းဆိုတာ မရှိတော့တာပါလေ။

------------

"ရှင်....ရှင် ဘာပြောတယ်"

ပူကြွပ်နေသော ဩဂုတ်လ၏ တစ်ညခင်း။ လေအေးစက်က ပျက်နေသည် ။ အခန်းထဲတွင် လေငြိမ်နေ၏။ ပူလောင်နေ၏။ သူ့ကို ကြိုဆိုဖို့ ဆမ်မန်သာ တံခါးဝသို့ ထွက်လာခဲ့သည် ။ ကိုယ်ပေါ်တွင် ပိုးပျော့ဘရာစီယာနှင့် အတွင်းခံ ဘောင်းဘီကလေးပဲ ရှိသည် ။ ခုတော့ ဆမ်မန်သာ သူ့ကို အထိတ်တလန့် စိုက်ကြည့်နေမိ၏။

"ရှင် ရူးနေပြီလား"

"ဟင့်အင်း"

သူကလည်း ဆမ်မန်သာကို စိုက်ကြည့်လျက်။ သစ်သားရုပ်ကြီးတစ်ရုပ်လို။ သည် မနက်ကပဲ သူတို့ နှစ်ယောက် အချစ်သည်းခဲ့ကြသေးသည် ။ ခုတော့ သူ၏ လှုပချောမွေ့မှုများ သည် ဆမ်မန်သာနှင့် အလှမ်းကွာသွားပြီ။ သူ့ကို ကြည့်ရသည် မှာ သူနှင့် ပင် မတူတော့။ ဆမ်မန်သာ မတွေ့ဘူး မမြင်ဘူးသူ တစ်ဦးလို။

"ကိုယ် မင်းကို ဆက်ပြီး ညာမနေချင်တော့ဘူး ဆမ်။ ကိုယ် ဖွင့်ပြောရတော့မယ်။ ကိုယ် ဒီက သွားမှ ဖြစ်တော့မယ်"

ဆမ်မန်သာ ဘာမျှမပြောနိုင်။ သူ့ကိုသာ စူးစူးဝါးဝါး

စိုက်ကြည့်နေမိ၏။ သူတကယ်ပြောတာ မဟုတ်ဘူး ထင်ပါရဲ့ ။ နောက်နေတာများ လား။ သို့သော် မဟုတ်။ သူ နောက်နေတာမဟုတ်။ တကယ်ပင် အလေးအနက် ပြောနေတာပါလား။ သူ့မျက်နှာပေါ်က နာကြည်းရိပ်တွေကို မြင်ရုံမျှဖြင့် ဆမ်မန်သာ အတပ်သိနေသည် ။ သူ့ဆီသို့ တရွေ့ရွေ့ လျှောက်သွားမိသည် ။ သို့သော် သူက ခေါင်းကို ခါယမ်းလျက် မျက်နှာလွှဲသွားသည် ။

"မလာနဲ့ ဆမ်။ မလာပါနဲ့ တော့ကွယ်"

သူ့ပခုံးတွေ သိမ့်သိမ့်ခါနေ၏။ ဒါကိုကြည့်ပြီး ဆမ်မန်သာ့ ရင်ထဲတွင် စစ်ခနဲ နာကျင်သွားသည် ။ သနားသွားသည် ။ သို့ပေမဲ့ ဆမ်က ဘာ့ကြောင့် သူ့ကို သနားနေရသလဲ။ ဘာ့ကြောင့် လဲ။ သူ့ဘက်ကတောင် သည် လိုစကားမျိုးကို ရက်ရက်စက်စက် ပြော လာပြီးမှ ဆမ်က ဘာ့ကြောင့် သူ့ကိုသနားနေရသလဲ။

"ကို အဲဒီမိန်းမကို ချစ်သလားဟင်"

ဆမ် သိပ်ချစ်ခဲ့သည့် ပခုံးနှစ်ဖက်သည် ပို၍ လှုပ်ရှားလာ၏။ သို့သော် သူ့ပါးစပ်ကမူ ဘာမျှမပြော။ ဆမ် ရှေ့ဆက်တိုးသွားသည် ။ ရင်ထဲမှ သနားကြင်နာစိတ်တွေ တဖြည်းဖြည်း လွင့်ပြယ်သွားသည် ။ ခုတော့ သူ့ရင်ထဲတွင် ဒေါသတွေ ဆူပွက် လာပြီ။

"ပြောလေ၊ ကျွန်မ မေးနေတာ ဖြေစမ်းပါ"

သူ့ပခုံးတစ်ဖက်ကို ဒေါသတကြီး ဆွဲလှည့်လိုက်၏။ သူ လှည့် လာပြီး ဆမ်နှင့် အကြည့်ချင်းဆိုင်သည် ။

"ဟုတ်တယ်၊ ချစ်တယ်လို့ ထင်တယ်။ ဒါပေမဲ့ ဆမ်၊ ကိုယ်လည်း မပြောတတ်တော့ဘူး၊ ကိုယ်သိတာက ကိုယ့်စိတ်ကိုယ်

ပြတ်ပြတ်သားသား ဆုံးဖြတ်လို့ ရအောင် ဒီက ခဏ ထွက်သွားချင်တာပဲ”

ဆမ် အခန်းကို ဖြတ်လျှောက်သွားသည် ။ တစ်ဖက်စွန်းနားရောက်မှ ရပ်လိုက်၏။ သူ့ခြေထောက်အောက်မှ နူးညံ့လှပသော ကော်ဇောကို ငုံ့ကြည့်မိသည် ။ ပန်းကော်ဇောပေါ်တွင် ရပ်နေရသလို။ ပန်းရောင် အပွင့်ကလေးတွေ။ အနီရောင် အပွင့်ကလေးတွေ။ မြစိမ်းရွက်များ ဖြင့် ခက်နွယ်ဝန်းရံလျက်။ အခန်းထဲတွင် ခင်းကျင်းထားသည့် အစိမ်းရင့်ရောင် ခုံကလေးတွေ၊ ကုလားထိုင်တွေနှင့် လိုက်ဖက်အဆင်ပြေလှစွာ။

သည် အခန်းကြီးကို သည် သို့ လှပရှုမောစဖွယ်ဖြစ်အောင် ဆမ် နှစ်နှစ်မျှ အချိန်ယူမွမ်းမံခဲ့ရ၏။ အခန်းထဲရှိ အိ မ် ထော င် ပ ရိ ဘော ဂ တွေ မှာ ဆယ့်ငါးဆက်မြောက် လူဝီဘုရင်လက်ထက်က ပစ္စည်းတွေ။ ရှားပါးသည် ။ လှပသည် ။ တန်ဖိုးကြီးသည် ။ သူတို့ လင်မယား ရှေးဟောင်းပစ္စည်းဆိုင်တွေမှ မွှေနှောက်ရှာဖွေဝယ်ခဲ့သည့် ပစ္စည်းတွေ။ လေလံပွဲတွေတွင် သူ့ထက်ငါ ဈေးကြီးပေးပြီး အလုအယက် ဝယ်ခဲ့ရသည့် ပစ္စည်းတွေ။

ခန်းဆီးစတွေကလည်း ပြင်သစ်ပြည်ဖြစ်တွေချည်း။ ပန်းအိုးတွေထဲတွင် လန်းဆန်း မွှေးကြိုင်နေသည့် ပွင့်သစ်ပန်းတွေ မပြတ်စေရ။ နံရံပေါ်မှ ပန်းချီကားတွေကကော။ အာရုံမြင်ဝါဒ ပန်းချီကားတွေချည်း။

သူတို့ အခန်းထဲရောက်လာလျှင် ဥရောပဆန်သည် ဟု ခံစားရ၏။ ကျက်သရေရှိသည် ဟု ဝန်ခံရ၏။

ခုတော့ ဆမ်အတွက် သည် အရာတွေအားလုံး

အဓိပ္ပာယ်မဲ့ဖြစ်ကုန်ပြီ။ သည် အလှတရားတွေကို ဆမ်တစ်ယောက် ခံစားနိုင်စွမ်းမရှိတော့။ သည် အခန်းကြီးထဲရှိ အလှတရားတွေသည် ယခင်ကအတိုင်း ဆက်လက်ရှိနေပါဦးတော့မည်လားဟု လင်ယောက်ျားကို ကျောခိုင်းရပ်ရင်း ဆမ် တွေးနေမိ၏။

သူတို့ နှစ်ယောက်အနက် တစ်ယောက်ယောက် သေဆုံးသွားသည့် နှယ် ရင်ထဲတွင် ခံစားနေရ၏။ သည် အခန်းထဲရှိ အရာအားလုံးသည် ရုတ်ခြည်းတစ်စစီ ကြေမွသွားပြီး ပြန်လည်ဆက်စပ်ပြုပြင်၍ မရနိုင်တော့သလို ထင်မှတ်ရ၏။

စင်စစ်ကြားရသည့် စကားလုံးတွေက နည်းနည်းကလေး။ အထူးတလည် ရွေးချယ်သုံးနှုန်းသွားသည့် စကားလုံးကလေးတွေ။ သည် စကားလုံးကလေးတွေကပင် ဘဝကို တစ်စစီ တစ်စစီ ကြေမွစေခဲ့ပါကလား။

"ကျွန်မကို အစက ဘာလို့ မပြောသလဲဟင်"

စွဲချက်အပြည့်ဖြင့် မေးလိုက်၏။

"ကိုယ်...."

စ,ထားသော စကားကို အဆုံးမသတ်နိုင်။ ခုအချိန်မှ တော့ သည် အမျိုးသမီး၏ ရင်တွင် ရရှိသွားသောဝေဒနာကို လျော့ပါးနိုင်မည့် စကားလုံးများကို ရှာဖွေ၍ မရတော့။ တစ်ချိန်တုန်းတော့ သည် အမျိုးသမီးကို အသည်းနင့်အောင် စွဲချစ်ခဲ့မိသည် ပေါ့။ သို့ပေမဲ့ ခုနစ်နှစ်ဆိုသည့် ကာလသည် ရှည်လျားလှပါသည် ။ သည် မျှသော အချိန်ကာလသည် သူတို့ နှစ်ယောက်အား ထာဝရမကွဲမကွာအောင် ဂဟေဆက်ထားနိုင်စွမ်း ရှိသင့်သည် ။

ခုတော့ သည် လိုမဟုတ်။

ဘယ်လို ဘယ်လို ဖြစ်သွားသည် မသိ။ လွန်ခဲ့သည့် နှစ်ရွေးကောက်ပွဲကာလတုန်းက အမှတ်မထင် ငြိတွယ်မှုကလေး ပေါ်ပေါက်ခဲ့၏။ ဝါရှင်တန်မှ ပြန် လာပြီး နောက်ပိုင်း သည် အရေးအခင်းကလေးကို ရပ်တန်းကရပ်ဖို့ သူ ကြိုးစားခဲ့သေးသည် ။ သို့ပေမဲ့ လစ်ဇ်က နှောင်ကြိုးကို ငင်ထားခဲ့၏။ သို့ဖြင့် ဇာတ်လမ်းက မဆုံးတော့။ သောက်လေ သောက်လေ ငတ်မပြေသည့် ဆားငန်ရေပမာ….။ ခုတော့ သူ့မှာ မရုန်းသာ မလှုပ်သာ။ ဘာ့ကြောင့်ဆို လစ်ဇ်တွင် ကိုယ်ဝန်ရှိနေပြီ။ ပြီးတော့ အမျိုးသမီးက ကိုယ်ဝန်ဖျက်ချဖို့ ကိုလည်း ဇွတ်ငြင်းနေသည် ။

"ကိုယ်လည်း မင်းကို ဘာပြောရမှန်း မသိတော့ဘူး ဆမ်။ ကိုယ်အစက… ပြီးတော့ ကိုယ် ထင်တာက…."

"ရှင့်ဟာ ရှင် ထင်ချင်ရာ ထင်။ ရှင်ထင်တာကို ကျွန်မ ဂရုမစိုက်ဘူး"

သည် လူကို ဆမ် ဆယ့်တစ်နှစ်တိုင်တိုင် ချစ်ခဲ့၏။ သူ့အကြောင်း ကောင်းကောင်း သိခဲ့၏။ ခုတော့ သည် လူကိုပင် မီးဝင်းဝင်းတောက်သည့် မျက်လုံးများ ဖြင့် ကြည့်နေမိ၏။ စင်စစ် သူတို့ နှစ်ယောက်သည် ခုမှ တွေ့ကြသူများ မဟုတ်။ ယေးလ်တက္ကသိုလ်ကတည်းက။ နောက်ပြီး ဆမ်သည် သူ၏ အပျိုစင်ဘဝကို သည် လူ့ထံတွင် ပင် ပထမဦးဆုံး အပ်နှံခဲ့ခြင်းဖြစ်သည် ။ သည် လူက တက္ကသိုလ်ပရိဝုဏ်တွင် ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ဖြစ်ခဲ့သူ။ သည် အထဲတွင် ဆမ်လည်း တစ်ယောက်အပါအဝင်ပေါ့။

"ကျွန်မထင်နေတာကကော ဘာလဲဟင်၊ သိရဲ့ လား

ခွေးသူတောင်းစားရဲ့ ။ ကျွန်မက ရှင်ဟာ ကျွန်မအပေါ် သစ္စာရှိလိမ့်မယ်ထင်ခဲ့တာ။ အဲဒါ ကျွန်မအထင်ပဲ။ ကျွန်မ ထင်တာက...” သူ့နှုတ်ဖျားမှ ခါးသီးသောစကားများကို ကြားရပြီးကတည်းက ဆမ့်အသံ ပထမဦးဆုံးအကြိမ်အဖြစ် တုန်ခါသွားသည် ။ “ကျွန်မ ထင်တာက ရှင် ကျွန်မကို ချစ်တယ်လို့ ”

“ကိုယ် ချစ်ပါတယ်ကွယ်”

သူ့ပါးပြင်ပေါ်သို့ မျက်ရည်တွေက တလိမ့်လိမ့် စီးကျလာသည် ။

“သြော်....ဟုတ်လား”

ဆမ်လည်း မထိန်းနိုင်တော့။ ရင်ဖွင့်ပြီး ငိုချပစ်လိုက်၏။ တကယ်တော့ ဂျွန်သည် သူ့ရင်ကိုခွဲပြီး အသည်းကို နင်းခြေလိုက်ခြင်း မဟုတ်ပါလား။

“ဒါဆို ရှင်က ဘာကိစ္စအိမ်ကို စွန့်ခွာသွားရသလဲ။ ဘာကိစ္စ သောက်ရူးတစ်ယောက်လို ဒီအိမ်ထဲကို ဝင် လာပြီး ရှင့်ကို ပြုံးပြုံးရွှင်ရွှင်နဲ့ နှုတ်ဆက်ရတဲ့ ရှင့်မိန်းမကို “ငါတော့ လစ်ဇ်ဂျုန်းနဲ့ မရှင်းမရှင်း ဖြစ်နေလို့ ဒီကထွက်သွားတော့မယ်” လို့ ပြောရသလဲ”

ဆမ့်အသံ စူးစူးရှရှ ဖြစ်လာသည် ။ ဂျွန်ဆီသို့ လျှောက်သွားသည် ။

“ရှင် အဲဒါကို ရှင်းပြနိုင်ရဲ့ လား။ နောက်ပြီး ဒီမိန်းမနဲ့ ဖြစ်နေတာကော ဘယ်လောက်ကြာပြီလဲဟင်။ ပြောစမ်းပါဦး ဂျွန်တေလာကြီးရဲ့ ။ ရှင့်ကို ဘုရားရိုက်မှာ ပါ၊ မနေပါဘူး။ စောင့်သာကြည့်”

ဂျွန်က အင်အားမစိုက်ရဘဲ ဆမ့်လက်တွေကို ဖမ်းချုပ်ထားသည် ။

ဆမ်သည် သူ့စိတ် သူ မထိန်းနိုင်တော့သလို ဂျွန့်ထံ ပြေးသွားသည် ။

လက်သီးဖြင့် ထုသည် ။ ဆံပင်ကို ဆောင့်ဆွဲသည် ။ မျက်နှာကို ကုတ်ခြစ်ဖို့ ကြိုးစားသည် ။ ပြီးတော့ ဆမ့်ကို အသာတွန်းပြီး ကြမ်းပြင်တွင် ထိုင်စေသည် ။ ကြမ်းပေါ်ရောက်တော့ ဆမ်ကို ပွေ့ပိုက်ထား၏။

"အို...အချစ်ရယ်၊ ကိုယ်က သိပ်စိတ်မကောင်းဖြစ်ရပါတယ်"

"ဟင်...စိတ်မကောင်းဘူး ဟုတ်လား"

လှောင်ရယ် ရယ်ရင်း ကျုံးအော်လိုက်၏။ ပါးပြင်ပေါ်တွင် မူ မျက်ရည်များ ၊ ဆမ်က ဂျွန်၏ လက်ထဲမှ ရုန်းထွက်လိုက်သည် ။

"ရှင်က ဒီအိမ်ထဲဝင် လာပြီး မိန်းမတစ်ယောက်ဆီ သွားတော့မယ်လို့ ပြောတယ်။ ပြီးတော့ စိတ်မကောင်းဘူးလို့ ပြောသေးတယ် ဟုတ်လား။ "ဘုရားရေ.... အသက်ပြင်းပြင်းတစ်ချက်ရှူသည် ။" သွား....ကျွန်မကိုလွှတ်။ ကိုင်မထားနဲ့ "

ဂျွန်အား နာကြည်းရင့်သီးစွာ ကြည့်လိုက်၏။ ဆမ် အနည်းငယ် တည်ငြိမ်လာသည် ကိုတွေ့ရသောအခါ ဂျွန်က ဆမ်၏ လက်မောင်းတွေကို လွှတ်ပေးလိုက်၏။

ဆမ်မှာ စောစောက ဂျွန်အား ရိုက်ပုတ်ထားသည့် အရှိန်ကြောင့် မောပန်းနေဆဲ။ အသက်ရှူ မမှန်သေး။ သို့သော် အစိမ်းရင့်ရောင် ကတ္တီပါခုံကလေးဆီသို့ ဖြည်းလေးစွာ လျှောက်သွားပြီး ထိုင်သည် ။

သူ့ကိုယ်ခန္ဓာသည် ရုတ်ခြည်း သေးကွေးသွားသယောင် ထင်ရ၏။ ပိုပြီး ငယ်နုသွားသယောင် ထင်ရ၏။ မျက်နှာကို လက်နှစ်ဖက်ထဲ နှစ်မြှုပ်လိုက်သောအခါ ဝါပြေပြေ ဆံကေသာများ သည် ပြန့်ကျဲစွာ

တွဲလဲခိုနေ၏။

ထို့နောက် ခေါင်းကို တဖြည်းဖြည်းမော့သည် ။ မျက်လုံးများ တွင် မျက်ရည်များ စိုစွတ်ကာ။ ပြီးတော့ ယုံကြည်၍ မရနိုင်ဟန်ဖြင့် မေးခွန်းတစ်ခု မေးသည် ။

"ကို သူ့ကို တကယ်ပဲ ချစ်နေလို့ လားဟင်"

ဂျွန် လေးကွေးစွာ ခေါင်းညိတ်၏။

"ထင်တာပဲ။ အဆိုးဆုံးက မင်းတို့ နှစ်ယောက်စလုံးကို ကိုယ်ချစ်နေမိတာပဲ"

"ဘာဖြစ်လို့ လဲဟင်"

ဆမ်မန်သာက ဂျွန်ကိုကျော်ပြီး အတိုင်းမဲ့လွှင်ပြင်တစ်ခုကို ငေးကြည့်နေ၏။ သို့သော် ဘာကိုမျှ မည်မည်ရရမမြင်။ ဘာကိုမျှ မည်မည်ရရ နားမလည်။

"ကျွန်မနဲ့ ကို့ကြားမှာ ဘယ်လိုကွာဟမှုတွေများ ရှိနေလို့ လဲ"

ဂျွန် ဖြည်းလေးစွာ ထိုင်၏။ သည် ကိစ္စကိုတော့ ရှင်းပြမှ ။ ဆမ် သိသင့်သည် ။ ဆမ် မသိအောင် ကာလရှည်စွာ ဖုံးဖိထားသည် မှာ သူ့အမှား ။

"လွန်ခဲ့တဲ့ နှစ်က ရွေးကောက်ပွဲသတင်းတွေ လိုက်ရင်းစဖြစ်ခဲ့တာပဲ ဆမ်"

"ဪ.... ဒါဆို အဲဒီကတည်းက ဇာတ်လမ်း စ,နေခဲ့တာပေါ့လေ"

ဆမ်၏ မျက်လုံးတွေ ပြူးကျယ်နေ၏။ အသစ် အသစ် ကျလာသော မျက်ရည်တွေကို လက်ခုံဖြင့်သုတ်ပစ်၏။

"ဘုရား....ဘုရား၊ ခုဆိုရင် ဆယ်လတောင်ရှိနေပြီ။ ကျွန်မ ဘာမှ မသိခဲ့ရဘူး"

ထို့နောက် ဆမ်က ဂျွန်အား စိမ်းစိမ်းကြီးကြည့်သည် ။

"ဒါဆို ဘာကိစ္စ ခုမှ လာပြောနေရသေးလဲ။ ဘာကိစ္စ ခုလိုအိမ်ထဲဝင်လာပြီး ဒီစကားတွေ ပြောနေရတာလဲ။ ဘာကိစ္စ သူ့ကို အဆက်မဖြတ်ခဲ့တာလဲ။ ခုနစ်နှစ်ကျော် ပေါင်းသင်းလာတဲ့ အိမ်ထောင်ရေးတစ်ခု ပျက်စီးမသွားအောင်ကို ဘာကိစ္စ မကြိုးစားခဲ့တာလဲလို့ ။ ကဲ ပြောစမ်းပါဦး။ "ငါတော့ မိန်းမတစ်ယောက်နဲ့ ငြိနေပြီ။ ဒါကြောင့် ငါ ဒီအိမ်ကို စွန့်ခွာတော့မယ်" ဆိုတဲ့ စကားက ဘာအဓိပ္ပာယ်လဲ။ ကို လိုချင်တာ ဒါပဲလား၊ ဟုတ်လား"

ဆမ်၏ အသံက စူးစူးရှရှ ဖြစ်လာပြန်သည် ။ ဂျွန်တေလာ တွန့်သွား၏။ တကယ်တော့ ဆမ့်အပေါ် သူ သည် သို့မပြုချင်။ မပြုရက်။ သည် သို့ပြုရသည် ကို စက်ဆုပ်မိသည် ။ သို့သော် မတတ်နိုင်။ သည် သို့ပဲ ပြုရတော့မည်။ သူ သည် အိမ်က ထွက်ခွာသွားမှ ဖြစ်တော့မည်။

လစ်ဇ်မှာ သူ အလိုလား အတောင့်တဆုံးအရာအချို့ ရှိသည် ။ သူ့အတွက် လိုအပ်နေသော အရည်အသွေးတွေရှိသည် ။ ဥပမာ အောက်ကျခံတတ်မှုမျိုး ဆိုပါတော့။

ဆမ်မန်သာနှင့် သူကတော့ အချို့နေရာများ တွင် တော်တော်တူသည် ။ တော်တော့်ကို တူလွန်းနေသည် ။ သူတို့ နှစ်ယောက်စလုံးက ထင်ရှားလွန်းသည် ။ လိုက်ဖက်လွန်းသည် ။ သွက်လက်လွန်းသည် ။ နောက်ပြီး နှစ်ယောက်စလုံးသည် ချောမောလွန်းသည် ။

လစ်ဇ်ကတော့ သည် လိုမဟုတ်။ ရိုးသည် ။ ရှင်းသည် ။

ထက်မြက်သော်လည်း အရှိန်အဝါမကြီး။ အေးအေးချမ်းချမ်း နေထိုင်တတ်သည် ။ ကန့်လန့်ကာ နောက်ကွယ်မှ နေပြီး ဂျွန်ကို သည့်ထက်အောင်မြင်မှုရအောင် ဖြည့်ဆည်းပေးလိုသည် ။ သည့် အရည်အသွေးတွေက ဂျွန့်စိတ်ကို ကျေနပ်နှစ်သိမ့်စေ၏။ စင်စစ် လစ်ဇ်သည် ဂျွန့်အတွက် အကောင်းဆုံးပါရမီဖြည့်ဖက်။

ထို့ကြောင့် လည်း သူတို့ နှစ်ယောက် အတွဲညီစွာ အလုပ်လုပ်နိုင်ခဲ့ခြင်း ဖြစ်၏။ ရုပ်မြင်သံကြား ကင်မရာရှေ့တွင် ထိုင်ပြီး သတင်းကြေညာနေသော ဂျွန်တေလာသည် အောင်မြင်ကျော်ကြားသော “ကြယ်တစ်ပွင့်” ဖြစ်ကြောင်း ယုံမှားဖွယ်ရာမရှိ။ လစ်ဇ်က ဂျွန်ကို ဤသို့ “ကြယ်တစ်ပွင့်” ဖြစ်ကြောင်း ယုံမှားဖွယ်မရှိအောင် ကူညီပံ့ပိုးပေးတတ်လေသည် ။

ဂျွန်က သည် အရည်အချင်းမျိုးကို လိုလားနှစ်သက်ခြင်း ဖြစ်၏။ လစ်ဇ်က ဆမ်မန်သာထက် အများကြီးအေးဆေးသည် ။ အများကြီး ဝပ်စင်းသည် ။ အများကြီး သိုသိပ်သည် ။ နောက်ဆုံး သူ လိုလားတောင့်တသော အရည်အချင်းတွေမှာ ဒါတွေပါလားဟု ဂျွန် သိမြင်လာသည် ။ လစ်ဇ်နှင့် အတူရှိနေစဉ် ကာလများ တွင် သူ့အနေဖြင့် တစ်စက်ကလေးမျှ စိုးရိမ်ပူပန်စရာမလို။ တစ်စက်ကလေးမျှ ယှဉ်ပြိုင်အနိုင်လုဖို့ မလို။ သူသည် အလိုအလျောက် “ကြယ်တစ်ပွင့်” ဖြစ်နေပြီလား။

ခုတော့ အနှောင်အဖွဲ့က ပိုပြီး ခိုင်မြဲ လာပြီ။ လစ်ဇ်မှာ ကိုယ်ဝန်ကြီးနှင့် ။ နောက်ပြီး သည် ကလေးက သူ့ကလေး။ ဒါကိုလည်း သူ သိနေသည် ။ ဤအရာကား။ သူ တောင့်တသမျှ အရာတွေထဲတွင် အလိုလား အတောင့်တဆုံးအရာ။ သူနှင့် အတူ ကစားဖို့ ။ သူ့ရင်သွေး။

သူ့သားကလေး။

သည် လို သားကလေးတစ်ယောက်ရဖို့ သူ အမြဲ တောင့်တခဲ့၏။ သည် ဆန္ဒလို ဖြည့်စွမ်းမပေးနိုင်သူက ဆမ်မန်သာ။ သည် ပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် ဆရာဝန်တွေမှာ သုံးနှစ်လုံးလုံး ကြိုးပမ်းခဲ့ကြရသည် ။ နောက်ဆုံးမှ တိကျခိုင်မာသောအဖြေကို ရခဲ့၏။ ဆမ်မန်သာတွင် သန္ဓေသား မတည်နိုင်။ ဘယ်သောအခါမျှ ကိုယ်ဝန်လွယ်နိုင်လိမ့်မည်မဟုတ်။

"ဒီပြဿနာကို ဘာကိစ္စ ခုမှ ပြောရတာလဲ ဂျွန်ရယ်"

ဆမ်၏ အသံက ဂျွန်အား ပစ္စုပ္ပန်ကာလဆီသို့ ပြန်လည်ခေါ်ငင်လိုက်၏။ ဂျွန် ခေါင်းကိုသာ ဖြည်းလေးစွာ ခါယမ်းမိသည် ။

"ဒါ အကြောင်း မဟုတ်ဘူး ။ အရေးလည်း မကြီးဘူး။ ပြောဖြစ်ဖို့ အဓိကပါ။ ကိုယ် မင်းကို ပြောပြရမယ်လေ။ ဒီကိစ္စမျိုးပြောပြဖို့ အတွက် နေ့ကောင်းရက်သာဆိုတာလည်း မရှိပါဘူး"

"ကို သူ့ကို အဆက်ဖြတ်မှာ လားဟင်"

ဆမ် တိုက်တွန်း၏။ တိုက်တွန်းနေမိသည် ကိုလည်း သူ ကိုယ်သူသိ၏။ သို့သော် မတတ်နိုင်။ တိုက်တွန်းရတော့မည်။ စည်းရုံးရတော့မည်။ မေးမြန်းရတော့မည်။ ဘာကြောင့် များ ဂျွန်တစ်ယောက် သည် လိုဖြစ်သွားရသည် ကို သူ သဘောမပေါက်နိုင်သေး။ ဘာတွေ ဘယ်လိုဖြစ်သွားပါလိမ့်။

"သူ့ကို ဆက်တွေ့မနေပါနဲ့ လား ဂျွန်ရယ်"

ဂျွန်က ခပ်ဖြည်းဖြည်း ခေါင်းခါသည် ။

“မဖြစ်ဘူး ဆမ်”

“ဘာဖြစ်လို့ လဲလို့ ”

သူ့အသံသည် သိမ်ငယ်နေ၏။ ကလေးငယ်တစ်ယောက်၏ အသံလို။ မျက်ဝန်းတွင် မျက်ရည်များ ပြည့်လျှံလာပြန်သည် ။

“ကျွန်မမှာ မရှိတာတွေ သူ့မှာ ဘာများ ရှိနေလို့ လဲ။ သူက ရိုးရိုးအအကြီး။ ငြီးငွေ့စရာကောင်းပါဘိသနဲ့ ။ နောက်ပြီး ကို….ကိုပဲ ပြောခဲ့တယ်လေ။ သူ့ကို မကြိုက်ဘူးဆို။ သူနဲ့ တွဲပြီး အလုပ်လုပ်ရတာ စိတ်ကုန်တယ်ဆို။ နောက်ပြီး…..”

ရှေ့ဆက် ပြောနိုင်စွမ်းမရှိတော့။ ဆမ်ကို ကြည့်ပြီး ဆမ့်ရင်ထဲမှ ဝေဒနာတွေကို သူ့ဝေဒနာတွေလို ခံစားရ၏။

“ကိုယ် သွားမှ ဖြစ်မယ် ဆမ်”

“ဘာဖြစ်လို့ လဲလို့ ဆိုနေ”

ဂျွန် အဝတ်အစားတွေထုပ်ပိုးဖို့ အိပ်ခန်းထဲ ဝင်သွားတော့ ဆမ် ဆောက်တည်ရာမရတော့။

“ဘာဖြစ်လို့ လဲဆိုတော့ ကိုယ် သွားချင်လို့ ပေါ့။ ဒါပဲ။ မင်း စဉ်းစားကြည့်လေ။ ကိုယ် ဒီမှာ ဆက်နေပြီး မင်းကို ဒီအတိုင်းဆက်ဆံနေရင် တရားရာကျပါ့မလား”

“ဆက်နေပါကိုရယ်….။ ကျွန်မ ကျေနပ်ပါတယ်။ ကျွန်မတို့ ညှိနှိုင်းကြတော့ပေါ့။ တကယ်ပါ …ဂျွန်ရယ်….ကျေးဇူးပြုပြီး….”

ပါးပြင်ပေါ်သို့ မျက်ရည်တွေ သွန်ကျလာပြန်သည် ။ ဂျွန်က အဝတ်အစားတွေကို ထုပ်ပိုးရင်း ရတ်ခြည်းမျက်နှာထား

တင်းသွားသည် ။ သူလည်း ဆောက်တည်ရာမဲ့စွာ လှုပ်ရှားနေမိ၏။ သူ၏ ထိန်းချုပ်မှုစွမ်းအားတွေ မပြိုလဲမီ သည် အခန်းထဲမှ အဆောတလျင် ထွက်ပြေးရတော့မည့် အလား။

ထို့နောက် ဆမ့်ဘက်သို့ ဆတ်ခနဲလှည့်ကာ

“တော်စမ်းပါကွာ။ သေတော့မှာ ပဲ။ တော်ပါတော့ ဆမ်ရယ်… တစ်ဆိတ် ကျေးဇူးပြုပြီး….”

“ဘာ ကျေးဇူးပြုရမှာ လဲ ဟင်၊ ပြောစမ်းပါဦး။ ခုနစ်နှစ် ခုနစ်မိုး ပေါင်းလာတဲ့ ကျွန်မ လင်၊ လက်မထပ်ခင် ငယ်းလ်မှာ တွဲခဲ့တာနဲ့ ဆို ဆယ့်တစ်နှစ်တိတိကြာအောင် ပေါင်းလာခဲ့တဲ့ ကျွန်မလင်က ကျွန်မကို စွန့်ပစ်သွားတဲ့ အတွက် ကျွန်မက ကျေးဇူးပြုပြီး မငိုရဘူးတဲ့ လား၊ ဟုတ်လား။”

“ဒါမှ မဟုတ်၊ ရှင့်ဘာသာရှင် မိန်းမပျက်တစ်ယောက်ဆီ ထွက်သွားတာကို အပြစ်ကျူးလွန်တယ်လို့ မထင်ရအောင် ကျွန်မက ကျေးဇူးပြုပြီး ကာကွယ်ပေးရမလား။ ရှင် လိုချင်တာဒါလား ဂျွန်။ ကျွန်မက ရှင့်ကို ဆုမွန်ကောင်းတောင်းပြီး ကူညီထုပ်ပိုးပေးစေချင်လို့ လား။ ဘုရား… ဘုရား။ ရှင်က ဒီအိမ်ထဲဝင် လာပြီး ကျွန်မဘဝကို တစ်စစီခြေမွပြီးမှ ကျွန်မဆီက ဘာများ ထပ်လိုချင်နေသေးသလဲ။ နားလည်မှုလား။ ကျေအေးမှုလား။ မရဘူး ရှင်ရေ့။ ဒါမျိုးတော့ မရဘူး မှတ်။ ကျွန်မမှာ ငိုရုံကလွဲလို့ ဘာမှ မတတ်နိုင်ဘူး။ အဲ….လိုအပ်မယ်ဆိုရင် ကျွန်မ ဒူးထောက်တောင်းပန်မယ်။ ရှိခိုးတောင်းပန်မယ်။ ကြားရဲ့ လားဟင်….ကျွန်မ ပြောနေတာကို”

ထို့နောက်တော့ ဆမ်သည် ကုလားထိုင်တစ်လုံးပေါ်သို့ အရုပ်ကြိုးပြတ်ထိုင်ချကာ သည်းသည်းထန်ထန် ငိုကြွေးနေမိ၏။

ထိုနေ့မှ စ၍ ဆမ်မန်သာတစ်ယောက် မျက်ရည်မစဲငိုပွဲဆင်ခဲ့ရလေသည် ။ သို့ပေမဲ့ ဂျွန်က သူ့ထံသို့ ပြန်လည်ဦးလှည့်ခြင်း မရှိတော့။ အောက်တိုဘာလထဲတွင် ဂျွန်သည် ဒိုမီနီကန်နိုင်ငံသို့ ရက်ရှည်ခရီးထွက်သွားသည် ။

ထိုနိုင်ငံတွင် ဆမ်နှင့် ကွာရှင်းခွင့်တောင်းပြီးနောက် ငါးရက်ကြာသောအခါ လစ်ဇ်နှင့် လက်ထပ်လိုက်တော့၏။ လစ်ဇ်တွင် ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်းကိုတော့ ဆမ် သိခွင့်ရခဲ့ပြီ။ ပထမဦးဆုံးအကြိမ် သည် သတင်းကိုကြားရစဉ်က ဆမ်မှာ ပါးစပ်အဟောင်းသားဖြစ်ခဲ့ရသည် ။ သည် သတင်းက သူ့အသည်းကို ဓားဖြင့် ခွဲလိုက်သည့် နှယ် ခံစားရ၏။ ညတစ်ည ရုပ်မြင်သံကြားသတင်း အစီအစဉ်၌ လစ်ဇ်က သူ၏ ဝမ်းကြာတိုက်တွင် ဂျွန်တေလာ၏ သန္ဓေသားငယ်ကို လွယ်ထားပြီဖြစ်ကြောင်း ထုတ်ဖော်ကြေညာသည် ကို ကြားရတော့ ဆမ်မန်သာမှာ ထိတ်လန့်တုန်လှုပ်မိလေသည် ။ ဪ....လက်စသတ်တော့ သည် လိုကိုး။ ဒါကြောင့် ဂျွန် သူ့ကို စွန့်ပစ်သွားခြင်းကိုး။

ကလေး....ရင်သွေး...သားငယ်။

သူ မပေးနိုင်ခဲ့သည့် အရာ။

သို့ပေမဲ့ ဂျွန် စွန့်ခွာသွားခြင်းသည် ရင်သွေးငယ်ကိစ္စတစ်ခုတည်းကြောင့် မဟုတ်ကြောင်း ဆမ် အချိန်မီ သိနားလည်လာသည် ။

သူတို့ အိမ်ထောင်ရေးတွင် သူ မသိမမြင်ခဲ့သည့် အရာတွေ အများကြီးပါလား။ တချို့ကိုတော့ သူ မမြင်မတွေ့မိအောင် ကြိုးစားနေခဲ့သည် ။ ဘာကြောင့် ဆို ဂျွန်ကို ချစ်လွန်းသောကြောင့် ပင်

ဖြစ်ပါသည် ။ ဂျွန်သည် သူ့အား ပြိုင်ဆိုင်စိတ်မွေးခဲ့၏။ သူ့လုပ်ငန်းတွင် အောင်မြင်နေသော ဆမ်ကို ရေရှည်တွင် အရှုံးပေးရလိမ့်မည်ဟု ဂျွန် စိုးရိမ်စိတ်ပိုခဲ့၏။

စင်စစ် ဂျွန်သည် နိုင်ငံတစ်လွှားတွင် ထင်ပေါ်ကျော်ကြားသော သတင်းကြေညာသူတစ်ဦး။ အော်တိုစာအုပ်ထဲတွင် သူ့လက်မှတ်ကလေး ထိုးပေးဖို့ အတွက် အချစ်တော်တွေ ဝိုင်းအုံခြင်းခံနေရသူ။ မည်သို့ပင်ဖြစ်စေ သူ့အောင်မြင်မှုတွေသည် တစ်နေ့တွင် အဆုံးသတ်ရမည် မုချ။ သည် တော့ သူ့နေရာတွင် လူစားထိုးကြမည်။ တန်ဖိုးထားမှုတွေ အပြောင်းအလဲကြီး ပြောင်းလဲကုန်မည်။ ထိုအခါ သူ့ဘဝသည် လည်း မလွဲမသွေ ပြောင်းလဲရတော့မည်။

တစ်ဖက်က ဆမ်အတွက်မူ အနေအထားက တစ်မျိုး။ ဆမ်က လက်ထောက်တီထွင်မှု ညွှန်ကြားရေးမှူး၊ သူတို့ ကုမ္ပဏီက အမေရိကတွင် ဒုတိယအကြီးဆုံး ကြော်ငြာကုမ္ပဏီကြီး။ အမှန်မှာ သူ့ရာထူးကလည်း ထာဝရတည်မြဲမည့် ရာထူးမျိုးမဟုတ်။ သို့ပေမဲ့ ဂျွန်၏ အနေအထားထက်တော့ အများကြီးခိုင်မာသည် ။ ယုတ်စွအဆုံး ဆမ် အလုပ်ပြုတ်သွားသည် ထားဦး။ ဆမ်၏ နောက်တွင် မှတ်တိုင်တွေ အများကြီးစိုက်ခဲ့သည် ။ ဆမ် တီထွင်ဖန်တီးခဲ့သော ကြော်ငြာတွေထဲတွင် အကောင်းဆုံးဆုရ ကြော်ငြာတွေမနည်းတော့။

ဆမ်သည် အခန်းထဲတွင် တစ်ကိုယ်တည်းအထီးကျန်စွာ ထိုင်ရင်း ဘဝကားချပ် အစိတ်အပိုင်းကလေးတွေကို ပြန်လည်သတိရ တွေးတောနေခဲ့၏။ ဂျွန်နှင့် ပြောခဲ့ဖူးသည့် စကားအစအနကလေးတွေကို ပြန်လည်အောက်မေ့ တသနေခဲ့၏။

"ဘုရား မ တာပဲ ဆမ်။ မင်းဟာ အသက်သုံးဆယ်မှာ ထိပ်တန်းကိုရောက်နေပြီ။ ကြည့်စမ်း၊ ဆုကြေးတွေပါ ပေါင်းလိုက်ရင် မင်းဝင်ငွေက ကိုယ့်ဝင်ငွေထက်တောင် များ နေပါပြီကော"

ခုတော့ ဆမ် သိနားလည် လာပြီ။ ဆမ်က သူ့ထက်ဝင်ငွေကောင်းနေခြင်းသည် ဂျွန်၏ အတ္တစိတ်ကို တရှရှ ကိုက်စားနေခဲ့ပါကလား။ သည် တော့ ဆမ်က ဘာလုပ်ရမလဲ။ အလုပ်က ထွက်ရမလား။ ဘာကိစ္စ အလုပ်မလုပ်ဘဲ နေရမလဲ။ နောက်ပြီး သူတို့ မှာ သားသမီးမထွန်းကားခဲ့။ သည့် အတွက် သားတစ်ယောက်မွေးစားဖို့ အကြံအစည်ကို ဂျွန်က အစဉ်တစိုက် ကန့်ကွက်ခဲ့၏။

"ကိုယ့် သွေးရင်းသားရင်းနဲ့ ဘယ်တူနိုင်ပါ့မလဲကွယ်"

"ဒါပေမဲ့ ကိုယ့်သားရင်းဖြစ်လာမှာ ပဲလေ။ မွေးစကလေးတစ်ယောက်ကို မွေးစားလိုက်ပါလားကွယ်။ ကလေးတစ်ယောက်ရှိနေတာဟာ အရာရောက်တယ်နော်။ ပြန်စဉ်းစားပါဦး အချစ်ရယ်....."

ဆမ်က အရောင်တဖျပ်ဖျပ် တောက်နေသည့် မျက်လုံးများ ဖြင့် ဆွေးနွေးနေသည့် တိုင် ဂျွန်က ခေါင်းကိုသာ တွင် တွင် ခါယမ်းခဲ့လေသည် ။ ခုတော့ သားရေးသမီးရေးကိစ္စနှင့် ပတ်သက်၍ ဂျွန်တစ်ယောက် မပူပန်ရတော့ဘူးပေါ့။ နောက်သုံးလလောက်ဆို သူတို့ ၏ သားဦးကလေးကို မွေးဖွားပေတော့မည်။ သူ့သွေး။ သူ့သား။ သည် အကြောင်းကို စဉ်းစားမိတိုင်း ဆမ်မန်သာ ရင်ပွင့်မတတ် နာကြည်းရလေသည် ။

အပေါ်ထပ် သူ့အခန်းရောက်တော့ အခန်းတံခါးဖွင့်သည် ။

စောစောက ကလေးကိစ္စကို မစဉ်းစားမိအောင် ကြိုးစားအာရုံလွှဲနေသည် ။ အခန်းထဲ လှမ်းဝင်လိုက်တော့ အောက်သိုးသိုးအနံ့တွေက ဆီးကြို၏။

ယခုရက်ပိုင်းများ အတွင်း တံခါးတွေကို အမြဲပိတ်ထားခဲ့သည် ။ အပူရှိန်ကလည်း ပြင်းလှသည် ။ အခန်းထဲရှိ ပန်းပင်တွေ အကုန်သေကုန်ပြီ။ ဆမ်က သည် အပင်တွေကို လွှင့်လည်း မပစ်မိ။ ရှင်သန်အောင် ပြုစုဖို့ လည်း သတိမရ။

သည် အခန်းကြီးကား ဥပေက္ခာအပြုခံရသည့် အခန်းကြီး။ အချစ်မဲ့သည့် အခန်းကြီး။ အသုံးမတည့်သည့် အခန်း။ သာမန်အဝတ်အစား လဲလှယ်ရုံမျှသာ အသုံးကျတော့သည့် အခန်း။ သည့် ထက် ဘာမျှမပိုတော့။

သည် အခန်းထဲတွင် ဆမ်မန်သာ ထမင်းဟင်းမချက်တော့။ တစ်ခါတစ်ရံ ကော်ဖီ ဖျော်ရုံမျှသာ။ နံနက်စာလည်း မစား။ နေ့လယ်စာကိုတော့ ရုံးမှာ စားသည် ။ ညစာစားဖို့ ကိုမူ အမေ့မေ့ အလျော့လျော့။ ဆာလွန်းမက ဆာလာလျှင် လမ်းတွင် အသားညှပ်ပေါင်မုန့် ဝယ်သည် ။ သွားရင်း လာရင်း ဘတ်စ်ကားပေါ်တွင် စားသည် ။ ချက်ပြုတ်စားဖို့ ကို စိတ်မဝင်စားတော့။ ပန်းကန်ခွက်ယောက်တွေကို ယောင်၍ ပင် မကိုင်မိ။

သူ့ခေါင်းထဲတွင် စိုးမိုးနေသည် က တစ်မျိုးတည်း။ သူ့ဘဝအကြောင်း။ သူ့ယောကျ်ားအကြောင်း။ သူ့ယောကျ်ားကို သူ မပိုင်ဆိုင်ရတော့သည့် အကြောင်း။

သည် အကြောင်းတွေ စဉ်းစားရင်း နာကြည်းသည် ။

နာကြည်းမှုတွေသည် ဒေါသအဖြစ်သို့ ကူးပြောင်းသည် ။ ဒေါသတွေသည် ဝမ်းနည်းမှုတွေအဖြစ်သို့ ပြောင်းလဲသည် ။ ဝမ်းနည်းမှုတွေက ကြေကွဲမှုများ အဖြစ်သို့ ကူးပြောင်းသည် ။ ကြေကွဲမှုတွေသည် ဒေါသများ အဖြစ် တစ်ဖန် ပြောင်းလဲ၏။ ခံစားချက်တွေ သိပ်သည်းပြင်းထန်လာတော့ နောက်ဆုံး ထုံလာသည် ။ ထိုင်းလာသည် ။ ဘာမျှ ခံစား၍ မရတော့။

စိတ်တွေ ထွေပြားလွန်းသဖြင့် တစ်ကြိမ်တွင် လုပ်ငန်းကိုပါ ထိခိုက်တော့မလိုဖြစ်ခဲ့ရ၏။ သူ့လုပ်သက်တစ်လျှောက်တွင် အကြီးကျယ်ဆုံးသော ကြော်ငြာတစ်ခု။ သည် ကြော်ငြာကိစ္စတစ်ခုလုံး အလွဲလွဲ အချော်ချော် ဖြစ်တော့မည့် ကိန်းနှင့် ကြုံခဲ့၏။ သူ့မှာ ရုံးခန်းတံခါးကို သော့ခတ်ပြီး လဲလျောင်းနေရသည် ။ ခေါင်းတစ်ခုလုံး မူးနောက်မူးဝေဖြင့် မေ့လဲတော့မလို ခံစားခဲ့ရ၏။

သည် လိုအချိန်မျိုးတွင် တစ်ယောက်ယောက်ကိုဖက်ပြီး အားပါးတရ ငိုကြွေးပစ်လိုက်ချင်သည် ။

သို့သော် သူ့တွင် သည် လို မှီခိုအားထားရမည့် သူ မရှိတော့။ သူ့ကို ဂရုတစိုက် ဖေးမမည့် သူ မရှိတော့။ သူ့ဖေဖေက ကျောင်းမှာ တုန်းကတည်းက ကွယ်လွန်ခဲ့ပြီ။ သူ့မေမေက အတ္တလန်တာမှာ နေသည် ။ မေမေ ချစ်သည့် ယောက်ျားတစ်ယောက်နှင့် ။

ခက်သည် က မေမေချစ်သည့် ယောက်ျားကို သူကြည့်၍ မရခြင်းပင်။ သည် လူက ဆရာဝန်တစ်ဦး။ ခပ်ကြွားကြွားလူ။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေသူ။ ဘာပဲဖြစ်ဖြစ် သူ့မေမေ ပျော်သည် ဆိုတော့ တော်သေးသည် ပေါ့။ ဆမ်ကတော့ မေမေ့ကိုလည်း တွယ်တာခြင်းမရှိ။ အားမကိုးမိ။ ဆမ်တို့ လင်မယားကွဲသည့် ကိစ္စကို

သိရတော့ မေမေက အားပေးနှစ်သိမ့်ခဲ့သည်။

သို့ပေမဲ့ ဆမ်၏ ကြေကွဲမှုကို လျော့ပါးစေအောင် မစွမ်းဆောင်နိုင်ခဲ့။ သူလိုလားတောင့်တသည့် အားပေးနှစ်သိမ့်မှုမျိုးမှာ မေမေ့ဆီကမှ မဟုတ်ဘဲ။ သူလိုလားတောင့်တသည် မှာ သူ့ချစ်လင်ထံမှ ။ နှစ်ပေါင်းများ စွာ အတူသွား၊ အတူလာ၊ အတူနေ၊ အတူစား၊ အတူအိပ်ခဲ့သည့် ချစ်လင်။ ခုတော့ သူသည် မရှိတော့။ ခွဲခွာသွားပြီ။ သည် အကြောင်းတွေ တွေးမိတိုင်း မျက်ရည်များက တားမနိုင် ဆီးမရ စိမ့်ထွက်လာစမြဲပါလားကွယ်။

သည် ညအဖို့ အေးလွန်းသည် ။ နွမ်းနယ်လွန်းသည် ။ တစ်ချိန်ကတော့ သည် အအေးတွေ သည် အနွမ်းတွေကို ဆမ်မန်သာ အမှုမထားခဲ့။

အပေါ်အင်္ကျီကို ချွတ်ပြီး ရေချိုးခန်းနံရံတွင် လှန်းထားလိုက်၏။ ဖိနပ်တွေ ချွတ်သည် ။ ငွေရောင်သန်းနေသည့် ရွှေဆံပင်တွေကို ဝက်မှင်ဘီးဖြင့် ဖြီးသင်သည် ။ ပြီးတော့ မှန်ထဲကြည့်လိုက်၏။ ဘာကိုမျှ မည်မည်ရရ မမြင်ရ။ သူ့ကိုယ်ပေါ်မှ အဖိုးတန် အဝတ်အစားတွေကို တစ်လွှာပြီးတစ်လွှာ ခွာချသည် ။

ကြေကွဲဝမ်းနည်းရိပ်တွေ လွှမ်းပြီး စိတ်ညစ်ညူးနေသည့် တိုင်ဆမ်မန်သာကား လှပနေဆဲ။ ရုံးအသိုက်အဝန်းကမူ သူ့ကို “အကျိုးနည်းလှသည့် မိန်းမ” ဟု ချီးပကြသည် ။

ရေဘုံပိုင် ခေါင်းကိုဖွင့်ပြီး အစိမ်းရင့်ရောင် ကြွေဇလုံကြီးထဲသို့ ရေနွေးများ ဖြင့် ဖြည့်လိုက်၏။ ကြွေဇလုံကြီးထဲတွင် အငွေ့တထောင်းထောင်းထ ရေနွေးများ ပြည့်သွားတော့ ဖြည်းလေးစွာ လှမ်းဝင်၏။ ထို့နောက် ဇလုံကြီးထဲတွင် အသာအယာ လဲလျောင်းကာ

မျက်စိတွေကို စုံမှိတ်ထားလိုက်၏။

ယာယီအားဖြင့် ရေထဲတွင် ပေါလောပေါ်နေသည် ဟု ခံစားရသည် ။

သူ့တွင် အတိတ်မရှိ။ အနာဂတ်မရှိ။ ဝေဒနာမရှိ။ သောကမရှိဟု ထင်မြင်မိသည် ။

သို့ပေမဲ့ ပစ္စုပ္ပန်ခံစားမှုတွေက တဖြည်းဖြည်း တစိမ့်စိမ့် ပြန်လည်ဝင်ရောက်လာပြန်သည် ။

လောလောဆယ် သူ တာဝန်ခံဖန်တီးနေရသည့် ကြော်ငြာတွေမှာ မော်တော်ကား ကြော်ငြာတွေ။ လွန်ခဲ့သည့် ဆယ်နှစ်ခန့်ကတည်းက သူတို့ ကြော်ငြာဌာနမှ တာဝန်ယူကြော်ငြာပေးသည့် မော်တော်ကားတွေ။ လတ်တလောအားဖြင့် သည် ကြော်ငြာတွေထဲတွင် သူ့အာရုံကို မြှုပ်နှံလို့ မရ။ ခေါင်းထဲပေါ်သမျှ စိတ်ကူးတွေမှာ လည်း တစ်ခုမျှ အပေါက်အလမ်းမတည့်။ သူ့စိတ်တွေ မည်ရွေ့ မည်မျှ ကြာသည် အထိ ဆက်လက်လေလွင့်နေဦးမည်မသိ။ လုပ်ငန်းထဲတွင် ပြန်ပြီးအာရုံစိုက်လို့ မှ ရပါတော့မည်လား။

ရှည်လျားသော ဆံကေသာများကို ခေါင်းထက်တွင် ခုထုံးထားပြီး ကြွေဇလုံကြီးထဲမှ လှမ်းထွက်လိုက်၏။ သူ့တစ်ကိုယ်လုံးကို ရောမ မွေးပွတဘက်ကြီးဖြင့် လွှမ်းပတ်သည် ။ ထို့နောက် ဖိနပ်မပါဘဲ သူ့အခန်းထဲသို့ ဝင်ခဲ့သည် ။

အဝါရောင်တောက်တောက် ပန်းပွင့်ကြီးများ ဖြင့် လှပလွန်းသော အိပ်ရာဖုံးကြီး လွှမ်းထားသည့် ခုတင်ဘေးသို့ ရောက်လာသည် ။ အလျင်ကတော့ သည် အခန်းထဲဝင်လာလျှင် ပန်းခြံတစ်ခုထဲ ရောက်နေသည့် နှယ်။ ဆမ်မန်သာ မြတ်မြတ်နိုးနိုး အပတ်တကုတ် ပြုပြင်ခြယ်သခဲ့သည့် အခန်း။ အခုတော့ သည် အခန်းကို ဆမ်

မုန်းနေပြီ။ မုန်းပေမယ့်လည်း သည် အခန်းထဲမှာ ပင် တစ်ညပြီးတစ်ည တစ်ကိုယ်တော် မေးမို တ်ရသည် မှာ ကြာတောင့်ကြာရှည် ရှိခဲ့ပါပြီကော။

တကယ်တော့ သူ့အား စိတ်ဝင်စားသူ လုံးဝမရှိ၍ မဟုတ်။ သူ့အား ကမ်းလှမ်းလာသူတွေ၊ ချဉ်းကပ်ဖိတ်ခေါ်သူတွေ ဒုနဲ့ ဒေး။ သို့သော် ဆမ်ကိုယ်တိုင်က ဘာကိုမျှ စိတ်ဝင်စား၍ မရနိုင်ပါ။ ဘယ်သူ့ကိုမျှ နောက်ထပ်ယုယမြတ်နိုးခြင်း မပြုလိုတော့။ အသည်းတံခါးကို သော့ခတ်ပိတ်ထားလိုက်မိပြီ။

ခုတင်စွန်းတွင် ထိုင်ရင်း ညင်ညင်သာသာ သမ်းဝေမိသည် ။ သြော်... သည် နေ့ နံနက်စာကော ညစာကော လွတ်သွားပါကလား။ နေ့လယ်စာကိုသာ အသားညှပ်ပေါင်မုန့်နှင့် ကြက်ဥနှင့် စားခဲ့ရသည် လေ။ ထိုအခိုက် အောက်ထပ်မှ လူခေါ်ခေါင်းလောင်းသံ ကြားရသည် ။ ခုတင်စွန်းမှ ခုန်ထကာ ပိုးပျော့ဝတ်စုံကို ကမန်းကတန်းဝတ်သည် ။ ခေါင်းလောင်းသံ နောက်တစ်ကြိမ်အမြည်တွင် အိမ်တွင်းစကားပြောစက်ဆီသို့ ပြေးသွားလျက်....

"ဘယ်သူလဲ"

"ပိုးနံ့ကောင်လေး တစ်ကောင်လေ။ တို့ တက်ခဲ့ရမလား"

ရုတ်တရက်ဆိုတော့ စကားပြောစက်ထဲတွင် ကြားရသည့် အသံကို ချက်ချင်း မမှတ်မိ။ ပြီးမှ ခပ်ဟက်ဟက် ရယ်မောလိုက်၏။ သည် တဒင်္ဂတွင် တော့ ဆမ်မန်သာ၏ ပင်ကိုဟန်ကလေး ပေါ်လာသည် ။ မျက်လုံးတွေက အရောင်တဖျပ်ဖျပ်။ ရေနွေးစိမ်ထားသည့် အရှိန်ဖြင့် ပါးကလေးတွေက နီနီထွေးထွေး။ လပေါင်းများ စွာအတွင်း သူ့ရုပ်သွင်သည် နုပျိုလန်းဆတ်လာယောင်ရှိ၏။ သူက နံရံတွင်

မြှုပ်ထားသည့် စကားပြောခွက်ထဲသို့ ကျယ်ကျယ်အော်ထည့်လိုက်သည် ။

"ချာလီ....ရှင် ဒီမှာ ဘာလာလုပ်နေတာလဲ"

"ချမ်းလွန်းလို့ မေးခိုက်ခိုက်တုန်နေတာဗျ။ တို့ ကို တက်လာခွင့်ပြုမှာ လား"

ဆမ် ရယ်မောလိုက်ပြန်သည် ။ ထို့နောက် တံခါးဖွင့်ခလုတ်ကို နှိပ်လိုက်၏။ ခဏကြာတော့ လှေကားပေါ်တွင် ပြေးတက်လာသည့် ခြေသံတွေကြားရသည် ။

ဆမ်၏ အခန်းဝရောက်လာသော ချားလ်ပက်တာဆင်သည် ကရိန်းဟာပါနှင့် လော့ ကြော်ငြာကုမ္ပဏီကြီးမှ အနုပညာပိုင်းဆိုင်ရာ ညွှန်ကြားရေးမှူးတစ်ဦးနှင့် မတူတော့ဘဲ သစ်ခုတ်သမားတစ်ဦးပုံပေါက်နေသည် ။ သူ့မျက်နှာက ပြည့်ဖြိုးသည် ။ ကောင်လေးတစ်ယောက်၏ မျက်နှာမျိုး။ မျက်လုံးညိုညိုတွေက ချိုချိုကြည်ကြည်။ ကပိုကရိုဖြစ်နေသော ဆံပင်တွေသည် နက်မှောင်နေ၏။ မုတ်ဆိတ်မွေးထူထူပေါ်တွင် မြူနှင်းတွေ ကပ်ငြိလျက်။ သူက မိုးဒဏ်နှင့် အအေးဒဏ်ထက် လှေကားပေါ်ပြေးတက်လာသည့် ဒဏ်ကို ခံစားနေရသည့် အလား အသက်ရှူမှန်အောင် မနည်းကြိုးစားနေရသည် ။

"တဘက် တစ်ထည်လောက် ပေးစမ်းပါဦး"

ဆမ်က ရေချိုးခန်းသို့ ကမန်းကတန်းသွားပြီး မွေးပွတဘက် ထူထူကြီးတစ်ထည် ယူပေးသည် ။ ချာလီအပေါ် အင်္ကျီချွတ်သည် ။ ပြီးတော့ တဘက်ဖြင့် မျက်နှာကိုကော မုတ်ဆိတ်မွေးကိုပါ သုတ်သည် ။ သူ ဆောင်းထားသည့် နွားကျောင်းသား ဦးထုပ်ကြီးပေါ်မှ ရေတွေသည်

ကြမ်းခင်းပြင်သစ်ကော်ဇောပေါ်သို့ တစ်စက်စက် ယိုကျနေ၏။

"ဩော်….ကျွန်မ ကော်ဇောပေါ်ကို ရှုရှုတွေ ပန်းချနေပြီပေ့ါလေ"

"အား၊ ညည်း ပြောမှ သတိရတယ်။ ကော်ဖီလေးတစ်ခွက်လောက် တိုက်နိုင်မလား"

"ဖြစ်ပါတယ်"

ဆမ်က သူ့အား ထူးထူးဆန်းဆန်း စူးစူးစမ်းစမ်း ကြည့်သည် ။

ဘာများ ပြဿနာပေါ်လာပါလိမ့်။ အလျင်ကဆို သည် အခန်းကို ချာလီ တစ်ခါနှစ်ခါပဲ လာဖူးသည် ။ ဒါကလည်း အရေးတကြီးကိစ္စ တစ်ခုခုပြောစရာရှိနေပါမှ လာတတ်ခြင်း။

"ကြော်ငြာအသစ်ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မသိထားသင့်တဲ့ ပြဿနာများ ရှိလို့ လားဟင်"

ဆမ်က သောကလွှမ်းသောအကြည့်ဖြင့် မီးဖိုခန်းထဲမှ လှမ်းမေး၏။ သည် တော့ ချာလီ ပြုံးသည် ။ ခေါင်းခါသည် ။ ပြီးတော့ ဆမ် ရှိသည့် နေရာသို့ လိုက်သွားသည် ။

"မရှိ။ နောက်ပြီး ဘာမှ လည်း မဖြစ်။ ဒီတစ်ပတ်လုံး ဆမ် လုပ်သမျှ အကုန်အမှန်ချည်းပဲ။ ဒီကြော်ငြာက အုတ်အုတ်ကျက်ကျက် ဖြစ်ဦးမှာပါ"

"ကျွန်မလည်း ဒီလိုပဲထင်ပါတယ်ရှင်"

ဆမ်က ကော်ဖီဖျော်ရင်း သဲ့သဲ့ပြုံး၏။ နောက်ပြီး တစ်ဦးနှင့် တစ်ဦး လှိုက်လှိုက်လှဲလှဲ အပြုံးချင်း ဖလှယ်မိကြ၏။

သူတို့ နှစ်ယောက် မိတ်ရင်းဆွေရင်း ဖြစ်ခဲ့သည် မှာ

ငါးနှစ်လောက်ရှိပြီး ကျော်ကြားပေါင်း မြောက်မြားစွာကို အတူလက်တွဲပြီး လုပ်ခဲ့ကြ၏။ အကောင်းဆုံးကျော်ကြားဆုတွေကို အတူရခဲ့ကြ၏။ တစ်ယောက်နှင့် တစ်ယောက် မခံချင်အောင် စလိုက်ကြ၊ နောက်လိုက်ကြနှင့် နံနက်လင်းအားကြီး လေးနာရီထိုးသွားသည် အထိလည်း အတူတူအလုပ်လုပ်ခဲ့ဖူးကြ၏။ သူတို့ နှစ်ယောက်ကား သူတို့ ကုမ္ပဏီ၏ တီထွင်မှုညွှန်ကြားရေးမှူး ဟာဗီမက်ဆွဲလ်၏ မွေးစားသမီးနှင့် မွေးစားသားသဖွယ် ဖြစ်နေလေသည် ။

ဟာဗီက သူတို့ နှစ်ယောက်ကို လုပ်ပိုင်ခွင့်တွေပေးထားသည် ။ သူတို့ နှစ်ယောက်တီထွင်သမျှ ကျော်ကြားတွေကို တပြုံးပြုံးဖြင့် ထိုင်ကြည့်နေတတ်၏။ ကိုယ်ပိုင်အစွမ်းအစဖြင့် တီထွင်ဖန်တီးခွင့်ပေးထားသည် ။

နောက်တစ်နှစ်ဆိုလျှင် ဟာဗီက လုပ်ငန်းခွင်မှ အနားယူတော့မည်။ သူ အနားယူလျှင် သူ့နေရာကို ဆမ်မန်သာပဲ ဆက်ခံရလိမ့်မည်ဟု လူတိုင်းက တွက်ထားကြသည် ။ ထိုအထဲတွင် ဆမ်မန်သာကိုယ်တိုင်လည်း ပါဝင်၏။ အသက်သုံးဆယ့်တစ်နှစ်အရွယ်တွင် တီထွင်မှုညွှန်ကြားရေးမှူး ရာထူးကိုရခြင်းမှာ နှယ်နှယ်ရရ မဟုတ်ပါချေ။

“ကဲ....ဆိုစမ်း၊ ကျွန်မ မသိရသေးတာ ဘာတွေရှိသေးလဲ။ မနက်ကတည်းက ရှင်နဲ့ မတွေ့ရသေးဘူး။ ဟို....ဝါ့ဇ်ဟိုင်မာ ကျော်ကြာကိစ္စက ဘာတဲ့ လဲ”

ချာလီက လက်နှစ်ဖက် ဖြန့်ပြ၏။

“မတတ်နိုင်ဘူးလေ။ စိန့်လူဝီမှာ အကြီးဆုံးစတိုးဆိုင်ကြီး ဖြစ်တယ်။ ငွေလည်း ရှိတယ်။ ဒါပေမဲ့ ကျော်ကြာသဘောကို နားမလည်ဘူး။ အဲဒါ

တို့ များက ဘာထပ်လုပ်ပေးနိုင်ဦးမှာ လဲ”

“လွှန်ခဲ့တဲ့ တစ်ပတ်က ကျွန်မတို့ တင်ပြတဲ့ ငန်းဖြူကြီးတွေပုံနဲ့ ကြော်ငြာကကော”

“မကြိုက်ဘူးတဲ့ ဗျာ။ သူတို့ က ထင်းခနဲ လင်းခနဲ ကြော်ငြာမျိုး လိုချင်သတဲ့ လေ။ ငန်းတွေက ပြိုးပြိုးပြက်ပြက် မရှိဘူးတဲ့ ”

ဆမ်က မျက်လုံးတွေကို ကလည်ကလည် လုပ်လိုက်၏။ ပြီးတော့ သားငါးတင်သည့် စားပွဲကြီးပေါ်တွင် တင်ပါးလွှဲထိုင်သည် ။ ချာလီက ဆမ်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တစ်လုံးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်သည် ။

ထူးတော့ ထူးဆန်းသား။ သူတို့ နှစ်ယောက် အတူတွဲအလုပ်လုပ်ခဲ့ကြသည် မှာ နှစ်ပေါင်းများ စွာ ကြာခဲ့ပြီ။ အတူ ခရီးသွားခဲ့ကြ၏။ လေယာဉ်တစ်စီးတည်းပေါ်တွင် ညအိပ်ခဲ့ကြ၏။ နာရီပေါင်းများ စွာ အကြိတ်အနယ် စကားပြောခဲ့ကြ၏။ သို့သော် ချာလီပက်တာဆင် စိတ်ဝင်စားလာအောင် ဆမ် တစ်ကြိမ်တစ်ခါမျှ မကြိုးစားခဲ့စဖူး။ စင်စစ် ချာလီသည် သူ့မိတ်ဆွေ။ သူ့ရောင်းရင်း။ သူ့အစ်ကို။

နောက်ပြီး ချာလီက အိမ်ထောင်သည် ။ ချာလို့မိန်းမ မယ်လင်ဒါ (မယ်လီ)ကို ချာလီ ချစ်သလို ဆမ်လည်း ချစ်၏။ မယ်လီက အိမ်ရှင်မကောင်းတစ်ယောက်။ မယားဝတ္တရား ကျေပွန်သူ။ သူတို့ တွင် သားယောက်ျားလေး သုံးယောက်ရှိသည် ။ မယ်လင်ဒါနှင့် ဆမ်မန်သာသည် စရိုက်သဘာဝအားဖြင့် မတူ။ များ စွာ ခြားနားကြ၏။ သို့သော် သိမ်မွေ့ပုံချင်းတော့ တူသည် ။ ရဲဝံ့ပြတ်သားခြင်းနှင့် အတူ နူးညံ့မှုရှိသည် ။ သည် အရည်အချင်းတွေကို ချာလီက တန်ဖိုးထားသည်

။ ချာလီက သူ့နည်းသူ့ဟန်ဖြင့် ဆမ်ကို မြတ်နိုးသည် ။ ခင်မင်သည် ။

ဂျွန်တစ်ယောက် ဆမ့် အပေါ် ပစ်ပစ်ခါခါ သစ်စိမ်းချိုး ချိုးသွားတော့ ချာ လီ မှာ ရင်ထဲ အသည်းထဲအထိ တုန်လှုပ်သွားသည် ။ သူက နဂိုကတည်းက ဂျွန်တေလာကို ကြည့်၍ ရသူမဟုတ်။ ဂျွန်၏ အတ္တကြီးမားမှုကို မကြာမကြာ ထောက်ပြဝေဖန်ခဲ့၏။ နောက်ဆုံး ဂျွန်၏ လုပ်ရပ်တွေက ချာလီ့ယူဆချက် မှန်ကန်ကြောင်း သက်သေထူသလို ဖြစ်သွားသည် ။

မယ်လင်ဒါကတော့ နှစ်ဖက်စလုံးကို စာနာ နားလည်နိုင်ဖို့ ကြိုးစားခဲ့၏။ သို့သော် ဂျွန်ဘက်မှ ရှေ့နေလိုက်သည့် စကားဆိုလျှင် ချာလီ လုံးဝနားမထောင်ခဲ့။ သူက ဆမ်အတွက် စိုးရိမ်ပူပန်မိသည် ။ လွန်ခဲ့သည့် လေးလအတွင်း ဆမ်၏ အခြေအနေမှာ ဆိုးဆိုးရွားရွား ဖြစ်နေသည် ။ ဒါက သိသာမြင်သာသည့် အချက်များ ၊ ဆမ်သည် လုပ်ငန်းပိုင်းတွင် အရည်အသွေး ကျလာသည် ။ သူ့မျက်လုံးတွေက အသက်ကင်းမဲ့နေ၏။ သူ့မျက်နှာမှာ ပါးချောင် နားချောင်ကျလျက်။

"အခု ဘာလုပ်နေတာလဲ မရှေ့ချော။ တို့ အခုလို အချိန်မတော်ကြီးလာတာ
အနှောင့်အယှက်မဖြစ်တန်ကောင်းပါဘူးနော်"

"မဖြစ်ပါဘူး" ချာလီအတွက် ကော်ဖီတစ်ခွက်ငှဲ့ထည့်ပေးရင်း ဆမ်ပြုံးသည် ။ "ရှင် ဘယ်လိုဖြစ်ပြီး ရောက်လာတယ်ဆိုတာကိုပဲ အံ့ဩနေတာပါ။ ကျွန်မအခြေအနေကို လာပြီး ကင်းထောက်တာလား"

"ဆိုပါတော့။ ဒီလိုလုပ်မိတဲ့ အတွက် အဓိက စိတ်ကောဆိုးမှာ လားဟင်"

သူ့မျက်လုံးတွေ နူးညံ့သိမ်မွေ့နေ၏။

ဆမ် ကြေကွဲစွာ မော့ကြည့်သည် ။ ချာလီက အမျိုးသမီးကို ရင်ခွင်ထဲ ပွေ့ဖက်အားပေး နှစ်သိမ့်လိုက်ချင်၏။

"ဘာဖြစ်လို့ စိတ်ဆိုးရမှာ လဲ ရှင်ရယ်။ ကျွန်မအပေါ် ဂရုတစိုက်ရှိတဲ့ လူတစ်ယောက်ရှိနေသေးကြောင်း သိရတာ ဝမ်းသာစရာမကောင်းပေဘူးလား"

"တို့ က ဂရုစိုက်တယ်ဆိုတာတော့ ညည်း သိပါတယ်လေ။ ညည်း သိသလို မယ်လီလည်း သိပါတယ်"

"ဟုတ်ပါတယ်။ မယ်လီကော ဘယ့်နှယ်လဲ။ ကျန်းကျန်းမာမာပဲလား"

ချာလီ ခေါင်းညိတ်၏။ သည် သို့သော အကြောင်းကိစ္စတွေကို သူတို့ နှစ်ယောက် အလုပ်ထဲတွင် ပြောဖို့ အချိန်မရကြ။

"နေကောင်းပါတယ်"

ချာလီဖြေ၏။ ပြီးတော့ သူ ပြောချင်သည့် စကားကို ဘယ်လိုစပြောရပါ့ဟု အကြံရခက်နေသည် ။ လွယ်လွယ်နှင့် တော့ ပြောလို့ ရမည်မထင်။ ဆမ်တစ်ယောက် လိုလိုချင်ချင် ရှိလိမ့်မည်မဟုတ်။

"ဒီတော့....ပြောလေ။ ဘာပြောစရာရှိလဲ" ဆမ်မန်သာက ရုတ်တရက် ခပ်မြူးမြူး လှမ်းကြည့်သည် ။ ချာလီ မသိကျိုးကျွန်လုပ်နေတော့ ဆမ်က သူ့မှတ်ဆိတ်မွေးကို ဆွဲလိမ်မည်။ "ရှင် ပြောချင်တာ တစ်ခုခုရှိနေတယ်မဟုတ်လား။ ဘာလဲ၊ ပြော"

"အဓိက ဘယ်လိုလုပ်ပြီး ပြောနိုင်လဲ"

"အိုး….ရှင်းနေတာပဲ။ အပြင်မှာ မိုးရွာနေတယ်။ သွေးခဲမလောက် အေးနေတယ်။ နောက်ပြီး သောကြာနေ့ည။ ဒီလိုအချိန်၊ ဒီလိုညမျိုးမှာ ရှင်ဟာ နွေးထွေးတဲ့ ရှင့်မိန်းမနဲ့ သားသုံးယောက်နဲ့ အတူရှိနေသင့်တာ။ ဒီတော့ ရှင်ကျွန်မဆီလာတာ ကျွန်မနဲ့ အတူ ကော်ဖီတစ်ခွက် သောက်ရုံသက်သက်ပါလို့ ပြောဖို့ မဖြစ်နိုင်ဘူးထင်တယ်"

"ဘာလို့ မဖြစ်နိုင်ရမှာ လဲ။ ညည်းက တို့ ရဲ့ ကလေးတွေထက် အများကြီးပိုပြီး စွဲမက်စရာကောင်းတာပဲ။ ဒါပေမဲ့…" တဒင်္ဂမျှ တုံ့ဆိုင်းနေသည် ။ "ညည်း ပြောတာ မှန်ပါတယ်။ တို့ ဒီကိုလာတာ ခရီးသွားဟန်လွှဲ ကြုံလို့ ဝင်လာတာ မဟုတ်ဘူး ။ အမိနဲ့ စကားပြောချင်လို့ တမင်လာခဲ့တာ"

ဩော်….ဒုက္ခ။ ပြောရ တော်တော်ခက်ပါကလား။ ဘယ်လိုဘယ်ပုံများ ပြောရပ့ါမလဲ။ ပြောပြလျှင်လည်း ဆမ်သည် ဘယ်လိုမျှ နားလည်သဘောပေါက်လိမ့်မည် မဟုတ်။

"ပြီးတော့ကော လုပ်လေ၊ ပြောစရာရှိတာ ဟောဟောဒိုင်းဒိုင်း ဖွင့်ချလိုက်စမ်းပါ"

ဆမ်၏ မျက်လုံးတွေထဲတွင် လှောင်ထေ့ကြည့်ကလေး ရိပ်ခနဲ ဖြတ်ပြေးသွားသည် ။ ဆမ်ထံတွင် သည် အကြည့်မျိုးကို မတွေ့ရသည်မှာ ကြာမြင့်ကြာရှည်ရှိခဲ့ပြီ။

"ကဲ….ဆမ်….."အသက်ကို တဝကြီး ရှူလိုက်၏။ ဆမ့်မျက်နှာကို စေ့စေ့စပ်စပ်ကြည့်၏။ "ဟာဗီနဲ့ တို့ ပြောနေကြတာ…."

"ကျွန်မ အကြောင်းလား"

အမျိုးသမီးရင်ထဲတွင် တင်းကျပ်သွားဟန်ရှိသည် ။ သို့တိုင်

ချာလီခေါင်းညိတ်ပြပြီး ဆက် ပြောသည် ။ ခုတော့ သူ့အကြောင်း သတင်းလုပ် ပြောသူတွေကို ဆမ် မုန်းတီးနေပြီ။ ဘာ့ကြောင့် ဆို သူတို့ အားလုံး သူ့အကြောင်းကို အမြဲပြောနေကြသည် ။ ဂျွန်၏ လုပ်ရပ်တွေ အကြောင်းပဲ အမြဲပြောနေကြသည် ။

"ဟုတ်တယ်၊ ညည်းအကြောင်းပဲ"

"ဘာဖြစ်လို့ လဲဟင်၊ ဒီထရွိုက်ကိစ္စလား။ ကျွန်မ အထင်တော့ ကျွန်မရဲ့ စိတ်ကူးရပ်ပုံကို သူ ကောင်းကောင်း ပုံမဖော်သေးဘူးနဲ့ တူတယ်။ ဒါပေမဲ့...."

"ဒီထရွိုက် ကိစ္စ မဟုတ်ဘူး ဆမ်၊ ညည်းကိစ္စ"

"ကျွန်မကိစ္စ ဟုတ်လား"

သည် ကိစ္စက ပြီးဆုံးလွန်မြောက်ခဲ့ပြီဟု သူ ထင်ထားခဲ့သည် ။ သူ့အကြောင်းကို သူတို့ တစ်တွေ ပြောစရာကုန်သွားပြီဟု ယူဆထားခဲ့သည် ။ စင်စစ် နောက်ထပ်ပြောစရာလည်း မကျန်တော့။ ခွဲခွာခြင်းဇာတ်လမ်းက အဆုံးသတ်သွားပြီ။ ကွာရှင်းပြတ်စဲမှုလည်း ပြုလုပ်ပြီးပြီ။ နောက်ဆုံး ဂျွန်က နောက်မိန်းမတစ်ယောက်ပင် ယူသွားပြီမဟုတ်လား။ သူက သည် လောကဓံတရားတွေကို ကြံ့ကြံ့ခံရင်ဆိုင်အနိုင်ယူခဲ့သည် ။ သည် တော့ ဘာဖြစ်သေးလဲ။

"ကျွန်မ အခြေအနေက ဒေါင်ဒေါင်မြည်ပဲ"

"တကယ်ပဲလား။ ကြားရတာ အံ့စရာပဲ" သူက ဆမ်ကို ခံစားချက်အပြည့်ဖြင့် ကြည့်သည် ။ သည် ခံစားချက်ထဲတွင် ဂျွန် အပေါ်ထားရှိသည့် ဒေါသစိတ်ကလေး စွက်နေသည် ။ "ဒီမယ် ဆမ်၊ ညည်း နေရာမှာ သာ တို့ ရှိနေရင်တော့ ညည်းလို ဒေါင်ဒေါင်မြည်

နေနိုင်မယ်မထင်ဘူး”

“ဩော်….ဒါကတော့ ကျွန်မမှာ ရွေးစရာလမ်းမှ မရှိဘဲကိုရှင်။ နောက်ပြီး ကျွန်မက ရှင့်ထက်ပိုပြီး စိတ်ခိုင်တာကိုးရှင့်”

ချာလီ ညင်သာစွာ ပြုံး၏။

“ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ညည်း ကိုယ် ညည်း ထင်ထားသလောက်လည်း မမာသေးပါဘူးလေ။ ညည်း ဘာဖြစ်လို့ ခဏတစ်ဖြုတ် အနားမယူတာလဲ ဆမ်”

“ဒါက ဘာအဓိပ္ပာယ်လဲ ချာလီ၊ မီယာမီကမ်းခြေသွားပြီး တုံးလုံးလှဲနေရမှာ လား”

“ဘာဖြစ်လို့ မသွားဘဲ နေရမှာ လဲ”

ချာလီ အပြုံးတစ်ခုကို ဖျစ်ညှစ်ဖန်တီး၏။ ဆမ်က သူ့ကိုကြည့်နေသည် ။ တုန်လှုပ်စွာ။ မျက်နှာပေါ်သို့ စိတ်ဆင်းရဲမှုတွေ ကြွတက်လာ၏။

“ရှင် ဘာပြောနေတာလဲဟင်။ ဟာဗီက ကျွန်မကို အလုပ်ဖြုတ်ပစ်လိုက်ပြီလား၊ ဟုတ်လား။ သူက ရှင့်ကို လွှတ်ပြီး အမိန့်တော် ပြန်ခိုင်းလိုက်တာလား ချာလီ။ ကျွန်မက ခါတိုင်းလို တက်တက်ကြွကြွမရှိတော့လို့ ကျွန်မကို မလိုချင်တော့ဘူးတဲ့ လား၊ ဟုတ်လား”

သည် မေးခွန်းတွေကို ဖွင့်မေးရရုံဖြင့် သူ့မျက်ဝန်းဝယ် မျက်ရည်တွေလျှံလာသည် ။

“ဘုရားရေ၊ ရှင်တို့ က ကျွန်မကို ဘယ်လိုများ နေစေချင်လို့ လဲ ဟင်။ ကျွန်မမှာ ဖြင့် အဖြစ်ဆိုးနဲ့ ကြုံနေရတဲ့ အချိန်။ ဒီအချိန်မျိုးမှာ …..”

မျက်ဝန်းဝယ် ပြည့်လျှံနေသည့် မျက်ရည်များက သူ့စကားလုံးများကို ဖြတ်တောက်ပစ်လိုက်၏။ ထိုင်ရာမှ ကသောကမျော မတ်တတ်ရပ်သည် ။

"ကျွန်မ ဘာမှ မဖြစ်ဘူး။ သေတော့မှာ ပဲ။ ကျွန်မက ဒေါင်ဒေါင်မြည်နေတာရှင့်။ ဘာကိစ္စ ကျွန်မက...."

ချာလီ ကြင်နာစွာ ကြည့်၏။ ပြီးတော့ သူ့လက်မောင်းနှစ်ဖက်ကိုဆွဲပြီး မူလနေရာတွင် ပြန်ထိုင်ခိုင်းသည် ။

"ရှေ့ လောမကြီးစမ်းပါနဲ့ ဆမ်ရယ်။ အားလုံး အဆင်ပြေနေပါတယ်"

"သူ ကျွန်မကို အလုပ်ဖြုတ်လိုက်ပြီတဲ့ လား ချာလီ"

တစ်စက်တည်းသော မျက်ရည်ဥကြီးသည် ပါးပြင်ပေါ်သို့ ကြေကွဲစွာ လိမ့်ကျလာသည် ။ သို့သော် ချာလီက ခေါင်းယမ်းပြသည် ။

"မဖြုတ်ဘူး ဆမ်၊ မဖြုတ်ပါဘူး"

"ဒါပေမဲ့ ရှင် ပြောတော့...."

သူ သိနေသည် ။ သူ ကြိုတင်ပြီး သိနေပါပြီ။

"သူ့ဆန္ဒက ညည်း ခဏတစ်ဖြုတ် ခရီးထွက်စေချင်တယ်။ စိတ်အပန်းဖြေ သဘောပေ့ါကွယ်။ ဒီထရှိုက် ကြော်ငြာကိစ္စနဲ့ ပတ်သက်လို့ ညည်းလုပ်ပေးထားတာ တော်တော်လေး ပြည့်စုံနေပြီ။ ဒီတော့ ညည်း ခရီးထွက်နေခိုက်မှာ ဒီကိစ္စကို တို့ နှစ်ယောက် ဆက်လုပ်သွားလို့ ရတယ်။ နောက်ပြီး အဘိုးကြီးလည်း စိတ်ပြောင်းစိတ်လွဲကလေးဖြစ်သွားအောင် အလုပ်ကိစ္စလေး ဘာလေးစဉ်းစားပါစေဦး။ ဒါလေးလုပ်ရလို့ ဒီအဘိုးကြီး

သေမသွားနိုင်ပါဘူး။ ဒီတော့ ညည်းမရှိပဲ တို့ နှစ်ယောက် ဆက်လုပ်နိုင်ပါတယ်။ လိုအပ်တဲ့ အချိန်အထိ လုပ်ပ့ါမယ်”

“ဟာ....ပေါက်တတ်ကရလား ချာလီရယ်။ ဒီလိုလုပ်ဖို့ မလိုပါဘူး”

“ဟုတ်လား”

ချာလီက ဆမ်အား အကြာကြီး စိုက်ကြည့်နေ၏။ မာကျောသောမျက်လုံးများ ဖြင့်.....

“ဒါဟာ ပေါက်တတ်ကရ ဆမ်။ ဒီလိုဝေဒနာတွေ ဖိစီးနေတဲ့ ဒဏ်ကို ညည်း ဒူးညွတ်မကျဘဲ ကြာရှည်ခံနိုင်ပ့ါမလား။ ကိုယ့်မျက်စိရှေ့မှာ တင် လင်က တခြားမိန်းမတစ်ယောက်နောက် လိုက်သွားတယ်။ ရုပ်မြင်သံကြား မြင်ကွင်းပေါ်မှာ ကိုယ့်လင်က နောက်မိန်းမ ဗိုက်ပူကလေးနဲ့ တွတ်ထိုးနေတာကို ညစဉ်ညတိုင်း တွေ့မြင်နေရတယ်”

“ဒီအခြေအနေမျိုးနဲ့ ညည်း ခြေလှမ်းတစ်ချက် မမှားအောင် ခုအတိုင်း ဆက်လှမ်းနေနိုင်ပ့ါမလား။ လုပ်ငန်းခွင်မှာ နေ့စဉ်တစ်ရက် မပျက်လာနေပြီး ရှိရှိသမျှအလုပ်တွေကို ကျွန်မပဲ လုပ်ပါရစေဆိုပြီး အတင်းကျုံးယူနေလို့ ဘယ်လောက်ကြာရှည်ခံနိုင်မလဲ။ ဒီအတိုင်းဆက်သွားနေရင် တစ်နေ့မဟုတ် တစ်နေ့ အနေးနဲ့ အမြန် ဗုန်းဗုန်းလဲမှာ ကို မြင်ယောင်နေတယ်လေ”

“ညည်း ကိုယ် ညည်း အဲဒီလို အဖြစ်ခံမလား ဆမ်။ တို့ အနေနဲ့ တော့ အဖြစ်မခံနိုင်ဘူး။ ညည်းရဲ့ မိတ်ဆွေတစ်ယောက်အနေနဲ့ ကို ဒီလိုအဖြစ်မခံနိုင်ဘူး။ အဲဒီခွေးသား လုပ်သွားတဲ့ လုပ်ရပ်ဟာ ညည်းကို ဒူးထောက်ကျမတတ်ဖြစ်သွားစေတာ သိလား။ ဒီတော့ စိတ်ကို လျှော့ပစ်လိုက် ဆမ်။ တစ်နေရာရာမှာ သွားပြီး ငိုပစ်လိုက်။ ရှိသမျှမျက်ရည်တွေ အဲဒီမှာ သွန်ချပစ်ခဲ့။ ပြီးတော့မှ ပြန်လာ။ တို့ မှာ

ညည်းရှိမှ ဖြစ်မယ်။ ညည်းမရှိလို့ ကို မဖြစ်ဘူး။ ဒါကို ဟာဗီသိတယ်။ တို့ သိတယ်။ ကြော်ငြာ ဌာနအဖွဲ့သားတွေ သိတယ်။ ညည်းကိုယ် ညည်းပိုသိတယ်။ ဒါပေမဲ့ ညည်း နေမကောင်းတာ၊ စိတ်ဆင်းရဲနေတာ၊ စိတ်လေနေတာကို တို့ မလိုလားဘူး။ အဲ...တကယ်လို့ အဲဒီဝေဒနာဖိစီးမှုတွေကို ခုကတည်းက မကုစားခဲ့ရင် တို့ စောစောက ပြောသလိုဖြစ်ပြီး ညည်းဘဝ ဇာတ်သိမ်းသွားလိမ့်မယ်”

“ဒီတော့ ကျွန်မ ဦးနှောက် ချောင်နေပြီလို့ ရှင်တို့ ထင်နေကြပြီပေါ့၊ ဟုတ်တယ် မဟုတ်လား”

သူ့ကိုကြည့်ရသည် မှာ နာကြည်းနေဟန်။ တုန်လှုပ်နေဟန်။ သို့သော် ချာလီ ခေါင်းခါပြ၏။

“မဟုတ်ရပါဘူး၊ ဆမ်ရယ်။ အဲ....ဒါပေမဲ့ နောက်တစ်နှစ်လောက် ဆိုရင်တော့ ဖြစ်သွားနိုင်တယ်။ ဝေဒနာတွေကို ကုစားဖို့ အချိန်က ခုလောလောဆယ်ပဲ ဆမ်။ နောင်မှ မဟုတ်ဘူး ။ အမြစ်တွယ်သွားတဲ့ အခါ ကုစားဖို့ မလွယ်ဘူးမဟုတ်လား”

“ကျွန်မ ဒီလောက်ကြာကြာနေ လာပြီးမှ ပဲ ရှင်။ လေးလတောင်ရှိနေပြီပဲ”

“အေး.... အဲဒါက ညည်းကို အသေသတ်နေတာ”

ချာလီက ပိသာလေးဖြင့် ဘေးပိတ်ပစ်သလို ပြော၏။ ဆမ်အနေဖြင့် သည် စကားကို ငြင်းဆိုခြင်းမပြုသာ။

“ဒီတော့ ဟာဗီက ဘာပြောလဲ”

သူ့မိတ်ဆွေ၏ မျက်လုံးများ နှင့် အကြည့်ချင်းဆုံသည် ။ ဆမ့်မျက်လုံးတွေက ကြေကွဲဆွေးမြည့်နေသည် ။

"သူက ညည်းတစ်နေရာရာကို သွားစေချင်တယ်"

"ဘယ်ကိုလဲ"

ပါးပြင်ပေါ်မှ မျက်ရည်စကို လက်ခုံဖြင့် သုတ်လိုက်၏။

"ကြိုက်တဲ့ နေရာကိုပေါ့"

"ဘယ်လောက်ကြာကြာလဲ"

"သုံးလေးလလောက်"

ဂျွန်နှင့် လစ်ဇီက ရပ်မြင်သံကြားစက်ပေါ်မှ နေပြီး သူတို့ ၏ မွေးဖွားလာမည့် ရင်သွေးငယ်အကြောင်း ဟိုးလေးတကြော် ကြော်ကြွားနေသည် မဟုတ်လား။ သည် တော့ ဟာဗီနှင့် ချာလီက သည် ကလေး မွေးမပြီးမချင်း ဆမ် တစ်နေရာရာကို သွားရောက်အနားယူစေဖို့ ဆုံးဖြတ်ထားကြသည် ။ ဘာ့ကြောင့် ဆို သည် ကလေးကိစ္စသည် ဆမ်မန်သာ့ရင်ကို မည်မျှထိခိုက် နာကြည်းစေကြောင်း ချာလီသိထား၏။ ထို့ကြောင့် သည် ကိစ္စကို ဟာဗီနှင့် အကြိမ်ပေါင်းများ စွာ နေ့လယ်စာ စားရင်း ပြောဖြစ်ခဲ့ကြ၏။

သို့သော် ယခု ဆမ့်မျက်နှာပေါ်တွင် တွေ့မြင်နေရသည့် တုံ့ပြန်ခံစားချက်မျိုးကိုမှ သူတို့ နှစ်ယောက်စလုံး ကြိုတင်တွက်ဆထားခြင်း မရှိခဲ့ကြ။ ချာလီစကားကိုကြားရတော့ ဆမ်ခမျာ နွေလယ်ကောင် မိုးကြိုးပစ် ခံလိုက်ရသည့် နှယ် အထိတ်တလန့်ဖြစ်နေ၏။ နှလုံးသွေးပျက်တော့မလို တုန်လှုပ်နေ၏။

"လေးလတောင်။ ရှင်တို့ ရူးနေပြီလား။ ကျွန်မတို့ ကြော်ငြာတွေ ဘယ်လိုဖြစ်ကုန်မလဲ မစဉ်းစားကြတော့ဘူးလား။ ကျွန်မ အလုပ်ကကော ဘယ်လိုဖြစ်သွားမလဲ။ ရှင်တို့ က ကျွန်မကို

ဂရုစိုက်တယ်ပြောတယ်။ ဒါ ဂရုစိုက်တာလား။ ကျွန်မရဲ့ အလုပ်တွေကို ချက်ချင်း လွှဲပြောင်းယူလိုက်တာဟာ ဂရုစိုက်တာလား၊ ဟုတ်လား”

စားပွဲပေါ်မှ ဝုန်းခနဲ ခုန်ထသည် ။ ဒေါသဖြင့် ချာလီကို ကျောခိုင်းထွက်သွားသည် ။ သို့သော် ချာလီ နောက်မှ လိုက်သွား၏။ ဆမ်နှင့် မျက်နှာချင်းဆိုင်ရပ်ကာ စိတ်မကောင်းစွာ ငုံ့ကြည့်သည် ။

“ညည်း အလုပ်က ဘာမှ မဖြစ်ရပါဘူး ဆမ်ရယ်။ စိတ်ချပါ။ ဒါပေမဲ့ အနားယူဖို့ ကတော့ ညည်း ယူကို ယူရမယ်။ ညည်း ဒီအတိုင်းဆက်သွားနေလို့ လုံးဝမဖြစ်ဘူး။ ညည်း တစ်နေရာရာကို သွားရမယ်။ ညည်း အခန်းထဲကကော ညည်း ရုံးခန်းထဲကကော နောက်ဆုံး နယူးယောက်ကကောကွာ။ တို့ ခေါင်းထဲမှာ ဘာရှိတယ်ဆိုတာ သိရဲ့ လား။ တို့ ထင်တာကတော့ ကာလီဖိုးနီးယားက အမျိုးသမီးဆီသွားပြီး နေဖို့ သင့်တယ်ထင်တယ်။ ညည်း ကိုယ် ညည်း ပုံမှန်ဖြစ်လောက်ပြီဆိုမှ ပြန်လာခဲ့။ အဲဒါဆို ညည်းအတွက် သိပ်ကောင်းသွားလိမ့်မယ်”

“ဘယ်မိန်းမလဲ”

“လွန်ခဲ့တဲ့ သုံးလေးနှစ်တုန်းက ညည်း တို့ ကို ပြောဖူးပါတယ်ကွယ်။ သိပ်ခင်တယ်ဆိုတာလေ။ မြင်းတွေနဲ့ မွေးမြူရေးခြံကြီးဆောက်ထားတဲ့ အမျိုးသမီးလေကွာ။ ညည်း ကျောင်းနေဖက်သူငယ်ချင်းရဲ့ အဒေါ်ဆိုလားပဲ။ နာမည်က ကာရိုလား၊ ကာရင်လား မသိပါဘူး။ ညည်း သူ့အကြောင်းပြောပြောနေတာ တကယ့်ကို အရင်းနှီးဆုံးသူငယ်ချင်း ကျနေတာပဲလေ”

ဟုတ်သည် ။ သူ မကြာမကြာ ပြောခဲ့ဖူးသည် ။ ဘာဘီ၏ အဒေါ်။ ဘာဘီက သူနှင့် ကျောင်းနေဖက်သူငယ်ချင်း။ ခုတော့ ဘာဘီက

လေယာဉ်ပျက်ကျတဲ့ အထဲ ပါသွားပြီ။ ဆမ်မန်သာ့မျက်လုံးတွေထဲတွင် အပြုံးရိပ်တစ်ခု ညင်သာစွာ ပေါ်လာသည် ။

“ဘာဘီအဒေါ်.... ကာရိုလင်းလော့လေ။ သိပ်ချစ်စရာကောင်းတဲ့ အမျိုးသမီးကြီးပေါ့။ ဒါပေမဲ့ နေစမ်းပါဦး။ ကျွန်မက ဘာကိစ္စ အဲဒီကိုသွားရမှာ လဲ”

“ညည်းက မြင်းစီးရတာ သိပ်ဝါသနာပါတယ် မဟုတ်လား”

ဆမ် ခေါင်းညိတ်သည် ။

“အင်း....။ အဲဒီနေရာက သိပ်လှတယ်။ သိပ်သာယာတယ် မဟုတ်လား။ နောက်ပြီး ညည်းအနေနဲ့ နယူးယောက်ကနေ အဝေးဆုံးသွားနိုင်တဲ့ နေရာကလည်း ဒီနေရာပဲ ရှိတယ်မဟုတ်လား။ ညည်းလုပ်ရမှာ က ခု လုပ်ငန်းခွင်မှာ ဝတ်နေတဲ့ ဂါဝန်တွေကို ချွတ်။ ဂျင်းဘောင်းဘီနဲ့ ဂျင်းရှပ်တွေကို ဝတ်။ နောက်ပြီး အဲဒီက နွားကျောင်းသားကလေးတွေနဲ့ ခဏတစ်ဖြုတ် ပျော်လားဝါးလား နေပစ်လိုက်။ ဒါပဲ”

“ရယ်စရာတော့ ကောင်းသား။ ကျွန်မ လိုအပ်နေတာ ဒါပဲလားဟင်”

သို့သော် သည် အကြံအစည်ကိုတော့ သဘောကျသလိုလိုရှိသား။ ကာရိုလင်းနှင့် မတွေ့ရသည် မှာ ကြာပြီ။ တစ်ခါတုန်းက ဂျွန်နှင့် သူ ကာရိုလင်းတို့ ဆီတွင် ခရီးတစ်ထောက် နားခဲ့ဖူးသည် ။ ဂျွန်ကတော့ နွားခြံကို မုန်းသည် တဲ့ လေ။ သူက နွားတွေ၊ မြင်းတွေကို ချစ်တတ်သူမှ မဟုတ်ဘဲကိုး။ သို့ပေမဲ့ ဆမ်မန်သာကတော့ မြင်းတွေကို ချစ်သည် ။ ကလေးဘဝကတည်းက ချစ်သည် ။

ထိုစဉ်က ကာရိုလင်းတို့ နွားခြံတွင် မြင်းရိုင်းတစ်ကောင်ရှိနေခဲ့သည်

။ ထိုမြင်းရိုင်းကို ဆမ် စီးပြလိုက်တော့ ကာရိုလင်းပင်ပါးစပ်အဟောင်းသားဖြစ်ခဲ့ရ၏။ မြင်းရိုင်းက ဆမ်အား ကျောကုန်းပေါ်မှ ကျွမ်းပစ်ကျအောင် ခြောက်ကြိမ်လောက်ကြိုးစားသည် ။ သို့ပေမဲ့ ဆမ်က ကုန်နှီးပေါ်မှ တစ်စက်ကလေးမျှ ရွေ့စောင်းခြင်းမရှိ။ သူ၏ မြင်းစီးစွမ်းရည်ကို ဂျွန်က ချက်ချင်းသဘောကျသွားသည် ။ ပျော်ရွှင်ခဲ့သည့် အချိန်တွေပေ့ါ။

"သူက ကျွန်မကို လက်ခံချင်မှ ခံဦးမှာ ချာလီ။ နောက်ပြီး ရှင်တို့စိတ်ကူးက ခပ်ကြောင်ကြောင်ရယ်။ နေပါဦး၊ ရှင်တို့ ဘာကိစ္စ ကျွန်မအလုပ်တွေ ကျွန်မ ဆက်လုပ်ခွင့်မပေးတော့တာလဲဟင်"

"ဘာဖြစ်လို့ လဲဆိုတော့ တို့ များက ညည်းကိုချစ်လို့ ။ မဟုတ်ရင် ညည်းဟာ ညည်းကိုယ်ညည်း ဖျက်ဆီးပစ်လိမ့်မယ်"

"မဟုတ်ပါဘူး ချာလီ၊ မဖျက်ဆီးပါဘူး"

ဆမ်က ဝံ့ဝံ့စားစား ပြုံးပြသည် ။ သို့တိုင် ချာလီ ဖြည်းလေးစွာ ခေါင်းခါ၏။

"တို့ ကို ညည်း ဘာပြောပြော၊ ပြောချင်ရာ ပြော၊ အကြောင်း မဟုတ်ဘူး ဆမ်။ ဒါပေမဲ့ ခုဟာက ဟာဗီရဲ့ ဆုံးဖြတ်ချက်ကွ"

"ဘာ ဆုံးဖြတ်ချက်လဲ"

"ညည်း ခွင့်ယူဖို့ လေ"

"သြော်... ဒါဆို အတိအကျ ဆုံးဖြတ်ပြီးသားပေ့ါလေ"

တုန်လှုပ်ချောက်ချားမှုတွေ ပေါ်လာပြန်၏။ ချာလီကလည်း ခေါင်းညိတ်ပြသည် ။

"ဒီနေ့က စရမယ်။ သုံးလခွဲတိတိ ခွင့်ပေးလိုက်တယ်။ လိုအပ်တယ်ဆိုရင် ခြောက်လအထိ တိုးယူနိုင်တယ်"

ရုပ်မြင်သံကြား အသံလွှင့်ရုံသို့ သူတို့ တယ်လီဖုန်း ဆက်မေးပြီးပြီ။

လစ်ဇ်ကလေး မွေးမည့် ရက်ထက် နှစ်ပတ်တိတိ နောက်ရွှေ့ပြီး ခွင့်ပေးထားသည် ။

"ကျွန်မ အလုပ်မပြုတ်ဘူးနော်"

"မပြုတ်ဘူး"

ချာလီက အိတ်ထဲမှ စာရွက်တစ်ရွက်ကို ခပ်ဖြည်းဖြည်းဆွဲထုတ်သည် ။ ဆမ်မန်သာ ဖတ်ဖို့ လှမ်းပေးသည် ။ စာ မှာ ဆမ်မန်သာ ခြောက်လထိ ခွင့်ယူသွားသည့် တိုင် ခွင့်မှ ပြန်လာလျှင် အလုပ်ဆက်လုပ်ရဖို့ အာမခံသည့် စာ ဖြစ်၏။

ဆမ်က စိတ်မချမ်းသာစွာဖြင့် ချာလီကို မော့ကြည့်၏ ၊

"ဒါဆို ဒီနေ့ကစပြီး ခွင့်သွားရမယ်ပေါ့"

အောက်နှုတ်ခမ်းကလေး တဆတ်ဆတ် တုန်လျက်မေး၏။

"အဓိပ္ပာယ်ကတော့ အဲဒီအတိုင်းပဲ မိန်းကလေး။ ခုအချိန်ကစပြီး အနားယူပေတော့။ သေပါတော့၊ တို့ များ အဲဒီလို ခွင့်လိုချင်လိုက်တာကွယ်"

"ဩော်....ဒုက္ခ...ဒုက္ခ"

ဆမ် ကုလားထိုင်တစ်လုံးတွင် ထိုင်ချပြီး မျက်နှာကို လက်တစ်ဖက်ဖြင့် အုပ်ထားသည် ။

"ကျွန်မ ဘာလုပ်ရမလဲဟင် ချာလီ"

ချာလီက ဆမ်၏ ပခုံးကို ညင်သာစွာ ကိုင်လိုက်၏။

“တို့ ပြောသလိုသာလုပ် ကလေးမ။ အဲဒီနွားခြံက ညည်း မိတ်ဟောင်းဆီကို ဖုန်းဆက်”

* * *

(၂)

ဆမ်မန်သာအဖို့ စိတ်နှလုံးညစ်ညူးရသော နံနက်ခင်းတစ်ခု။ လက်ဆွဲသေတ္တာနှစ်လုံးစာမျှ အဝတ်အစားတွေ ထည့်သည် ။ လေကြောင်းကုမ္ပဏီသို့ တယ်လီဖုန်းဆက်သည် ။ သန့်ရှင်းရေးအလုပ်သမားကြီးအတွက် စာတစ်စောင်နှင့် ငွေလွှဲလက်မှတ်တစ်စောင် ထားခဲ့သည် ။ ပြီးတော့ သူ့အခန်းကို သော့ပိတ်ခဲ့သည် ။

လက်ဆွဲသေတ္တာနှစ်လုံးကိုဆွဲပြီး အငှားကားဖြင့် ရုံးသို့သွားသည် ။ ရုံးခန်းသော့ကို ချာလီထံအပ်သည် ။ ချာလီ၏ သားတော်မောင်များ အတွက် ကာလီဖိုးနီးယားမှ ခရစ္စမတ်လက်ဆောင်များ ပို့ပေးလိုက်မည်ဖြစ်ကြောင်း ကတိပြုသည် ။

ထို့နောက် ဟာဗီနှင့် နှစ်နာရီကျော်မျှ အလုပ်ကိစ္စဆွေးနွေးသည် ။ ဟာဗီသိလိုသမျှကို ရှင်းပြသည် ။ အလုပ်ကိစ္စတွေ ပြောဆိုပြီးစီးသောအခါ ဆမ်က ဟာဗီအား လှမ်းကြည့်ကာ

"အမှန်တော့ ဆရာတို့ ခုလိုခွင့်ပေးနေဖို့ မလိုပါဘူးရှင်။ ကျွန်မက ခွင့်သွားချင်တာမှ မဟုတ်ဘဲဟာ"

ဟာဗီက ဆမ်အား ကျောက်သားအခင်းနှင့် သတ္တုပေါင်ကွပ် ဧရာမစားပွဲကြီးမှ ဖြတ်ကျော်ကြည့်ရင်း

"ဒါက ညည်း လိုချင်လို့ ပေးတဲ့ ခွင့် မဟုတ်ဘူး ဆမ်။ ညည်း လိုအပ်နေလို့ ပေးတဲ့ ခွင့်။ ရှင်းပြီလား။ ညည်း ဒီမြို့က ထွက်သွားမှာ လား"

ဟာဗီက အရပ်ရှည်ရှည် သဘောကောင်းကောင်း ။ ဆံပင်တွေမှာ ဖြူရောင်သန်းနေပြီ။ သူက သူ့ဆံပင်ကို ရေတပ်သားတစ်ယောက်၏ ဆံပင်နီးပါး ခပ်တိုတိုညှပ်ထား၏။ သူ့အဝတ်အစားတွေနှင့် သူ့ကို ကြည့်ရသည် မှာ ဘဏ်ဒါရိုက်တာတစ်ယောက်လိုလို။ ဆေးတံကို ခဲလျက်။ အေးစက်မာကျောသော မီးခိုးရောင်မျက်လုံးများ အောက်ဝယ် ထက်မြက်သောစိတ်ဓာတ်ရှိသည် ။ တီထွင်တတ်သော ဉာဏ်ရှိသည် ။ သူ့နှလုံးသားက ရှာမှ ရှားသည့် နှလုံးသား။ လှပသည့် နှလုံးသား။

သည် အကြောင်းတွေစဉ်းစားမိတော့ သူ့အား ခွင့်ယူသွားစေခြင်းကို ဆမ်မနှစ်သာ အံ့ဩခြင်းမဖြစ်မိတော့။ တကယ်တော့ ဟာဗီသည် သူ့ကို သမီးတစ်ယောက်လို ချစ်ခင်ခဲ့သည် မဟုတ်လား။ သို့တိုင်သည် နေ့ တစ်မနက်လုံး ဆမ်၏ ခရီးသွားအစီအစဉ်တွေကို မဆွေးနွေးဖြစ်ကြသေး။ လုပ်ငန်းအကြောင်းတွေကိုသာ ပြောနေခဲ့ကြသည် ။

"ဟုတ်ကဲ့၊ ကျွန်မ သွားတော့မှာ "

ကျယ်ပြန့်လွန်းသော စားပွဲကြီး၏ တစ်ဖက်မှ နေ၍ ပြုံးပြလိုက်သည် ။ အစက ဟာဗီကို မည်မျှကြောက်ရွံ့ခဲ့ကြောင်း ဆမ် အမှတ်ရနေမိ၏။ နောင်နှစ်ပေါင်းများ စွာကြာလာတော့ ဟာဗီကို လေးစားချစ်ခင်လာခဲ့ရသည် ။ သို့ပေမဲ့ သူတို့ နှစ်ဦးသည် တစ်ဦးကိုတစ်ဦး အပြန်အလှန် လေးစားချစ်ခင်ခြင်းသာဖြစ်ကြောင်း ဆမ် သိနားလည်ထားလေသည် ။ ဆမ်က လက်ပတ်နာရီကိုကြည့်လျက်

"အတိအကျပြောရရင် ကျွန်မ စီးမယ့်လေယာဉ်က နှစ်နာရီအတွင်းထွက်တော့မှာ "

"ဟော၊ ဒါဆို ငါ့အခန်းထဲက အမြန်ဆုံးထွက်သွားပေတော့"

ဟာဇီ ဆေးတံကို ချွတ်ပြီး ပြုံးပြသည် ။ သို့သော် ဆမ်သည် ကုလားထိုင်မှ မထသေး။ တုံ့ဆိုင်းနေသည် ။

"ကျွန်မပြန်လာရင် ကျွန်မအလုပ်ကိုပြန်ရဖို့ သေချာတယ်နော် ဆရာ"

"ငါ ကျိန်ပြီး ကတိပေးပါတယ်ကွာ။ ငါ့စာကို ရတယ်မဟုတ်လား" ဆမ် ခေါင်းညိတ်၏။

"ကောင်းပြီ၊ ဒါဆို ညည်း အလုပ်ပြန်မရရင် ငါ့ကို တရားစွဲကွာ"

"ကျွန်မက တရားစွဲချင်တာ မဟုတ်ဘူး ၊ အလုပ်လိုချင်တာ"

"ညည်း အလုပ်ကို ပြန်ရစေမယ်ကွာ။ အခြေအနေအရ ငါ့အလုပ်ကိုပါ ရချင်ရဦးမယ်"

"ကျွန်မ တစ်ပတ် နှစ်ပတ်အတွင်းတောင် ပြန်လာနိုင်ပါတယ်"

ဆမ်က တကယ်ပင် ပြန်လာချင်သဖြင့် စကားတောက်လိုက်၏။ သို့သော် ဟာဇီ ခေါင်းယမ်းသည် ။ မျက်လုံးတွေထဲမှ အပြုံးရိပ်များ မှေးမှိန်သွားကာ -

"မဖြစ်ဘူး ဆမ်၊ ညည်း ပြန်မလာရဘူး။ ဧပြီလတစ်ရက်နေ့မှ ပြန်လာ။ ဒါပဲ"

"အကြောင်းထူးများ ရှိလို့ လားဟင်"

သည် အကြောင်းထူးကိုတော့ ဟာဇီ ပြောမပြချင်။ သို့ဖြင့်

ခေါင်းကိုသာ ခါပြလိုက်ပြန်သည် ။

“မရှိပါဘူး၊ ဒါပေမဲ့ အဲဒီရက်က ငါတို့ သတ်မှတ်ထားတဲ့ ရက်ပဲ။ အလုပ်နဲ့ ပတ်သက်လို့ ဒီမှာ ဖြစ်နေတာတွေ နောက်ဆုံးအခြေအနေထိ အကုန်သိရအောင် အဝင်အထွက်စာတွေအားလုံး ညည်းဆီ ပို့ပေးမယ်ကွယ်။ ညည်းကို ဘယ်မှာ ဆက်သွယ်ရမယ်ဆိုတာ ငါ့အတွင်းရေးမှူး သိပြီးပြီလား”

“လောလောဆယ်တော့ မသိသေးဘူး။ ဒါပေမဲ့ သူသိမှာ ပါ”

“ကောင်းပြီ”

ဟာဗီက စားပွဲကို ကွေ့ပတ်လျှောက်လာကာ စကားတစ်ခွန်းမျှ ထပ်မပြောဘဲ ဆမ်ကို ဆွဲယူလိုက်၏။ အကြာကြီး ပွေ့ပိုက်ထားသည် ။ ပြီးတော့ ဆမ်၏ နဖူးကို နမ်းလိုက်၏။

“စိတ်ချမ်းသာ လက်ချမ်းသာနေ သမီး။ ငါတို့ ညည်းကို သတိရနေမှာ ပါ”

သူ့အသံ အက်ကွဲနေ၏။ ဆမ့်မျက်လုံးထဲတွင် မူ မျက်ရည်တွေ။ ဆမ်က ဟာဗီအား တစ်ခဏမျှ တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားလိုက်၏။ ထို့နောက် တံခါးပေါက်ဆီသို့ ခြေလှမ်းကျဲကြီးများ ဖြင့် ခပ်သွက်သွက်လျှောက်သွားသည် ။ မျက်တောင်တစ်ခတ်မျှအတွင်း သူသည် သူ့အိမ်မှ နှင်အထုတ်ခံလိုက်ရသည် သို့ ခံစားရ၏။ သူ့ရင်ထဲတွင် နာကြည်းကြေကွဲမှုတွေ ပြည့်သိပ်လာသည် ။ သူ့အား ယခုလို ခွင့်မပေးဖို့ အကြောင်း တောင်းပန်တိုးလျှိုးရန် ကြံစည်လိုက်မိသေးသည် ။

သို့သော် ဟာဗီ့ရုံးခန်းထဲမှ အထွက်တွင် ချာလီက စောင့်ကြိုနေသည်

။ ချာလီက ညင်ညင်သာသာ ပြုံးပြသည် ။ သူ့ပခုံးကို လက်တစ်ဖက်ဖြင့် သိုင်းဖက်၏။ သိုင်းဖက်ထားသောလက်ဖြင့်ပင် ပခုံးကို ခပ်တင်းတင်းညှစ်လိုက်သည် ။

"ချာတိတ်....သွားဖို့ အသင့်ပဲလား"

"ဟင့်အင်း"

မျက်ရည် အရွဲသားဖြင့် ပြုံးပြသည် ။ ပြီးတော့ ချာလီ၏ နံဘေးသို့ တိုးဝင်ကာ ရှိုက်နေသည် ။

"အဆင်ချောသွားမှာ ပါကွယ်"

"ဟုတ်လား။ ရှင်က ဘယ်လိုလုပ် အတပ်ပြောနိုင်တာလဲ"

နှစ်ယောက်သား ဆမ့်ရုံးခန်းသို့ ဖြည်းညင်းစွာ လျှောက်လာသည် ။ ဆမ့်ရင်ထဲတွင် တော့ သူ့ရုံးခန်းမှ တစ်ဖဝါးမျှ မခွာချင်။

"ဒီကိစ္စကတော့ မဟားတရားကြီးပါ ချာလီရယ်။ ရှင် သိတယ်မဟုတ်လား ချာလီ။ ကျွန်မမှာ လုပ်စရာတွေရှိသေးတယ်။ ညှိနှိုင်းရမယ့် ကြော်ငြာတွေ။ ကျွန်မ ခုလို သွားနေဖို့ မသင့်...."

"ညည်း ပြောချင်သပ ဆိုရင်တော့ ပြောနေ ဆမ်။ ဒါပေမဲ့ အကြောင်းထူးမှာ မဟုတ်ဘူး " ချာလီ နာရီကိုကြည့်၏။ "ခုချိန်ကစပြီး နှစ်နာရီအတွင်း ညည်းကို လေယာဉ်ပေါ်တင်ပေးလိုက်မယ်"

ဆမ်မန်သာ လမ်းအလျှောက်ရပ်ကာ ချာလီအား ရန်လိုစွာကြည့်၏။ ချာလီ မပြုံးဘဲ မနေနိုင်တော့။ သည် မိန်းကလေးကား စိတ်ဆိုးနေကာမှ ပိုလှသည် ။ သူ့ကိုကြည့်ရသည် မှာ ကလေးဆိုးတစ်ယောက်လို။

"ကဲ...ကျွန်မက လေယာဉ်ပေါ် မတက်ဘူးဆိုရင်ကော။

မသွားဘူးဆိုရင်ကော။ ရှင် ဘာလုပ်မလဲ”

“အဲဒီတော့ ညည်းကို ဆေးခပ်ပြီး တို့ ကိုယ်တိုင် လိုက်ပို့မှာ ပေါ့”

“ဒါဆို မယ်လီ နှာကစ်နေမှာ ပေါ့”

“သူက သဘောတောင်ကျဦးမယ်။ ဒီတစ်ပတ်လုံး သူ့အနားမကပ်ဖို့ တို့ ကို နှင်နှင်လွှတ်နေတာ”

ချာလီ လမ်းလျှောက်ရပ်ပြီး ဆမ်မန်သာကို စူးစူးစိုက်စိုက်ကြည့်၏။ ဆမ် တဖြည်းဖြည်း ပြုံးလာကာ

“ကျွန်မ ဘယ်ကိုသွားမယ်ဆိုတာ ရှင့်ကို ပြောမပြဘူးနော်။ ပြောမိလား”

“မပြောဘူး။ ဟာဗီလည်း မသိဘူး။ တကယ်တမ်းပြောရရင် ညည်းဘယ်ကိုသွားမယ်ဆိုတာက အရေးမကြီးဘူး ဆမ်။ ဒါပေမဲ့ ညည်းရဲ့ ကောင်းရာကောင်းကြောင်းအတွက် ဒီမြို့ကနေ ထွက်ကိုသွားရမယ်။ ညည်း အတိတ်နဲ့ ပတ်သက်နေတဲ့ မေးခွန်းတွေ၊ သတိရစရာတွေနဲ့ ဝေးအောင် ထွက်မသွားချင်ဘူးလားဟင်၊ မတော်တဆ သူတို့ နဲ့ ပက်ပင်းသွားတိုးနေမှာ ကော မစိုးရိမ်ဘူးလား”

“ခုလို သွားနေတော့ကော ဘာထူးလို့ လဲ။ ကာလီဖိုးနီးယားမှာ နေရင်း သတင်းနားထောင်ဖို့ ရုပ်မြင်သံကြားစက် ဖွင့်လိုက်ရင် ဒီမျက်နှာကြီးတွေ မြင်နေတွေ့နေတာပဲဟာ။ သူတို့ နှစ်ယောက်လေ”

သူ ညစဉ် ညတိုင်း တစိုက်မတ်မတ် ကြည့်နေခဲ့သည့် မျက်နှာနှစ်ခုအကြောင်း စဉ်းစားမိသည် နှင့် ဆမ့်မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ပြည့်လျှံလာပြန်၏။

“သူတို့ နှစ်ယောက်ဟာ တကယ့်ကို ရှေ့သွားနောက်လိုက်ညီပြီး

အသွင်တူတဲ့ ကြင်သူတွေလို့ မထင်ရဘူးလားဟင်”

ဆမ့်မျက်နှာသည် ရုတ်ခြည်း ညှိုးရော်သွားကာ ပါးပြင်ပေါ်သို့ မျက်ရည်စက်ကြီးတွေ စီးကျလာသည် ။

“ကျွန်မနဲ့ ကျတော့ အဲဒီလိုမထင်ရဘူးနော်။ ကျွန်မပြောတာက”

ချာလီက ဘာမျှမပြော။ အမျိုးသမီးကို ရင်ခွင်ထဲ ဆွဲသွင်းထားသည် ။

“ခေါက်ထားလိုက်စမ်းပါ ဆမ်ရယ်။ ခေါက်ထားလိုက်စမ်းပါ”

ဆမ်က ချာလို့ပခုံးကို မှီလျက် ဖွဖွကလေး ငိုရှိုက်နေ၏။ သူတို့ အနားမှ ဖြတ်လျှောက်သွားသည့် အတွင်းရေးမှူးမကလေးများ ၏ စူးစမ်းကြည့်တွေကိုလည်း သတိမထားမိ။ ချာလီက ဆမ်၏ နဖူးပြင်ပေါ်မှ ရွှေရောင်ဆံချည်မျှင်တစ်ချောင်းကို သပ်တင်ပေးရင်း ပြုံးပြလိုက်ပြန်၏။

“အဲဒါကြောင့် ညည်းအနားယူဖို့ လိုတယ်လို့ ပြောတာပါ။ ရင်နာတယ်ဆိုတာ ဒါမျိုးပဲထင်ပါရဲ့ ။ ညည်း ကိုယ် ညည်း သတိမထားမိဘူးလားဟင်”

ဆမ်က လက်သင့်မခံချင်ဟန်ဖြင့် မဲ့ပြသည် ။ ပြီးတော့ မျက်ရည်အရွှဲသားဖြင့် ခပ်တိုးတိုး ရယ်မောရင်း

“သြော....ရင်နာတယ်ဆိုတာ ဒါမျိုးတဲ့ လား ဟုတ်လား”

ချာလို့ရင်ခွင်ထဲမှ ခွာလိုက်သည် ။ သက်ပြင်းချသည် ။ ပါးပြင်မို့မို့ပေါ်မှ မျက်ရည်စတွေကို သုတ်ပစ်သည် ။

“ကျွန်မ အနားယူဖို့ လိုအပ်နေတာ ဟုတ်ကောင်းဟုတ်မယ်”

ထို့နောက် ပခုံးပေါ်တွင် တင်နေသည့် ဆံပင်တွေကို မာန်ပါပါ ခါယမ်းပစ်လိုက်ပြီး သူ့မိတ်ဆွေအား စူးစူးဝါးဝါးကြည့်လိုက်၏။

“ဒါပေမဲ့ ရှင်တို့ ထင်ထားတဲ့ အကြောင်းတွေကြောင့် တော့ မဟုတ်ဘူး ။ ရှင်တို့ နှစ်ယောက်စလုံး ကျွန်မကို အလုပ်တွေ မတရားဖိခိုင်းခဲ့လို့ သိလား”

“သိပ်မှန်တာပေါ့ အမိရာ။ ညည်း အနားယူရာက ပြန်လာရင်လည်း ခုလိုပဲ မဟားတရားခိုင်းဖို့ တို့ ရည်ရွယ်ပြီးသား။ ဒီတော့ ညည်း အနားယူနေတုန်း စိတ်ချမ်းသာ လက်ချမ်းသာနေ။ မြင်းရူး ရူးနေချေ”

သူတို့ နှစ်ယောက်၏ ပခုံးတွေပေါ်သို့ လက်တစ်ဖက် တင်လာသဖြင့် နှစ်ယောက်သား ပြိုင်တူလှည့်ကြည့်မိကြသည် ။

“ဆမ်မန်သာ၊ ညည်း မသွားသေးဘူးလား”

ပြောလာသူက ဟာဗီ။ ဆေးတံကို ကိုက်လျက်။ မျက်လုံးတွေ အရောင်တောက်လျက်။

“ညည်း လေယာဉ်မီအောင် သွားရမယ်မဟုတ်လား”

“ဟုတ်တယ်”

ဆမ်အား ချာလီ ပြုံးကြည့်သည် ။

“ဒါဆို သူ့ကို လေယာဉ်ပေါ်တင်ပေးလိုက်တော့လေ၊ သေတော့မှာ ပဲ။ သွား၊ သူ့ကို ခေါ်သွားစမ်း။ တို့ မှာ လုပ်စရာတွေ တစ်ပုံကြီးရှိသေးတယ်”

ဟာဗီ ပြုံးသည် ။ ဆေးတံကို လက်ဖြင့်ကိုင်ကာ ဝှေ့ယမ်းပြ၏။ ပြီးတော့ အခြားစကြိုလမ်းတစ်ခုထဲသို့

ဝင်ရောက်ပျောက်ကွယ်သွားသည် ။ ချာလီက ဆမ်အား ကြည့်လိုက်သည် ။ သူ တွေ့လိုက်ရသည် မှာ ရုက်ပြုံးတစ်ပွင့်။

"ရှင် ကျွန်မကို လေယာဉ်ပေါ်လိုက်တင်ပေးနေဖို့ မလိုပါဘူး"

"ဟုတ်လား၊ မလိုဘူးတဲ့ လား"

ဆမ် ခေါင်းခါပြီး အဖြေပေးသည် ။ သို့သော် သူ့လုပ်ဖော်ကိုင်ဖက်ကို အမှုထားခြင်းမရှိ။ သူ့ရုံးခန်းကိုသာ ရီဝေစွာ ကြည့်နေသည် ။ နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်နေသည့် အလား။ သူ့အရိပ်အကဲကို ချာလီ သဘောပေါက်လိုက်၏။ သည် တော့ သူ့ကုတ်အင်္ကျီနှင့် သေတ္တာတွေကို ကောက်ဆွဲကာ

"ကဲ....လာ။ အဲ့ဒီလေယာဉ် အမီသွားကြရအောင်"

"ကောင်းပါပြီ ရှင်"

ချာလီ ရှေ့ခန်းကို ဖြတ်သွားပြီး ရပ်စောင့်နေသည် ။ ဆမ် ခြေတစ်လှမ်းနှစ်လှမ်းစာမျှ တုံ့ဆိုင်းနေသည် ။ ထို့နောက် ချာလီနောက်သို့ လိုက်သွားသည် ။ သက်ပြင်းတစ်ချက်ရှိုက်ကာ နောက်ဆုံးအနေဖြင့် ရုံးခန်းဘက်သို့ မျက်လုံးတစ်ချက် ဝေ့ကြည့်သည် ။ ပြီးတော့ တံခါးကို ညင်သာစွာ ပိတ်လိုက်၏။

* * *

# (၃)

ဘာမျှ ထူးထူးခြားခြား ပြဿနာမရှိသော လေယာဉ်ခရီး။ ဟိုး....အောက်ကို လှမ်းကြည့်လိုက်တော့ အရောင်ကွဲ၊ အဆင်ကွဲ ပိတ်စကလေးတွေကို စပ်ချုပ်ထားသည့် ပိတ်စကြီးတစ်စကို အပေါ်မှ စီးမြင်နေရသလို။

ကြမ်းတမ်း ညိုမောင်းသော မြေလွှာကောက်ကြောင်းတွေသည် ဖြူဖွေးနူးညံ့သော ဆောင်းဝတ်ရုံကို ခြုံထားကြပြီ။

အနောက်ဘက်ကမ်းခြေဆီ ရောက်လာတော့ ညို့ဆိုင်းသော အစိမ်းရောင်တွေ၊ အီနေအောင် လှသော အပြာရောင်တွေကို ဆင်မြန်းထားသည့် တောအုပ်များ ၊ ကန်များကို တွေ့ရ၏။

နောက်ဆုံး လော့စ်အိန်ဂျလိစ် လေယာဉ်ကွင်းရောက်တော့ ပုစွန်ဆီသွေးရောင် နေမင်းကြီးက ငုပ်လျှိုးစပြုနေပြီ။

ဆမ်မန်သာက ရှည်လျားသောခြေထောက်များကို ဆန့်ထုတ်လိုက်၏။ ပြီးတော့ လက်နှစ်ဖက်ကိုပါ ဆန့်တန်းလျက် အညောင်းဆန့်သည် ။ ပြတင်းဝမှ အပြင်သို့ ကြည့်လိုက်မိပြန်၏။ လမ်းခရီးတစ်လျှောက်လုံး မေးမိုတ်လာခဲ့သည် သာ များ ၏။

ခုတော့ အပြင်သို့လှမ်းကြည့်ရင်း သူ ဘာကြောင့် များ ခုလိုလာခဲ့မိပါလိမ့်ဟု ကိုယ့်ကိုယ်ကိုယ် အံ့ဩနေသည် ။

ကာလီဖိုးနီးယားတွင် ဘာရှိလို့ လဲ။ ဘာများ တွေ့နိုင်မှာ မို့လဲ။ မတ်တတ်ရပ်ပြီး ခေါင်းကို ဆတ်ခနဲခါကာ ပခုံးပေါ်မှ ဆံပင်တွေကို ကျောဘက်သို့ ပို့လိုက်သည် ။ သည် ကိုလာခဲ့တာ ငါ မှား ပြီဟု လည်း အတွေးပေါက်သည် ။

တကယ်တော့ သူက ဆယ့်ကိုးနှစ်သမီးကလေးမှ မဟုတ်တော့ဘဲ။ နွားခြံထဲ လာပြီး နွားကျောင်းသားတစ်ဦးလုပ်နေခြင်းသည် ဘာမျှအဓိပ္ပာယ်မရှိ။ သူက တာဝန်တွေ၊ ဝတ္တရားတွေနှင့် မိန်းမကြီးတစ်ယောက်ဖြစ်နေပြီ မဟုတ်လား။ သူ့တွင် ရှေ့ဆက်ရမည့် ဘဝခရီး ရှိသေးသည် ။ တောက်ပသော အနာဂတ်ရှိသေးသည် ။ သည် ဘဝနှင့် သည် အနာဂတ်ကလည်း နယူးယောက်မှာ မှ တိုးတက်နိုင်သည် ။ နယူးယောက်သည် သူ့အတွက် ဘူမိနက်သန် နေရာမှန်။ သည် တော့ ကာလီဖိုးနီးယားမှာ ကော။ ဘာမျှော်လင့်စရာ ရှိသလဲ။ မရှိ။ ဘာမျှမရှိ နတ္ထိ။

သက်ပြင်းတစ်ချက်ချရင်း ခရီးသည် တွေ လေယာဉ်ပေါ်မှ တန်းစီဆင်းနေသည် ကိုကြည့်၏။ ကုတ်အင်္ကျီကြယ်သီးတပ်သည် ။ လွယ်အိတ်ကို ပခုံးတွင် လွယ်ကာ သူလည်း တန်းစီလိုက်၏။ လွယ်အိတ်တွင် ချည်ထားသည့် အနီရောင်ပိုးလည်စည်းကလေးကို လည်ပင်းတွင် ခပ်လျော့လျော့ စည်းလိုက်သည် ။

မျက်မှောင်ကို ကြုတ်ထားလျက်၊ အဝတ်အစားများ ကပိုကရို ဝတ်ထားလျက်ကပင် ဆမ်မန်သာသည် လှပစွဲမက်စဖွယ် ကောင်းနေဆဲ။ ဧရာမလေယာဉ်ကြီးထံမှ ဆမ် ဆင်းလာသောအခါ ပုရိသယောက်ျားများ ၏ ခေါင်းတွေ သူ့ဘက် လှည့်လာကြ၏။

နောက် တစ်ခဏမျှကြာတော့ ဆမ်မန်သာသည်

လော့စ်အိန်ဂျလိစ်လေဆိပ် အဆောက်အဦထဲတွင် ရပ်နေမိ၏။ သည်ဝန်းကျင်တွင် ဝင်ဆံ့ခြင်း မရှိသလို။ ဘယ်ကိုသွားရမည် မသိ။ သူ့ကို ဘယ်သူ လာကြိုမည်လည်း မသိ။

ကာရိုလင်းကတော့ ခြံဦးစီး ဘီလ်ကင်း လာကြိုလိမ့်မည်ဟု ပြောသည် ။ ဘီလ်ကင်း မအားလျှင်လည်း ခြံသားထဲက တစ်ယောက်ယောက် လာကြိုလိမ့်မည်တဲ့ ။

"နွားထိန်းတစ်ယောက်ယောက်ကိုသာ ရှာကြည့်ကွယ်။ အဲဒီလို လေဆိပ်ကြီးထဲမှာ သူတို့ ကို မင်း မတွေ့ဘဲမနေပါဘူး"

ပြီးတော့ ကာရိုလင်း ခပ်အုပ်အုပ် ရယ်မောခဲ့၏။ ထိုစဉ်က ဆမ်လည်း လိုက်ပြီး ရယ်မောခဲ့မိ၏။

အထက်တန်းကျကျ ခရီးသည် တွေ၊ အဖိုးတန် ဝတ်ကောင်းစားလှတွေဖြင့် တဖိတ်ဖိတ်တောက်နေသည့် လေဆိပ်ကြီးထဲတွင် ဦးထုပ်ပျော့ကြီးကို လိပ်တင်ပြီး နွားကျောင်းသားစီး ဖိနပ်ကြီးနှင့် ဂျင်းဘောင်းဘီ၊ ဂျင်းဂျာကင်နှင့် ခြံသားတစ်ယောက်ကို ရှာဖွေရသည် မှာ လွယ်ကူလှပေမည်။ ဝတ်စားဆင်ယင်ပုံကို အသာထားဦး၊ သူတို့ လှုပ်ရှားပုံ၊ သွားလာပုံ၊ နေလောင်ထားသော အသားရောင် ညိုမောင်းမောင်းတွေကို မြင်ရုံဖြင့် နွားထိန်းတစ်ယောက်ကို အခြားလူတွေထဲမှ ကောင်းကောင်း ကြီး ခွဲခြားသိမြင်နိုင်၏။

သူတို့ တစ်တွေက နွဲ့နွဲ့ပျောင်းပျောင်းကလေးတွေ မဟုတ်။ ညင်ညင်သာသာကလေးတွေ မဟုတ်။ ကြံ့ခိုင်သည် ။ တောင့်တင်းသည် ။ အကြင်နာတရားရှိသည် ။ ကြမ်းကြမ်းတမ်းတမ်း အလုပ်လုပ်ကြသည် ။ ကိုယ့်လုပ်ငန်းကိုယ် မြတ်နိုးကြသည် ။ ကိုယ်လုပ်နေသည့် မြေကို

တွယ်တာတတ်သည် ။ လုပ်ဖော်ကိုင်ဖက်ချင်း သံယောဇဉ်ကြီးသည် ။ သူတို့ မွေးမြူစောင့်ရှောက်ရသည့် နွားတွေကိုလည်း အလွန်မတန် ဂရုစိုက်သည် ။

သူတို့ တစ်တွေက ဆမ်မန်သာ ထာဝစဉ်လေးစားကြည်ညိုခဲ့သည့် လူတန်းစားတစ်ရပ်။ နယူးယောက်တွင် သူ ကျင်လည်ရင်းနှီးနေသည့် လူတန်းစားတွေနှင့် တော့ တခြားစီ။ လေဆိပ်အဆောက်အဦထဲတွင် ပျားပန်းခပ် လှုပ်ရှားနေသောလူတွေကို ငေးမောရင်း မွေးမြူရေးခြံသို့ရောက်သည် နှင့် သူ ပျော်သွားမှာ ပါဟု ဆမ် ရုတ်တရက် အတွေးပေါက်၏။ စင်စစ် သူ့တွင် လိုအပ်နေသည် မှာလည်း သည် လိုပတ်ဝန်းကျင်မျိုးပဲ ဖြစ်ကောင်းဖြစ်မည်။

ပစ္စည်းများ ရွေးယူရန်ဟူသည့် ဆိုင်းဘုတ်ကို လှည့်ပတ်ရှာဖွေကြည့်နေစဉ် သူ့လက်မောင်းကို တစ်စုံတစ်ယောက်က ကိုင်လိုက်သည် ။

ဆမ် လန့်ဖျပ်သွားသည် ။

ချာခနဲ လှည့်ကြည့်လိုက်တော့ သူ့ကို တွေ့လိုက်ရ၏။ အရပ်မြင့်မြင့် ပခုံးကျယ်ကျယ်နှင့် ကောင်းဘွိုင်ကြီးတစ်ယောက်။

လွန်ခဲ့သည့် ဆယ်နှစ်တာကာလကို ဆမ် ချက်ချင်းအမှတ်ရလိုက်၏။ သူ့အရပ်ကြီးက ဆမ့်အပေါ် အုပ်မိုးနေ၏။ မျက်လုံးတွေကလည်း ကောင်းကင်လို ပြာလဲ့ကြည်စင်လျက်။ သူ့မျက်နှာနှင့် သူ့အပြုံးကို ဆမ် ကောင်းကောင်း ကြီး ရင်းနှီးနေသည် ။ သူက ဦးထုပ်ကို လက်ဖျားဖြင့်တို့ လျက် ဆမ်အား အသိအမှတ်ပြုသည် ။ ပြီးတော့ ဆမ်၏ ကျောပြင်ကို ပွေ့ဖက်ကာ ဝမ်းသာအယ်လည်း နှုတ်ဆက်သည် ။ သူ့ထံမှ နွေးထွေးလှိုက်လှဲမှုကို ခံစားလိုက်ရ၏။

သူ့ကား ဘီလ်ကင်း။ လွန်ခဲ့သည့် နှစ်သုံးဆယ်ခန့်က ကာရိုလင်း ဝယ်ယူခဲ့သည့် လော့ မွေးမြူရေးခြံမှ ခြံဦးစီးကြီး။ အသက် ငါးဆယ်ကျော်ပြီ။ ပညာတော့သိပ်မတတ်။ သို့သော် ဗဟု သုတကြွယ်သည် ။ အမြော်အမြင်ကြီးသည် ။ သူ၏ မေတ္တာဓာတ်က အကြီးမားဆုံး။ သူ့ကို စတွေ့ကတည်းက ဆမ် ခင်မင်တွယ်တာခဲ့၏။ ဘာဘရာနှင့် ဆမ်က သူ့ကို ဉာဏ်အမြော်အမြင်ကြီးသည့် ဦးလေးကြီးတစ်ယောက်လို သဘောထားခဲ့၏။ သူကလည်း ဆမ်တို့ နှစ်ယောက်၏ ပြဿနာအဝဝကို ဖြေရှင်းပေးခဲ့သည် ချည်း။

ဘာဘရာ၏ အသုဘတုန်းကဆို ဘီလ်ကင်းသည် ကာရိုလင်းနှင့် အတူ လိုက်လာသည် ။ မိသားစုတွေ၏ နောက်တွင် ကပ်၍ ရပ်ကာ ကွယ်လွန်သူ ဘာဘရာအတွက် မျက်ရည်ဖြိုင်ဖြိုင် ကျခဲ့သည် ။ ခုတော့ ဆမ်မန်သာကို အပြုံးဖြင့်ကြိုနေသည် ။ ဆမ်၏ ပခုံးကို ခပ်တင်းတင်း ဖျစ်ညှစ်သည် ။ ကျေနပ်နှစ်သိမ့်စွာ ရယ်မောနေသည် ။

"ညည်းကိုတွေ့ရတော့ အရမ်း အရမ်း ဝမ်းသာသကွာ။ တို့ မတွေ့တာ ဘယ်လောက်ကြာသွားပြီလဲ ဆမ်။ ငါးနှစ်လား၊ ခြောက်နှစ်လား"

"ရှစ်နှစ်။ ကိုးနှစ် ဖြစ်ဖို့ များ တယ်"

အပြုံးဖြင့် ဘီလ်ကို မော့ကြည့်၏။ သူ့ကို ပြန်လည်တွေ့ဆုံရသည့် အတွက် ဆမ်လည်း ဝမ်းသာနေသည် ။ သည် ကို လာခဲ့မိသည့် အတွက် အမှတ်မထင် ကျေနပ်နှစ်သိမ့်နေ၏။ ချာလီအဆိုပြုချက်သည် မမှာ းတန်ကောင်း။ မိုးထိုးနေသည့် အရပ်ကြီးနှင့် ကြမ်းတမ်းသောရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံထားရသည့် နွားထိန်းကြီးက ဆမ်ကို ငုံ့ကြည့်၏။ ဆမ်သည် သူ၏ ဇာတိချက်ကြွေ မွေးရပ်မြေကို

ရောက်လာသကဲ့သို့ဖြစ်ကြောင်း သူ့အကြည့်က အဓိပ္ပာယ်ဖွင့်ဆိုနေ၏။

"အဆင်သင့်ပဲလား"

ဘီလ်က လက်မောင်းတစ်ဖက် ကွေးပေးသည် ။ ဆမ် အပြုံးဖြင့် ခေါင်းတစ်ချက်ဆတ်ကာ ဘီလ်၏ လက်မောင်းကို ချိတ်လိုက်၏။ နှစ်ယောက်သား လက်ဆွဲအိတ်တွေ သွားရှာသည် ။

"ဒီဟာလား"

ချာလည်လည်နေသော စားပွဲကြီးပေါ်မှ အစိမ်းနှင့် အနီကျား သားရေသေတ္တာကြီးကို ကြည့်၍ ဘီလ်ကင်း မေး၏။

"ဟုတ်တယ် ဘီလ်"

ဘီလ် တဒင်္ဂမျှ မျက်မှောင်ကြုတ်ကြည့်၏။

"ဒါဆို ညည်း ဒီမှာ ကြာကြာမနေဘူးပေါ့။ ဟိုအလျင်တစ်ခေါက် ညည်းယောက်ျားနဲ့ လာတုန်းကဆို သေတ္တာခုနစ်လုံးတောင်ပါလာတာ ကျုပ် မှတ်မိနေသေး"

သူ့မှတ်ဉာဏ်ကို ဆမ် ရယ်ရယ်မောမော အသိအမှတ်ပြုသည် ။

"အများ စုက ကျွန်မယောက်ျားရဲ့ အဝတ်အစားတွေပါ။ အဲဒီတုန်းက ပန်းစမ်းချောင်းမှာ အနားယူပြီးပြန်လာတာလေ"

သူ ခေါင်းညိတ်၏။ ဘာမျှမပြော။ ထို့နောက် ကားရုံဆီသို့ ဦးဆောင်လျှောက်သွားသည် ။ သူကား စကားနည်းသူ။ သို့သော် ခံစားချက်ပြင်းထန်သူ။ ငါးမိနစ်လောက်ကြာတော့ အနီရောင် နောက်ဖွင့်ကားကြီးဆီသို့ ရောက်သည် ။ အဝတ်အစားသေတ္တာတွေကို နောက်ဘက်တွင် ထားပြီး လော့စ်အိန်ဂျလိစ် အပြည်ပြည်ဆိုင်ရာ

လေဆိပ်ထဲမှ ခပ်ဖြည်းဖြည်း မောင်းထွက်ခဲ့ကြ၏။

ခုမှ ပင် အနှောင်အဖွဲ့အပေါင်းမှ လွတ်မြောက်တော့မည်ဟု ဆမ့်ရင်ထဲ ရုတ်တရက် ခံစားလိုက်ရသည် ။ နယူးယောက်မှာ နေရသည့် ဘဝက ကျဉ်းကျပ်လှောင်ပိတ်နေသည် မဟုတ်လား။ သူ့အလုပ်၊ သူ့အိမ်ထောင်ရေး ဝဲဩဃတွင် ကျင်လည်နေရသည် လေ။ လေယာဉ်ပေါ်မှာ ကော။ လူပေါင်းစုံ ဟိုကတိုင်း သည် ကတိုးနှင့် ။ လေဆိပ်တွင် လည်း ထို့အတူ။

ခုတော့ လေဟာပြင်ထဲ ရောက် လာပြီ။ တစ်ကိုယ်တည်း သီးသီးသန့်သန့် နေရစ်တော့မည်။ တစ်ကိုယ်တည်း လွတ်လွတ်လပ်လပ် တွေးတောခွင့်ရတော့မည်။ တောင်တန်းတွေ၊ သစ်ပင်တွေ၊ နွားအုပ်တွေကို တွေ့မြင်ရမည်။ သူ့မှတ်ဉာဏ်ထဲတွင် မေ့လျော့လုမတတ်ဖြစ်နေသည့် ဘဝတစ်ခုကို ပြန်လည် ကျင်လည်ခွင့်ရတော့မည်။ သည် အတွေးတွေကို တွေးရင်း အပြုံးရိပ်သည့် ဆမ် မျက်နှာပေါ်တွင် တစ်စစ ဝင်းပလာသည် ။

“ညည်း ကြည့်ရတာ ပျော်နေသလိုပဲ ဆမ်”

ဘီလ်က စောင်းငဲ့ကြည့်ရင်း ပြော၏။ လေဆိပ်နယ်မြေမှ ကျော်လွန်ပြီး လမ်းမကြီးပေါ်ရောက်သည် နှင့် ဘီလ်က ကားအရှိန်ကို မြှင့်လိုက်၏။

သို့သော် ဆမ်က ပြုံးရုံ ပြုံးလျက်....ခေါင်းခါပြသည် ။

“အရင်ကလောက် မပျော်တော့ပါဘူး ဘီလ်ရယ်။ အဲဒီအချိန်တွေက ကြာခဲ့ပြီပဲ”

သူ့အသံက တိုးတိုးတိတ်တိတ်ကလေး။ ခေါင်းထဲတွင် မူ ဘီလ်နှင့်

ကာရိုလင်အား နောက်ဆုံးအခေါက် တွေ့ခဲ့ရသည် ကို ပြန်လည်သတိရ၏။ အတိတ်နှင့် ပစ္စုပ္ပန် ရောထွေးယှက်နွယ်နေသော အတွေးများ ။ အတိတ်ကာလများ ဆီသို့ အလည်အပတ်သွားနေခိုက် သူ့လက်မောင်းပေါ် တင်ထားသော ဦးစီး၏ လက်ကြောင့် စိတ်တွေ လက်ရှိကာလသို့ ပြန်ရောက်လာသည် ။

ဘေးဘီကို လှည့်ပတ်ကြည့်မိသည် ။

မြို့ပြ၏ အနိဋ္ဌာရုံများကို ရေးရေးမျှ မမြင်ရတော့။ ကုန်ကုန်ဆိုရလျှင် အိမ်တွေကိုပင် မတွေ့ရ။ ဧကပေါင်းများ စွာသော ယာခင်းကြီးတွေ သူတို့ ဘေးတွင် ဝေ့လည်ကွေ့ပတ်ကာ ကျန်ခဲ့သည် ။ ကြီးမားကျယ်ပြန့်လွန်းသော မွေးမြူရေးခြံကြီးတွေ၏ အစွန်းအစပ်များ ။ နောက်ပြီး လူနေအိမ်ခြေမဲ့ အစိုးရပိုင် သီးသန့်မြေများ ။

ပတ်ဝန်းကျင်တစ်ခွင်လုံးကား သာယာရှုမောဖွယ်အတိ။

ဆမ်က မော်တော်ကား တံခါးမှန်ကိုချကာ လေရှူကြည့်၏။

“ဟယ်….ကြည့်စမ်း၊ လေကို ရှူရတဲ့ အနံ့ကိုက မတူဘူးနော်။ ဟုတ်တယ် မဟုတ်လား”

“သိပ် ဟုတ်တာပေါ့”

သူက နွေးထွေးစွာ ပြုံးသည် ။ စကားမပြောဘဲ ခဏမျှ ကားဆက်မောင်းနေသည် ။

“ကာရိုလင်းက ညည်းကို သိပ်တွေ့ချင်နေတာ ဆမ်။ ဘာဘရာ ဆုံးသွားကတည်းက သူ့ခမျာ တစ်ယောက်တည်းလို ဖြစ်နေတာကလား။ ညည်းအကြောင်းကိုတော့ အရမ်း အရမ်း ပြောတာဗျာ့။ ညည်း ဒီကိုမှ ပြန်လာပါဦးမလားလို့ ကျုပ်က ထင်နေတာ။

နောက်ဆုံးတစ်ခေါက်ကတည်းက ညည်းတော့ နောင်ကို လာတော့မှာ မဟုတ်ဘူး ဘဲ တွက်ထားတာ”

ဆမ်နှင့် ဂျွန်သည် မျှော်မှန်းထားသည် ထက် စောစီးစွာ နွားခြံမှ ပြန်ထွက်ခဲ့ကြသည် လေ။ ဂျွန်က နွားခြံထဲနေရသည် ကို ပျော်ပိုက်ခြင်းမှ မရှိဘဲ။

“ပြ န် လာ မှာ ပေ့ါ ဘီလ်ရယ်။ အနွေးနဲ့ အမြန်ပေ့ါ။ ကျွန်မ လော့စ်အိန်ဂျလိစ်ကို အလုပ်ကိစ္စနဲ့ ရောက်တိုင်း ဒီကိုဝင်ဖို့ သတိရပါတယ်။ အချိန်ကို မရလို့ ပါ”

“ခုတော့ ဆမ် အလုပ်ထွက်လိုက်ပြီလား”

ဆမ်၏ အလုပ်ကို ဘီလ် တိတိကျကျမသိ။ ကာရိုလင်းက ဆမ်သည် စီးပွားရေးကြော်ငြာတွေ လုပ်သည် လောက်သာ အကြမ်းဖျင်းပြောပြထားသည် ။ ဘီလ်ကလည်း ဘာတွေလုပ်သည် ကို အသေးစိတ်မသိချင်။ သိဖို့ မလို။ ဆမ်၏ လုပ်ငန်းသည် ဝင်ငွေကောင်းကြောင်း၊ ဆမ်သည် လုပ်ငန်းတွင် ပျော်မွေ့ကြောင်းလောက်သာ ကာရိုလင်းက ပြောပြထားသည် ။ အရေးကြီးသည် မှာ ပျော်မွေ့ဖို့ မဟုတ်လား။ ဆမ့်ယောက်ျား၏ အလုပ်ကိုတော့ ဘီလ်သိသည် ။ ဂျွန်တေလာကို ဘီလ်သာမဟုတ်၊ တစ်နိုင်ငံလုံးက မြင်ဖူး ကြားဖူးကြသည် ။ သို့သော် ဘီလ်ကတော့ ဂျွန်ကို သိပ်သဘောတွေ့လှသည် မဟုတ်။

“ကျွန်မ အလုပ်ထွက်လာတာ မဟုတ်ဘူး ဘီလ်။ ခွင့်နဲ့ လာတာပါ”

“နာမကျန်းခွင့်လား ဟင်”

ဘီလ်၏ မျက်နှာပေါ်တွင် စိုးရိမ်ရိပ်များ ပေါ်လာသည် ။

ကားကလေးက တောင်ကုန်းတွေကို ဖြတ်မောင်းနေသည် ။ ဆမ် တဒင်္ဂမျှ တုံ့ဆိုင်းနေသည် ။

"ဒီလိုတော့ မဟုတ်ဘူး ။ စိတ် အနားပေးပြီး ကုစားတဲ့ သဘောပါ"

သည် စကားကို သည် မှာ ပင် ရပ်ထားဖို့ ဆမ် စိတ်ကူးသေးသည် ။ ပြီးမှ ဘီလ်ကိုတော့ ဖွင့်ပြောသင့်သည် ဟု ဆုံးဖြတ်လိုက်၏။

"ဂျွန်နဲ့ ကျွန်မ ကွာရှင်းလိုက်ကြတယ်လေ"

ဘီလ်က မျက်ခုံးတစ်ဖက်မြှင့်တင်ပြီး ကြည့်သည် ။ ဘာမျှတော့မပြော။ ဆမ်က ဆက်ပြောသည် ။

"ကြာတော့ ကြာပါပြီ၊ ကြာပြီလို့ ထင်ရတယ်လေ။ သုံး လေးလလောက်ရှိပြီ ဆိုပါတော့"

တိတိကျကျဆိုရသော် တစ်ရာ့နှစ်ရက်တိတိ။ သည် ရက်တွေကို နေ့စဉ်နေ့တိုင်း တွက်စစ်ခဲ့မိသည် မဟုတ်လား။

"ဒါနဲ့ ကျွန်မ ခဏတစ်ဖြုတ် အနားယူသင့်တယ်လို့ သူတို့ ကထင်ကြတယ်နဲ့ တူပါတယ်"

သည် စကားတွေပြောရင်း နံနက်ခင်းတုန်းက ဟာဗီနှင့် ပြောစဉ်ကလို ရင်ထဲတွင် စိုးရိမ်သောကတွေ ကြွထလာပြန်သည် ။ သူ့အား အလုပ်ဖြုတ်ပစ်လိုက်ကြသည် ကို သူတို့ မပြောရက်ကြလို့ ပဲလား။ ခုလို စိတ်နှလုံးကြေကွဲဖွယ်ရာ ဖြစ်ရပ်များကို ခံနိုင်ရည်မရှိဟု သူတို့ ထင်မြင်ကြလေသလား။ သူသည် အသည်းကွဲပြီး ကြောင်သွားပြီဟု ယူဆကြလေသလား။

သို့သော် ဘီလ်ကင်းကို လှည့်ကြည့်လိုက်တော့ ခေါင်းတဆတ်ဆတ် ညိတ်နေသည် ကို တွေ့ရ၏။ ယခုလို အနားယူလာခြင်းသည်

မှန်ကန်သောလုပ်ရပ်တစ်ခုဟု ထောက်ခံနေသယောင်။ "လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ပေါ့ ကလေးရယ်။ ညည်း ရင်ထဲမှာ နာကြည်းနေရင် ပုံမှန်ဆက်သွားနေဖို့ အရမ်းအရမ်းခက်တာပေါ့"

ခဏမျှ နားနေသည် ။ ပြီးမှ ဆက်ပြော၏။

"ဟိုး နှစ်ပေါင်း တော်တော်ကြာကြာ ကျုပ် မိန်းမ ဆုံးတုန်းကဆို ကျုပ်လည်း ဒီလိုဖြစ်ခဲ့တာပဲ။ အဲဒီတုန်းကတော့ ကျုပ်လည်း ကျုပ်အလုပ် ကျုပ်ပုံမှန် ဆက်လုပ်နိုင်မယ်ပဲ ထင်ခဲ့သပေါ့။ ဒါပေမဲ့ နောက်တစ်ပတ်လောက်ကြာတော့ သူဌေးက ကျုပ်ကိုခေါ်ပြီး ဘီလ်ရေငါ မင်းကို လုပ်ခ တစ်လစာ ပေးလိုက်မယ်ကွာ။ မင်းမိဘတွေဆီ ခဏပြန်နေချေ။ မင်း ယူသွားတဲ့ ပိုက်ဆံကုန်တော့ ပြန်လာခဲ့တဲ့ လေ။ သိတယ် မဟုတ်လား ဆမ်။ ဒီတုန်းကများ ဆို ကျုပ် ယမ်းပုံမီးကျ ဒေါသထခဲ့တာပေါ့။ ကျုပ် အလုပ်ကို ကျုပ် မလုပ်နိုင်ဘူးလို့ ပြောတာပဲ ထင်ခဲ့တာ။"

"ဒါပေမဲ့ သူ ပြောတာ မှန်နေသဗျာ့။ ကျုပ် အစ်မရှိရာ ဖီးနစ်မှာ တစ်လခွဲလောက် သွားနေတယ်။ အဲဒီက ပြန်လာမှ ပဲ ကျုပ်ဟာ ကျုပ်ရဲ့ နဂိုပုံမှန်ပြန်ဖြစ်လာတော့တာကိုး။ မိန်းမဖြစ်ဖြစ်၊ ယောကျ်ားဖြစ်ဖြစ် တစ်ချိန်လုံး မနားမနေ အလုပ်လုပ်မနေနိုင်ဘူးကွဲ့။ တစ်ခါတစ်ရံလောက်တော့ ဝမ်းနည်းပူဆွေးဖို့ အချိန်ပေးရသေးတယ်"

သို့တိုင် လွန်ခဲ့သည့် နှစ်ဆယ့်ငါးနှစ်လောက်က ခွင့်သုံးလ ယူခဲ့ရသည့် အဖြစ်ကို ဆက်ပြောမနေတော့။ သည် တစ်ကြိမ် ခွင့်ယူရခြင်းသည် ဗီယက်နမ်စစ်မြေပြင်တွင် သူ့သားတော်မောင် သေ ဆုံး ခဲ့ သော ကြော င့် ဖြစ်၏။ ထိုစဉ်က သူ့ရင်တွင် မည်မျှထိခိုက်နာကျင်ခဲ့ရသနည်း ဆိုသော် သုံးလလုံးလုံး စကားပင်

ဟုတ်တိ ပက်တိ မပြောမိ။ မပြောနိုင်။

သည် အခြေအနေမျိုးမှ သူတို့ ကယ်တင်ကုစားခဲ့သူမှာ ကာရိလင်း။ သူပြောသမျှကို စိတ်ရှည်လက်ရှည် နားထောင်ခဲ့သည် ။ သူ့ကို ဂရုတစိုက် စောင့်ကြည့်ခဲ့သည် ။ နောက်ဆုံး သူ့ကို အရက်ဆိုင်တစ်ဆိုင်ထဲမှ ဆွဲထုတ်ပြီး အိမ်ပြန်ခေါ်ခဲ့သည် ။ နွားခြံထဲတွင် အလုပ်တွေရှိနေကြောင်း၊ တော်ရုံတန်ရုံ စိတ်လေလွင့်ရလျှင် တော်လောက်ပြီဖြစ်ကြောင်း ကာရိလင်းက ပြောသည် ။

နောက်ပိုင်းတွင် တော့ ကာရိလင်းက စစ်ရေးနည်းပြဆရာတစ်ယောက်လို သူ့အား အော်ဟစ်ငေါက်ငမ်းကာ မောင်းတော့၏။ ငါတော့ ပင်ပန်းလွန်းလို့ သေတော့မှာ ပဲဟု ထင်ရလောက်အောင် အလုပ်တွေ တစ်ပုံကြီး စုခိုင်းတော့၏။ ကာရိလင်းက သူ့ကိုအော်ဟစ်သည် ။ ကြိမ်းမောင်းသည် ။ ငြင်းခဲ့သည် ။ ရန်လုပ်သည် ။

တစ်နေ့တွင် မူ တောင်ဘက်နွားစားကျက်ထဲတွင် ရိုက်မောင်း ပုတ်မောင်း စကားများကြ၏။ နှစ်ယောက်စလုံး မြင်းတွေပေါ်မှ ဆင်းကြသည် ။ ကာရိလင်းက သူ့အား တအားပိတ်ရိုက်သည် ။ သူက အမျိုးသမီးကို ဖင်ထိုင်ကျသွားအောင် ထိုးပစ်လိုက်သည် ။ ထို့နောက် အမျိုးသမီးက သူ့ကိုကြည့်ပြီး ရုတ်တရက် ဟားတိုက်ရယ်မောသည် ။ ကာရိလင်း ရယ်မောသည် မှာ ပါးပြင်ပေါ်သို့ မျက်ရည်ချောင်းစီးကျသည် အထိ။ သည် တော့ သူလည်း တဝါးဝါး တဟားဟား ရယ်ဖြစ်သည် ။ ပြီးတော့ အမျိုးသမီးနံဘေးတွင် ဒူးထောက်ထိုင်ပြီး အမျိုးသမီးကို ဆွဲထူသည် ။ ထိုအချိန်တွင် ပင်

ကာရိုလင်းအား သူ ပထမဆုံးအကြိမ် နမ်းမိခြင်း ဖြစ်၏။

သည် သို့ဖြစ်ခဲ့သည် မှာ ဆယ့်ရှစ်နှစ်ရှိပြီ။ ဩဂုတ်လမှာ ပေါ့။ ထိုစဉ်ကတည်းကစပြီး သူ ကာရိုလင်းကို ချစ်ခဲ့သည် ။ ကာရိုလင်းကို ချစ်နည်းမျိုးဖြင့် အခြား ဘယ်မိန်းမကိုမျှ မချစ်မိတော့။ ကာရိုလင်းက သူ တောင့်တခဲ့သည့် တမ်းတခဲ့ရသည့် မက်မောခဲ့ရသည့် တစ်ဦးတည်းသော အမျိုးသမီးကာရိုလင်းကား သူနှင့် အတူတူ အလုပ်လုပ်ဖက်။ ရယ်ပွဲဖွဲ့ဖက်။ စိတ်ကူးယဉ်ဖက်၊ နောက်ပြီး သည် အမျိုးသမီးကို အခြား အခြားသော ယောကျ်ားသားတွေထက်ပင် ပို၍ လေးစားမိသည် ။

သို့သော် သည် မိန်းမက တကယ့်မိန်းမ။ ထူးခြားသည် ။ သာမန် သူလို ကိုယ်လို မိန်းမမျိုးမဟုတ်။ ကာရိုလင်းလော့ကား စွမ်းအားရှင်တစ်ဦး။ ထက်မြက်သည် ။ ရွှင်သည် ။ ညို့အား ကောင်းသည် ။ ကြင်နာတတ်သည် ။ စာနာတတ်သည် ။ ဉာဏ်ကောင်းသည် ။ သည် လိုမိန်းမမျိုးတစ်ယောက်က သူလို ခြံသားတစ်ယောက်ဆီက ဘာများ လိုချင်တပ်မက်စရာ ရှိလို့ ပါလိမ့်ဟု ဘီလ်တွေးကြည့်၏။ သို့သော် ကာရိုလင်းက စိတ်ဓာတ်မာသည် ။ ပြတ်သည် ။ သူ့စိတ်သူ နားလည်သည် ။ ဘီလ်နှင့် ပတ်သက်ခဲ့ရခြင်းအတွက် ဘယ်တုန်းကမှ နောင်တမရခဲ့။

ခုတော့ သည် အမျိုးသမီး သူနှင့် လျှို့ဝှက်စွာ ပတ်သက်ခဲ့သည် မှာ အနှစ်နှစ်ဆယ်နီးပါးရှိပြီ။ အကယ်၍ သူကသာ သဘောတူခွင့်ပြုခဲ့လျှင် ကာရိုလင်းက လူသိရှင်ကြားလက်ထပ်ဖို့ ဝန်မလေးခဲ့။

သို့သော် ဘီလ်က ကာရိုလင်း၏ အဆင့်ကို အလေးပေးခဲ့၏။ လော့မွေးမြူရေးခြံကြီး၏ ပိုင်ရှင် သူဌေးမကြီးဟူသည့် ဘွဲ့ထူးကို

ဘီလ်က တန်ဖိုးထားသည် ။

သူတို့ နှစ်ယောက်၏ အနေအထားကို သံသယဝင်သူများ ရှိသော်လည်း ဘယ်သူမျှ အတိအကျမသိ။ တိတိကျကျသိသည် မှာ တစ်ခုပဲရှိ၏။ သူတို့ နှစ်ယောက်သည် မိတ်ဆွေကောင်းများ ။ သူတို့ နှစ်ယောက်၏ မိတ်ဆွေထက် သာလွန်သော အနေအထားကို ဘာဘရာပင် မသိ။ ဆမ်မန်သာလည်း မသိ။ သို့တိုင် ဘာဘရာနှင့် ဆမ်မန်သာတို့ ကတော့ ကာရိုလင်းတို့ နှစ်ယောက်ကို သံသယမျက်လုံးများ ဖြင့် ကြည့်ခဲ့ကြသည် ။ တီးတိုးတီးတိုး သဖန်းပိုး လုပ်ကာကြိတ်ပြီး တခစ်ခစ် ရယ်ဖွဲ့ ဖွဲ့ခဲ့ကြသည် ။

"ကာရိုလင်းကော ကျန်းကျန်းမာမာပဲလား ဘီလ်"

ဆမ်က လှိုက်လှဲသော အပြုံးဖြင့် လှမ်းကြည့်သည် ။ ဘီလ်၏ မျက်လုံးတွေ တလက်လက် တောက်ပလာသည် ကို တွေ့ရ၏။

"ထုံးစံအတိုင်း မာမာကျောကျောပဲ။ ခြံထဲမှာ ရှိတဲ့ လူအားလုံးထက် မာကျောသေးသဗျာ့"

နောက်ပြီး အသက်လည်း ပိုကြီးသည် ။ ကာရိုလင်းသည် သူ့ထက် သုံးနှစ်တိတိကြီးသည် ။ အသက်နှစ်ဆယ် ဝန်းကျင်တုန်းကတော့ ဟောလိဝုဒ်တွင် အကျော်ကြားဆုံး၊ ကျက်သရေအရှိဆုံး အမျိုးသမီးစာရင်းဝင်တစ်ယောက်ပေါ့။ သူ့ယောကျ်ားက နာမည်ကြီးရုပ်ရှင် ဒါရိုက်တာတစ်ဦးပေပဲ။ သို့ပေမဲ့ အသက်သုံးဆယ့်နှစ်နှစ်အရွယ်တွင် ကာရိုလင်း မုဆိုးမ ဖြစ်ခဲ့ရသည် ။

သည့် နောက်တွင် တော့ ဟောလိဝုဒ်တွင် နေရသည် ကို ပျော်ပိုက်ခြင်းမရှိတော့။ နှစ်နှစ်လောက် ဆက်လက်နေလိုက်သေးသည် ။ ထို့နောက် ဟောလိဝုဒ်မှ ရုတ်တရက် ပျောက်သွား၏။ ဥရောပမှာ

တစ်နှစ်သွားနေသည် ။ နယူးယောက်မှာ ခြောက်လနေသည် ။

ထို့နောက် တစ်နှစ်တာမျှ ဘာလုပ်ရမည်ကို စဉ်းစား၍ မရသေး။

တစ်နေ့တွင် သူ၏ လင်ကွန်းကွန်တီနင်တယ် ကားဖြူကြီးကို နာရီပေါင်းများ စွာ လျှောက်မောင်းနေသည် ။ တစ်ကိုယ်တည်း။

ထိုစဉ်မှာ ပင် သူ၏ ဆန္ဒမှန်ကို ရုတ်ခြည်းသဘောပေါက်မိသည် ။ သူ့အတွင်းစိတ်က တောင်းဆိုနေသည် မှာ ကျေးလက်တောရွာ။ မြေကြီးဆန်သည့် နေရာ။ သဘာဝကျသည့် ဒေသ။ ရှန်ပိန် အရက်တွေ၊ ဧည့်ခံပွဲတွေ၊ ဟန်ဆောင်မှုတွေနှင့် ကင်းဝေးရာဌာန။

သူ၏ လင်ယောက်ျား မရှိသည့် နောက်ပိုင်း သည် လိုနေရာမျိုး၊ သည် လို အပေါ်ယံ ပကာသနမျိုးတွေသည် သူ့အတွက် အဓိပ္ပာယ်မရှိတော့။ သည် အရာတွေအားလုံး သူ့ဘဝတွင် မလိုတော့။ သည် အရာတွေအားလုံး နိဂုံးကမ္ပတ် အဆုံးသတ်သွားပြီ။

သူသည် အလွန်မတန် မတူခြားနားသည့် ဘဝသစ်တစ်ခုကို ထူထောင်ဖို့ အသင့်ဖြစ်နေပြီ။ စွန့်စားခန်းအသစ် ဖွင့်တော့သည် ။ စိတ်သစ် လူသစ် အားမာန်သစ်ဖြင့် မိုင်နှစ်ထောင်ကွာသည့် လော့စ်အိန်ဂျလိစ် နယ်နိမိတ်ထဲတွင် မြေကို ရှာသည် ။ မွေးမြူရေးခြံကြီးတစ်ခြံကို ဝယ်လိုက်၏။

သည် ခြံကြီးကို ကြောက်ခမန်းလိလိ ငွေပုံပေးပြီး ဝယ်ခဲ့ရ၏။ အကြံပေးပုဂ္ဂိုလ်တစ်ယောက် ငှားသည် ။ အတော်ဆုံး ခြံသားတွေခေါ်သည် ။ လူတိုင်းလူတိုင်းကို လခ ကောင်းကောင်း ပေးသည် ။ သပ်ရပ်လှပပြီး နွေးထွေးလုံခြုံသော အိပ်ခန်းတွေဆောက်ပေးသည် ။ လိုက်လှဲပျူငှာ ဆက်ဆံသည် ။ ဘယ်သကောင့်သားသည် သူ့ကို မခင်ဘဲ နေနိုင်အံ့နည်း။

တုံ့ပြန်မှုအနေဖြင့် သူက အကြံကောင်းဉာဏ်ကောင်းများ တောင်းဆိုသည် ။ ပတ်ပတ်နပ်နပ် သင်ကြားပေးမှုကို မျှော်လင့်သည် ။ တစ်နေ့သောအခါတွင် သည် ခြံကြီးကို သူကိုယ်တိုင် ဦးစီးဦးကိုင်ပြုနိုင်သည် အထိ လေ့လာဆည်းပူးသည် ။ နောက်ပြီး သူ အပင်ပန်းခံသလို လူတိုင်း လူတိုင်းကိုလည်း အပင်ပန်းခံကြိုးစားစေသည် ။

သည် လုပ်ငန်းကိုစပြီး တစ်နှစ်အတွင်းမှာ ပင် ဘီလ်ကင်း ရောက်လာသည် ။ လုပ်ငန်းကို တာဝန်ယူဦးစီးသည် ။ သူ တတ်ကျွမ်းထားသမျှ ကာရိုလင်းကို သင်ကြားပေးသည် ။ ဘီလ်ကင်းသည် လော့မွေးမြူရေးခြံကြီး၏ ဦးစီး။ ခြံတစ်ခြံ၏ ဦးစီးရာထူးကို ခြံသားတိုင်း သေမလောက် လိုချင်ကြသည် ချည်း။ ဘီလ်နှင့် ပတ်သက်၍ ဆမ်မန်သာ သိသမျှမှာ ခြံကြီး စတင်တည်ထောင်ကတည်းက ရောက်လာခြင်းနှင့် ငွေကြေးအရ အမြတ်အစွန်းရအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းလောက်သာရှိ၏။

ကာလီဖိုးနီးယားရှိ နွားမွေးမြူရေး ခြံကြီးထဲတွင် ငွေကြေးမြတ်စွန်းသောခြံ အလွန်နည်းပါး၏။ ထိုရှားရှားပါးပါး ခြံတွေထဲတွင် လော့ခြံက တစ်ခြံအပါအဝင်။ လော့ မွေးမြူရေးခြံတွင် အန်းရတ်စ် နွား အမျိုးအစားတွေ မွေးသည် ။ မော်ဂန် မြင်း အမျိုးအစားလည်း အနည်းအကျဉ်းရောင်းသည် ။ ဇရာမမွေးမြူရေး ခြံ ကြီး တွေ မှာ အမေရိက၏ အနောက်အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းမှာ လည်း ရှိ၏။

ကာလီဖိုးနီးယားရှိ အချို့ အချို့သော ခြံကြီးတွေကမူ မြို့ပေါ်မှ ငွေကြေးကြွယ်ဝသော ရှယ်ယာပွဲစားတွေ၊ ဥပဒေပညာရှင်တွေ၊

ရုပ်ရှင်သရုပ်ဆောင်တွေက အမြတ်ခွန်ကောက်ခြင်းကို ရှောင်ရှားဖို့ လောက် သဘောထား၍ ဝယ်ထားကြသည် ။ သူတို့ အတွက်တော့ ငွေကစားရုံသက်သက်။

သို့သော် လော့ မွေးမြူရေးခြံက သည် လိုမဟုတ်။ ဘီလ်ကင်းကော၊ ကာရိုလင်းလော့ ကော၊ ခြံသားအားလုံးကော ငွေကစားသည် ကို လက်မခံ။ နဖူးက ချွေး၊ ခြေမကျအောင် ပင်ပန်းတကြီး လုပ်ကိုင်ကြသည် ။ မွေးမြူရေး ခြံတစ်ခြံသို့ ဘယ်သူမျှ အပျင်းပြေလာလို့ မရ။ ခြံထဲရှိ လူတိုင်း လူတိုင်း အားကြိုးမာန်တက် ခါးချိုးလုပ်နေသည့် နေရာတွင် လာပြီး အပျင်းဖြေနေသူသည် ရိုင်းပျစော်ကားရာ မရောက်ပါလား။ ဆမ်မန်သာလည်း သည် ခြံကြီးထဲတွင် လာရောက်နေထိုင်ခိုက် အတိုင်းအတာတစ်ခုအထိ အလုပ်လုပ်ရမည်ဆိုသည် ကို သဘောပေါက်ထားသည် ။

ကာရိုလင်းထံ တယ်လီဖုန်းဆက်တုန်းက သူတို့ ခြံတွင် လူအင်အား နှစ်ယောက်လျော့နေကြောင်းနှင့် ဆမ် လာရောက်ကူညီမည်ဆိုလျှင် ကြိုဆိုပါကြောင်း ကာရိုလင်းက ပြောခဲ့၏။ သူ့အား မြင်းထိန်းခြင်း၊ ဇောင်းဆေးခြင်း စသော အသေးအဖွဲအလုပ်ကလေးတွေပဲ ခိုင်းလိမ့်မည်ဟု ဆမ် တွက်ဆထား၏။ စင်စစ် သူက သည် ထက်မက ကြမ်းတမ်းသောအလုပ်တွေ လုပ်ချင်သည် ။ သို့သော် ခိုင်းမည်မထင်။ သူ မလုပ်နိုင်မည်စိုးသောကြောင့် တော့ မဟုတ်တန်ရာ။ ဘာ့ကြောင့် ဆို သူ မြင်းစီးကျွမ်းကျင်သည် ကို ကာရိုလင်း သိပြီးသား။ မြင်ပြီးသား။

သူက ငါးနှစ်သမီးကတည်းက မြင်းစီးခဲ့သူပဲ။ ခုနစ်နှစ်သမီးတွင် အလှပြမြင်းတွေကို ပြပွဲတွင် စီးပြနေပြီ။ တစ်ဆယ့်နှစ်နှစ် သမီးကျတော့ မယ်ဒီဆင် ပန်းခြံပြိုင်ပွဲတွင် ဝင်နွှဲခဲ့၏။ နောက်ပိုင်းတွင်

အခက်အခဲ ကျော်လွှားပြိုင်ပွဲတွေကို အပွဲပွဲ နွှဲခဲ့၏။

ထို့နောက် နှစ်နှစ်တာမျှ အိုလံပစ်ပြိုင်ပွဲဝင်နိုင်ရေးအတွက် စိတ်ကူးယဉ်ခဲ့သေးသည် ။ သို့သော် ကောလိပ်ရောက်သည် နှင့် သူ့မှာ မြင်းစီးဖို့ အချိန်မရတော့။ အိုလံပစ်ပွဲနွှဲဖို့ အကြံအစည်တွေလည်း မေးမှ ဝိန်ကွယ်ပျောက်ခဲ့ရသည် ။

"ဒီရက်တွေအတွင်း မြင်းစီးဖြစ်သေးလားကွ"

သူ့အတွေးတွေကို ရိပ်ဖမ်းမိသည့် အလား ဘီလ်က သူ့ဘက်သို့ ကိုယ်ကိုကိုင်းပြီး မေး၏။ ပြုံးလျက်။

ဆမ် ခေါင်းခါသည် ။

"ကျွန်မ မြင်းပေါ်မတက်ရတာ နှစ်နှစ်လောက်တောင် ရှိရော့မယ်"

"အင်း မနက်ဖြန် ဒီအချိန် ဆိုရင်တော့ ညည်းဖင်တွေ ကျိန်းနေလိမ့်မယ်"

"ကျိန်းမှာ ပဲ။ ဒါပေမဲ့ ဘာမှ မထိခိုက်တဲ့ ကျိန်းနည်းမျိုးပါ"

ဒူးတွေ ညောင်းနေမည်။ ခြေသလုံးကြွက်သားတွေ နာကျင်နေမည်။ သို့သော် လွန်ခဲ့သည့် လပိုင်းများ အတွင်း သူ ခံစားရခဲ့သည့် စိတ်ဓာတ်နာကျင်မှုမျိုးနှင့် တော့ လားလားမျှ တူမည်မဟုတ်။

"ကျုပ်တို့ ဆီမှာ အသစ်ရောက်နေတဲ့ ရွှေလည်ဆံ တချို့ရယ်၊ သမင်ပြောက်အသစ်တစ်ကောင်ရှိတယ်။ မော်ဂန်တွေကတော့ တစ်ပုံကြီး။ ကာရိုလင်း ဒီနှစ်ဝယ်ထားတာလေ။ နောက်ပြီး... အဲ....အရမ်း အရမ်းရိုင်းတဲ့ မြင်းတစ်ကောင်ရှိသေးသဗျာ့။ ဘာကိစ္စ ဒီမြင်းကိုဝယ်ရသလဲလို့ မမေးနဲ့ ဆမ်ရေ။ အလကား၊ အရမ်း အရမ်း ပေါကြောင်ကြောင်စိတ်ကူးနဲ့ သူ့ယောက်ျားရိုက်တဲ့ ရုပ်ရှင်ထဲက

မြင်းမျိုးတွေလို့ ဝယ်ထားတာလို့ ပဲ ဖြေရလိမ့်မယ်”

သူက မကျေမနပ်ဖြင့် ဆမ်ကို လှမ်းကြည့်၏။ ပြီးမှ

“အဲဒီ မျိုးသန့်မြင်းက သူ စီးဖို့ တဲ့ ဗျား။ ကောင်းတာကတော့ အရမ်း အရမ်း ကောင်းပဲ။ ဒါပေမဲ့ ခြံထဲမှာ ဒီမြင်းမျိုးမှ ကျုပ်တို့ မလိုတဲ့ ဟာကို။ မြင်းက အရမ်း အရမ်းကောင်းတဲ့ ပြိုင်မြင်းမျိုး။ ပြေးတော့လည်း အရမ်း အရမ်း ကောင်းတဲ့ ပြိုင်မြင်းမျိုးပဲဟော့။ ဒီမိန်းမ တစ်နေ့နေ့မှာ အဲဒီမြင်းပေါ်က ကျမယ်။ ဗေဒင်တွက်စရာမလိုဘူး။ ကျုပ်ကိုယ်တိုင် ပြောပြပြီးသား”

ဆမ်ကို စိုက်ကြည့်၏။ ဆမ် ပြုံးသည် ။ မျိုးသန့် မြင်းကြီး (အာရေဗျ မြင်းထီးနှင့် အင်္ဂလိပ်မြင်းမ သားစပ်ပြီး ပေါက်ဖွားသောမြင်းမျိုး။ ဘာသာပြန်သူ) ပေါ်တွင် ခံ့ခံ့ညားညားထိုင်နေသည့် ကာရိုလင်း၏ ပုံရိပ်ကို တွေးကြည့်သည် ။ ကာရိုလင်းနှင့် ပြန်လည်တွေ့ဆုံရသည် မှာ စိတ်ဝင်စားဖွယ်။ သည် နေရာသည် ဒေသသို့ ပြန်လည်ခြေချရမည်မှာ မြူးကြွဖွယ်။ ဆမ်မန်သာရင်ထဲတွင် ရုတ်ခြည်း ဝမ်းသာကြည်နူးမှုလှိုင်းတွေ ဘောင်ဘင်ခတ်လာသည် ။

ဆမ်က မျက်လုံးတွေစွေပြီး ဘီလ်ကို ကြည့်သည် ။ ဘီလ်သည် ကာရိုလင်းနှင့် ဘယ်ရွေ့ဘယ်မျှသော အတိုင်းအတာအထိ ဆက်နွယ်ပတ်သက်နေသည် မသိ။ အသက်ခြောက်ဆယ့်သုံးနှစ်ရှိပြီ ဖြစ်သည့် တိုင် ဘီလ်ကား ချောမောဆဲ။ ခံ့ညားဆဲ။ အားနှင့် အင်နှင့် ဖျတ်လတ်သွက်လက်ဆဲ။ သူလည်း အခြားနွားထိန်းများ ဝတ်သည့် အဝတ်အစားမျိုးကိုပင် ဝတ်ထား၏။ သို့သော် သည် အဝတ်အစားတွေက သူနှင့် လိုက်ဖက်တင့်မောလှ၏။ မြင်းစီးဖိနပ်ချွတ်ထားလျှင်ပင် သူ့အရပ်ကြီးက ခြောက်ပေ လေးလက်မ။

ဖိနပ် စီးထားလျှင် သူ့အရပ်ကြီးသည် မိုးထိုးနေဘိသကဲ့သို့ ထင်ရ၏။

နွားခြံကြီး၏ ရှေ့ဘက်ခြံတံခါးဝမှ မောင်းဝင်လာကြသော ဆမ်မန်သာရင်ထဲတွင် ခံစားချက်အပြည့်။ ဝမ်းသာသည် ။ ပေါ့ပါးရွှင်လန်းလာသည် ။ နာကြည်းကြေကွဲလာသည် ။

နောက်ထပ်တစ်မိုင်လောက် မောင်းသွားမှ လော့ မွေးမြူရေးခြံ ဟူသော ဆိုင်းဘုတ်ကြီးကို တွေ့ရသည် ။

ဆမ်သည် ကလေးငယ်တစ်ယောက်လို မြူးကြွလျက်။ အသက်ကို အောင့်ထားရသည် ။ ကာရိုလင်း၏ အိမ်ကြီးသည် သူ့ရှေ့ ဘွားခနဲ ပေါ်လာလိမ့်မည်ထင်နေသည် ။ သို့သော် နောက်ထပ် ဆယ်မိနစ်လောက် ကားမောင်းဝင်သွားမှ ကိုယ်ပိုင်လမ်းကလေးပေါ် ရောက်၏။ နောက် ရုတ်ခြည်းပင် အိမ်ကြီးကို တွေ့လိုက်ရသည် ။

အမှတ်မဲ့ကြည့်လျှင် စိုက်ခင်းကြီးတစ်ခုထဲ ရောက်နေသည့် နှယ်။

အိမ်ကြီးက လှပသည် ။ အဖြူရောင်၊ အပြာရင့်ရောင် ပြတင်းပေါက်တွေနှင့် ။ အုတ်ခေါင်းတိုင် တစ်လုံးနှင့် ။ အိမ်ရှေ့ဆင်ဝင်က အကျယ်ကြီး။ အိမ်ရှေ့လှေကားတွေကလည်း ပြန့်ပြန့်ပြူးပြူး။

အိမ် ပတ်ပတ်လည်တွင် ပန်းခင်းတွေ။ နွေဦးရာသီတွင် ရောင်မျိုးစုံ ရောယှက်ပွင့်ဖူးလျက်။ အိမ်ကြီး၏ နောက်ဘက်တွင် မူ အုပ်ဆိုင်းဆိုင်း သစ်ပင်ကြီးတွေ။

အိမ်ကြီးဆီမှ ကုန်းပြေပြေကလေးအတိုင်း ဆင်းသွားလျှင် ရေကန်ကလေးတစ်ကန်။ ကန်စပ်တွင် တစ်ပင်တည်းသော မိုးမခပင်ကြီး။ ရေကန်တစ်ပြင်လုံး ကြာပန်းတွေ ဖုံးလွှမ်းလျက်။

ရေကန်ထဲတွင် မူ ဖားပြုတ်တွေ အများကြီး။

ကန်နှင့် မလှမ်းမကမ်းတွင် မြင်းဇောင်းတွေ။ ခပ်လှမ်းလှမ်းတွင် နွားတင်းကုပ်တွေ။ သည် မြင်းဇောင်းတွေ၊ နွားတင်းကုပ်တွေ ပတ်လည်တွင် မူ လူနေအိမ်ကလေးများ ။

“ဘယ့်နှယ်လဲ ကလေးမ၊ သဘောကျရဲ့ လား။ အရင်တစ်ခေါက်ထက် ခြားနားနေသလား”

“ဟင့်အင်း”

ဆမ် ပြုံးပြီး သူ့ပတ်ပတ်လည် အမှောင်ထုထဲ လျှောက်ကြည့်သည် ။ သို့သော် လမင်းက လင်းထိန်နေပြီ။ အိမ်ကြီးမှာ လည်း မီးထိန်ထိန်ညီးလျက်။

ခြံသားတွေ၏ အိမ်များ နှင့် သူတို့ ၏ ပင်မ ထမင်းစားခန်းကြီးတွင် မီးတွေတလက်လက်ဖြင့်။ မြင်းဇောင်းတွေနားတွင် လည်း မီးရောင် ထိန်ထိန်လင်းလျက်။ အလျင်တစ်ခေါက်ကထက် ဘာမျှပိုပြီး ထူးခြားပြောင်းလဲမှု မရှိကြောင်း မြင်သာတွေ့သာပါ၏။

“အတတ်ပညာပိုင်းဆိုင်ရာ ပြုပြင် ပြောင်းလဲမှုကလေးတွေတော့ ရှိတာပေါ့။ ဒါပေမဲ့ ဒါတွေကို ညည်းမမြင်နိုင်ဘူး”

“ကောင်းပါတယ်။ ကျွန်မက လုံးဝဥဿုံ ပြောင်းလဲသွားမှာ စိုးတာ”

“ဘယ်ကလာ”

သူက ကားဟွန်းကို နှစ်ချက်တီးလိုက်၏။ အိမ်ကြီး၏ ရှေ့တံခါးမကြီး ပွင့်လာသည် ။ ရှည်ရှည်သွယ်သွယ်နှင့် တစ်ခေါင်းလုံး ဆံပင်တွေ ဖြူဖွေးနေသည့် အမျိုးသမီးတစ်ဦး တံခါးဝတွင် ရပ်နေသည် ။ ပထမဦးစွာ ဘီလ်ကို ပြုံးပြ၏။ နောက် ချက်ချင်း ဆမ်ကိုပါ ပြုံးပြ၏။

တဒင်္ဂမျှ မိန်းမငယ်ကို ငေးကြည့်နေ၏။ ထို့နောက် ပေါ့ပါးသွက်လက်စွာ လှေကားထစ်များ အတိုင်း ပြေးဆင်းလာသည် ။ လက်နှစ်ဖက်ကို ဆန့်တန်းလျက်။ ပြီးတော့ ဆမ်မန်သာအား တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်၏။

"ကြိုဆိုပါတယ် ဆမ်မန်သာ။ ကြိုဆိုပါတယ်ကွယ်"

အမျိုးသမီးကြီးသည် သူ့တစ်သက်လုံးရှိခဲ့သည့် ကိုယ်နေဟန်အတိုင်း ရှည်ရှည်သွယ်သွယ် ဖြောင့်ဖြောင့်စင်းစင်းပင်။ မျက်လုံးတွေက တောက်တောက်ပပ။ သူ့တစ်ကိုယ်လုံးကိုခြုံကြည့်လျှင် ဘဝ၏ အားမာန်များကို မြင်တွေ့နိုင်၏။

ဆမ် နောက်ဆုံးအခေါက်ရောက်ခဲ့စဉ်က ကာရိုလင်း အသက်ငါးဆယ်ကျော်။ သည် တုန်းက ကာရိုလင်း သိပ်လှသည် ။ ယခုတစ်ခေါက် ရောက်လာတော့ ကာရိုလင်း ခြောက်ဆယ့်ခြောက်နှစ် ရှိနေပြီ။ သို့တိုင် ကာရိုလင်းက လှဆဲ ပဆဲ။ ကြည့်လေ။ ဂျင်းဘောင်းဘီနှင့် ။ ယောကျ်ားတစ်ယောက်လို ချည်ရှပ်အင်္ကျီနှင့် ။ လည်ပင်းတွင် အပြာရောင်တောက်တောက် လည်စည်းကို စည်းလျက်။ ခါးပေါ်တွင် မူ ဂေါ်ရခါး ခါးပတ်ကို ပတ်ထားသည် ။ မြင်းစီးဖိနပ်အရောင်မှာ ကျောက်စိမ်းရောင် ရင့်ရင့်။ အိမ်ပေါ်သို့ ပြန်တက်သွားသော ကာရိုလင်း နောက်မှ လိုက်ရင်း ကာရိုလင်း၏ ဆင်ယင်ထုံးဖွဲ့မှုကို ဆမ် သေသေချာချာကြည့်မိသည် ။

"ဟယ်....ကြည့်စမ်း၊ လှလိုက်တာ ဒေါ်လေး ကာရိုလင်းရယ်"

"ဟုတ်ရဲ့ လား"

ကာရိုလင်းက ချက်ချင်းအဓိပ္ပာယ်ပေါက်သည် ။ နောက်ပြီး ဆယ်ကျော်သက်ကလေးတစ်ယောက်၏ အပြုံးမျိုးဖြင့် သူ့ကိုယ်သူ

ငုံ့ကြည့်သည် ။

“ဒါတွေက သီးသန့်မှာ ယူထားတာလေ။ ဒီအသက် ဒီအရွယ်မှာ နောက်ဆုံးအနေနဲ့ အပိုခြယ်သမှုပေါ့ကွယ်။ ဒါပေမဲ့ ဘာဖြစ်သေးလဲ။ ဒါဟာ ကိုယ့်အဖို့ နောက်ဆုံးအခွင့်အရေး ဖြစ်ချင်ဖြစ်နေမှာ ပေါ့”

ဆမ့် ရင်ထဲ နင့်သွားသည် ။ ဩော်... ကာရိုလင်းပင် သည် အတွေးမျိုးတွေ တွေးနေပါပြီကော။ အိမ်ထဲသို့ လှမ်းဝင်သွားရင်း ဆမ်နှုတ်ဆိတ်နေ၏။ ဘီလ်က သူတို့ နောက်မှ အထုပ်အပိုးတွေဆွဲပြီး လိုက်လာသည် ။ ဧည့်ခန်းတစ်ခုလုံး အဖိုးတန်ပစ္စည်းများ ဖြင့် ခြယ်သထားသည် ။ တစ်ခန်းလုံးကို ခြုံကြည့်လိုက်လျှင် အပြာရောင်၊ အစိမ်းရောင်နှင့် အနီရောင်ကို သူ့နေရာနှင့် သူ နေရာတကျ စီမံထားသည် ။

“ကာရိုလင်း မီးဖိုဖို့ နောက်ထပ် ထင်းလိုသေးလား”

ဘီလ်က မိုးထိ အရပ်ကြီးပေါ်မှ ငုံ့ကြည့်လျက် မေး၏။ အနားကျယ် မြင်းစီးဦးထုပ်ကြီးကို လက်ထဲတွင် ကိုင်ထားသဖြင့် နှင်းလိုဖြူဖွေးသော ဆံပင်တွေ အထင်းသားပေါ်နေ၏။

ကာရိုလင်း ပြုံးပြီး ခေါင်းခါသည် ။ သူ့ကို ကြည့်ရသည် မှာ ပို၍ ပင်နုပျိုနေသေး။ မျက်လုံးတွေ အရောင်တဖျပ်ဖျပ် တောက်လျက်။

“မလိုတော့ဘူး ဘီလ်။ ဒီညအဖို့ လုံလောက်ပါပြီ”

“ကောင်းပါလေ့။ ဒါဆို မနက်ကျမှ ပဲ လာတွေ့တော့မယ် မိန်းကလေးတို့ ”

ဆမ်အား လှိုက်လှဲစွာ ပြုံးပြသည် ။ ကာရိုလင်းအား လေးလေးစားစား ခေါင်းဆတ် နှုတ်ဆက်သည် ။ ပြီးတော့

ခြေလှမ်းကျဲကြီးများ ဖြင့် ဧည့်ခန်းထဲမှ လှမ်းထွက်သွားသည် ။ ညင်သာသော တံခါးပိတ်သံကို ကြားရသည် ။

ဘီလ်နှင့် ကာရိုလင်းသည် သာမန်မိတ်ဆွေအဆင့်ထက် ပိုမှာ မဟုတ်ပါဘူးဟု ဆမ် နောက်တစ်ကြိမ် ဆုံးဖြတ်မိပြန်၏။ သည် ဆုံးဖြတ်ချက်မျိုးကို သူနှင့် ဘာဘရာသည် ကောလိပ်ကျောင်းသူဘဝတုန်းက အကြိမ်ပေါင်းတစ်ရာလောက် ဆုံးဖြတ်ခဲ့ကြပြီးပြီ။ ဘီလ်နှင့် ကာရိုလင်း၏ ဆက်ဆံရေးမှာ တည်ငြိမ်လွန်းသည် ။ တလေးတစား ရှိလွန်းသည် ။ ချစ်သူနှစ်ဦး၏ ဆက်ဆံရေးမျိုးကို မတွေ့ရ။ မမြင်ရ။

သို့သော် ဆမ်မန်သာ အတွေးနယ် ဆက်မချဲ့နိုင်မီ ကာရိုလင်းက မီးလင်းဖိုနားရှိ စားပွဲပုကလေးပေါ်တွင် လင်ဗန်းတစ်ချပ် ချလာသည် ။ ချောကလက်ရည် ပူပူနွေးနွေးတစ်ခွက် ထည့်ပေးသည် ။ အသားညှပ်ပေါင်မုန့်တွေ ထည့်ထားသည့် ပန်းကန်ပြားပေါ်မှ ပိတ်ပါးစကလေးကို ခွာလိုက်၏။ နောက်ပြီး ဆမ်ကို ထိုင်ရန် လက်ယမ်းပြသည် ။

"ကဲ...လာ ဆမ်။ ထိုင်ပြီး သက်သောင့်သက်သာ နေပေတော့"

ဆမ် ထိုင်မိသောအခါ အမျိုးသမီးကြီးက ပြုံးပြပြန်သည် ။

"ကြိုဆိုပါတယ်ကွယ်"

သည် ညနေအဖို့ ဒုတိယအကြိမ်အဖြစ် ဆမ့် မျက်လုံးများ ထဲတွင် မျက်ရည်များ ပြည့်လျှံလာပြန်သည် ။ သူက သွယ်နွဲ့သောလက်တစ်ဖက်ကို ကာရိုလင်းထံ ကမ်းပေးသည် ။ နှစ်ယောက်သား တစ်ခဏမျှ လက်ချင်းဆုပ်ကိုင်ထားကြ၏။ ဆမ်က အရိုးငေါ်းစင်း လက်ချောင်းကလေးတွေကို တင်းတင်းကျပ်ကျပ်

ဆုပ်ကိုင်လျက်။

"ခုလို လာနေခွင့်ပြုတဲ့ အတွက် ကျေးဇူးတင်ပါတယ် ဒေါ်လေးရယ်"

"ဒါတွေ မပြောစမ်းပါနဲ့ လေ"

ကာရိလင်းက ဆုပ်ကိုင်ထားသော လက်ကိုလွှတ်ပြီး ချော့ကလက်ရည်ပူပူကို လှမ်းပေးသည် ။

"ကိုယ့်ကို လှမ်းဆက်ဖော်ရတာ ဝမ်းသာပါတယ်ကွယ်။ ကိုယ်က ဆမ်ကို အမြဲချစ်ခဲ့တာပါ"

ခေတ္တမျှ တုံ့ဆိုင်းနေသည် ။ မီးလင်းဖိုထဲသို့ လှမ်းကြည့်သည် ။ ပြီးတော့ ဆမ်ကို ပြန်ကြည့်သည် ။

"ဘာဘရာကို ချစ်တဲ့ အတိုင်းပါပဲ။ ဘာဘရာကို ဆုံးရှုံးလိုက်ရတာ သမီးတစ်ယောက်ကို ဆုံးရှုံးလိုက်ရသလိုပါပဲကွယ်။ ဆယ်နှစ်လောက်တောင် ရှိသွားပြီဆိုတာ မယုံနိုင်စရာပဲနော်"

ဆမ် နှုတ်ဆိတ်စွာ ခေါင်းညိတ်၏။ ကာရိလင်းက ပြုံးပြသည် ။

"ဆမ်ကိုပါ မဆုံးရှုံးသေးဘူးဆိုတာ သိရတော့ ကိုယ် သိပ်ဝမ်းသာကျေနပ်ရတာပေါ့ကွယ်။ ကိုယ့်မှာ ဆမ်ရေးလိုက်တဲ့ စာတွေကို တမက်တမော ဖတ်ခဲ့ရတာ။ ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်ပိုင်းအတွင်းမှာ တော့ ဆမ် ဒီကိုလာမှ လည်ပါဦးတော့မလားလို့ ထင်မိတယ်လေ"

"ကျွန်မ လာချင်ပါတယ် ဒေါ်လေးရယ်။ ဒါပေမဲ့ အလုပ်က မအားနိုင်လွန်းလို့ "

"ကဲ....ခု....ဆမ်ရဲ့ ဖြစ်ကြောင်းကုန်စင်ကို ပြောပြတော့မလား၊ ဒါမှ

မဟုတ် သိပ်ပင်ပန်းနေပြီလား”

စင်စစ် လေယာဉ်ခရီးက ငါးနာရီကြာသည် ။ ပြီးတော့ သုံးနာရီမျှ ကားစီးခဲ့သည် ။ ကာလီဖိုးနီးယား စံတော်ချိန်အရဆိုလျှင် ညရှစ်နာရီခွဲပဲ ရှိသေးသည် ။ သို့ပေမဲ့ သူ လာခဲ့သည့် နယူးယောက် စံတော်ချိန်အတိုင်းဆိုလျှင် ည ဆယ့်တစ်နာရီခွဲနေပြီ။ မည်သို့ပင်ဖြစ်စေ သူ မပင်ပန်းသေး။ မိတ်ဆွေဟောင်းကြီးနှင့် ပြန်လည်ဆုံဆည်းရသည့် အတွက် တက်ကြွလန်းဆန်းနေသည် ။

“ကျွန်မ သိပ်မပင်ပန်းသေးပါဘူး။ ဘယ်က စရမှန်းမသိတာ”

“ဒါဆို ချော့ကလက်ရည်ပူပူလေးက စ။ ပြီးတော့ အသားညှပ်ပေါင်မုန့်ပေါ့။ ပြီးမှ ပြော”

နှစ်ယောက်သား နောက်တစ်ကြိမ် အပြုံးချင်း ဖလှယ်မိကြပြန်သည် ။ ဆမ်သည် ကာရိုလင်းအား မပွေ့မဖက်ဘဲ မနေနိုင်တော့။ ကာရိုလင်းက နွေးထွေးစွာ ပြန်လည်ပွေ့ဖက်သည် ။

“ဆမ် ခုလိုပြန်လာတဲ့ အတွက် ကိုယ် ဘယ်လောက်ဝမ်းသာရသလဲ သိလား”

“ကျွန်မ ဒီလိုပြန်လာရလို့ ပျော်တာရဲ့ တစ်ဝက်လောက်ပဲရှိမှာ ပါ”

အသားညှပ်ပေါင်မုန့်ကို ပလုတ်ပလောင်း စားသည် ။ ထိုင်ခုံ ကျောမှီပေါ် မှီချရင်း အားရပါးရပြုံးလျက်

“ဒေါ် လေး မှာ မျိုးသန့်ကြီးတစ်ကောင်ရှိတယ်လို့ ဘီလ်က ပြောတယ်၊ သိပ်လှတာပဲလားဟင်”

“အိုး...လှမှ လှပေ့ါ ဆမ်” ထို့နောက် ရယ်မောလိုက်ပြန်သည် ။ “ကိုယ့်ရဲ့ မြင်းစီးဖိနပ်အစိမ်းတွေထက် လှတာပေ့ါ။ ဒီကောင်ကြီးက

တကယ့်ကို အားကောင်းမောင်းသန်ကြီးကွဲ့။ ကိုယ်တောင် မနည်းကြီးစီးရတယ်။ ဘီလ်ကတော့ ဒီမြင်းကြီးကို စီးတိုင်း လိမ့်ကျပြီး သေလိမ့်မယ်လို့ ချည်း ပြောနေတာပဲ။ ဒါပေမဲ့ ဒီကောင်ကြီးကို မြင်လိုက်ရရင် မစီးဘဲကို မနေနိုင်ဘူး”

“တခြားခြံပိုင်တစ်ဦးရဲ့ သားတစ်ယောက် ဝယ်လာတာလေ။ နောက် အပူတပြင်း ငွေလိုတာနဲ့ ကိုယ်က ဝယ်ထားလိုက်တာ။ ဒီကောင်ကြီးကို အပျော်စီးဖို့ တောင် မထိုက်တန်ပါဘူးကွယ်။ ဒါပေမဲ့ မတတ်နိုင်ဘူး။ စီးတာပဲ။ ကိုယ်ဟာ ဘယ်လောက်ပဲ အိုမင်းရွတ်တွတဲ့ အဘွားကြီးဖြစ်နေဖြစ်နေ၊ ဒါမှ မဟုတ် ဘယ်သူကပဲ အရူးလို့ ထင်ချင်ထင်၊ ဒီမြင်းမျိုးကတော့ ကိုယ်သေသည် အထိ စီးသွားချင်တဲ့ မြင်းမျိုးပဲဟေ့”

အသက်အရွယ်နှင့် သေခြင်းတရားအကြောင်း ကြားရပြန်တော့ ဆမ် တုန်လှုပ်သွားမိပြန်၏။ တကယ်တော့ အလျင်တစ်ခေါက်နှင့် မတူ။ တမူခြားနားနေသည် က ဘီလ်နှင့် ကာရိုလင်းတို့ ၏ အသက်အရွယ်တွေပါကလား။ သူတို့ နှစ်ယောက်စလုံး အသက်ခြောက်ဆယ် ကျော်ကုန်ကြပါပြီကော။ မည်သို့ပင်ဖြစ်စေ သူတို့ နှစ်ယောက်ကို “အဘိုးကြီး၊ အဘွားကြီး”ဟု မခေါ်ရက်။ မခေါ်နိုင်။ သူတို့ နှစ်ယောက်လုံးက ချောမောလှပလွန်းကြသည် ။ တက်ကြွဖျတ်လတ်လွန်းကြသည် ။ အင်ပြည့် အားပြည့်နှင့် အလုပ်တွေ ဇယ်ဆက်အောင် လုပ်နေကြသူတွေ။

“ဘယ်လို နာမည်ပေးထားသလဲဟင်၊ ဒေါ်လေး”

ကာရိုလင်း အသံထွက်ကာ ရယ်မောနေ၏။ ထိုင်ရာမှ ထပြီး မီးလင်းဖိုဘက်သို့ လျှောက်သွားသည် ။ လက်နှစ်ဖက်ကို ဆန့်တန်းပြီး

အနွေးဓာတ်ကို ခံယူသည် ။

"မဟုတ်ရာ အလုပ်တဲ့ လေ"

ဆမ်မန်သာဘက်သို့ လှည့်လာသည် ။ သွယ်လျသော ကိုယ်လုံးကိုယ်ထည်သည် မီးရောင်တွင် ထင်းနေ၏။ တိကျသေသပ်စွာ ထုလုပ်ထားသည့် ပန်းပုရုပ်ကလေးတစ်ခုလို။

"ဒီအတောအတွင်းမှာ ဒေါ်လေးကာရို ဘယ်လောက်လှတယ်ဆိုတာ ဘယ်သူမှ မပြောကြဘူးလားဟင်"

ဒေါ်လေးကာရိုဆိုသည့် အမည်က ဘာဘရာခေါ်နေကျ နာမည်။ သည် တစ်ချီ မျက်လုံးအိမ်တွင် မျက်ရည်များ ပြည့်လျှံရသူက ကာရိုလင်း။

"သနားစရာပဲ ဆမ်။ မင်းဟာ အခုထိ မကြည့်တတ်။ မမြင်တတ်သေးပါလား"

"အိုး....သိပ်ကြည့်တတ်တာပေါ့ ဒေါ်လေးရယ်"

ပြုံးပြီး လက်ကျန်အသားညှပ်ပေါင်မုန့်ကို စား၏။ ပြီးတော့ ကာရိုလင်း ငှဲ့ပေးထားသည့် ချော့ကလက်ရည်ပူပူကို တစ်စုပ်မျှ စုပ်သည် ။

"ဒီတော့ ဂျွန်အကြောင်း ဒေါ်လေးသိချင်တယ် ဆိုပါတော့။ ဟိုတစ်ညက ကျွန်မ တယ်လီဖုန်းနဲ့ ပြောတာထက် ပိုပြီး ပြောစရာ များများ စားစား မရှိပါဘူး။ မိန်းမတစ်ယောက်နဲ့ ငြိတယ်။ ကိုယ်ဝန်ရှိလာတယ်။ ကျွန်မကို ပစ်သွားတယ်။ သူတို့ လက်ထပ်လိုက်ကြတယ်။ ခုတော့ သူတို့ ရဲ့ သားဦးကလေး မွေးမယ့်အချိန်ကို စောင့်မျှော်နေကြတယ်"

"ဆမ် ပြောတာ အကျဉ်းချုပ်လွန်းတယ်" နောက်တစ်ခဏမျှကြာမှ

"မင်း သူ့ကို မုန်းလားဟင်"

"တစ်ခါတလေတော့ မုန်းတယ်" ဆမ့်အသံ တိုးတိတ်လွန်းနေ၏။ "ဒါပေမဲ့ အချိန်တိုင်းလိုလို သူ့ကို လွမ်းနေမိတယ်။ သူမှ နေကောင်းရဲ့လားလို့ တွေးမိတယ်။ သိုးမွေးခြေစွပ်တွေစွပ်ရင် အဖုတွေ အပိမ့်တွေ ထွက်လာတတ်တာ။ အဲဒီအမျိုးသမီးမှ သိပါလေစပေ့ါလေ။ သူ ကြိုက်တတ်တဲ့ ကော်ဖီမှုန့်နဲ့ မှ ကော်ဖီသောက်ရပ့ါမလား။ သူ နေမကောင်းဖြစ်နေမလား။ ကျန်းမာနေလား၊ ပျော်ရွှင်နေလား၊ စိတ်ညစ်နေလား၊ ရင်ကျပ်ဆေးမှ သောက်ပါလေစ။ နောက်ပြီး သူ....သူ... စိတ်မကောင်းများ ဖြစ်နေသလား"

စကားကို ရပ်လိုက်၏။ မီးလင်းဖိုဘေးတွင် ရပ်နေဆဲဖြစ်သည့် ကာရိလင်းကို လှမ်းကြည့်သည် ။

"ရှုးကြောင်ကြောင်နိုင်ရာ မကျဘူးလားဟင်။ လူတစ်ယောက်က ကျွန်မကို ကျောခိုင်းသွားတယ်။ လှည့်စားသွားတယ်။ ပစ်သွားတယ်။ ကျွန်မ ဘယ်လိုနေသလဲတောင် တစ်ခွန်းမေးဖော်မရဘူး။ ဒါတောင် ကျွန်မက သူ့မိန်းမ ခြေစွပ်မှာ းဝယ်ပြီး ယားယံမှာ စိုးရိမ်သောက ပွားနေမိတယ်။ အဲဒါ ရှုးကြောင်ကြောင်မနိုင်ဘူးလား"

ဟက်ခနဲ ရယ်မောလိုက်၏။ သို့သော် ရယ်သံသည် ရှိုက်သံတစ်ဝက်စွက်နေသည် ။ ထို့နောက် မျက်လုံးတွေကို စုံမှိတ်ပစ်လိုက်၏။ ပြီးတော့ ခေါင်းကို သွက်သွက်ခါယမ်း၏။ မျက်လုံးတွေကို တင်းတင်းမှိတ်ထားဆဲ။ သည် သို့မှိတ်ထားလျှင် သူ့ခေါင်းထဲတွင် လပေါင်းများ စွာ ကခုန်နေခဲ့သည့် အတိတ်အရိပ်များ ပျောက်ကွယ်သွားတော့မည့် အလား။

"အဖြစ်က ရိုင်းလွန်းတယ် ကာရိုရယ်။ နောက်ပြီး ဟိုးလေးတကြော်ရှိလွန်းတယ်"

မျက်လုံးတွေ ပြန်ဖွင့်လိုက်၏။

"ဒေါ်လေး ဒီအကြောင်းတွေ မဖတ်ရဘူးလားဟင်"

"ဖတ်ရတယ်၊ တစ်ခါတည်းပဲ။ ဒါပေမဲ့ အဲဒီသတင်းက မင်းတို့နှစ်ယောက် ခွဲခွာလိုက်ကြတဲ့ အကြောင်း အကြမ်းဖျင်းရေးထားတာ။ ကိုယ် ထင်တာက မင်းတို့ နှစ်ယောက် တစ်ယောက်ယောက်ကို ပရိသတ်က ပိုပြီး စိတ်ဝင်စားအောင်လုပ်တဲ့ ထွင်လုံးလားလို့ ။ ဒါမျိုးတွေက လုပ်တတ်ကြတယ် မဟုတ်လား။ နောက်တော့လည်း ဘာမှ ဟုတ်တာ မဟုတ်ဘူး "

"ခုဟာက ဟုတ်တယ်၊ သူတို့ နှစ်ယောက်ကို ရုပ်မြင်သံကြားစက်ပေါ်မှာ မကြည့်ဖူးဘူးလားဟင်"

"တစ်ခါမှ မကြည့်ဖူးဘူး"

"ကျွန်မလည်း အရင်က မကြည့်ဖူးဘူး။ ဒါပေမဲ့ ခုတော့ ကြည့်နေမိတယ်လေ"

"မင်း အဲဒါကို ရုပ်တန်းက ရုပ်သင့်တာပေါ့"

ဆမ်မန်သာ တိတ်ဆိတ်စွာ ခေါင်းညိတ်၏။

"ဟုတ်ကဲ့။ ရုပ်မှာ ပါ။ ကျွန်မ ရုပ်တန်းက ရုပ်ရမယ့်အလုပ်တွေက အများကြီး။ ဒါကြောင့် ကျွန်မ ဒီကိုလာခဲ့တာပေါ့"

"ဒီတော့ ဆမ့်အလုပ်ကကော"

"ဒီလို ပြဿနာတွေ ရှုပ်ထွေးနေတဲ့ ကာလတစ်လျှောက်လုံး

အလုပ်တွေပြီးအောင် ဘယ်လိုလုပ်ခဲ့မှန်းတောင် ကိုယ့်ကိုယ်ကိုယ် မသိတော့ပါဘူး။ ကျွန်မကို သူတို့ ပြောတာလည်း မှန်မှာ ပါလေ။ ကျွန်မ မျက်စိပွင့်နေတဲ့ အချိန်တိုင်း ဖုတ်ကောင်ကြီးတစ်ကောင်လို ရုံးခန်းထဲမှာ အလုပ်လုပ်နေခဲ့မိတာကလား။ ခုလို ထွက်လာခဲ့တာလည်း ကောင်းပါတယ်”

သက်ပြင်းတစ်ချက် တိုးတိုးကလေးချရင်း လက်နှစ်ဖက်ထဲသို့ မျက်နှာကို မြှုပ်နှံလိုက်၏။ တဒင်္ဂမျှကြာသော် ကာရိလင်း၏ လက်တစ်ဖက် သူ့ပခုံးပေါ်တင်လာသည် ကို ခံစားသိရှိလိုက်ရ၏။

“ကိုယ်လည်း ဒီလိုပဲတွက်မိတယ်လေ။ ကိုယ်တို့ ယာတောက မင်းရဲ့ ဝေဒနာတွေကို ကုစားပေးပါလိမ့်မယ်။ အတွေးသစ် အမြင်သစ်တွေ ပေးပါလိမ့်မယ်။ မင်းဟာ ချောက်ချားစရာ အိပ်မက်ဆိုးကြီးကို ကျော်ဖြတ်ခဲ့ပါပြီ ဆမ်။ ကိုယ်သိတာပေါ့။ အာသာ ဆုံးတုန်းက ကိုယ်လည်း ဒီလိုပဲခံစားခဲ့ရတယ်။ ဒီအဖြစ်ဆိုးမျိုးကို ဘယ်လိုမှ ကျော်နိုင်လိမ့်မယ်လို့ မထင်ခဲ့ဘူး။ ကိုယ်ပါ သေလိမ့်မယ်လို့ ကို ထင်ခဲ့တာ။ မင်းရဲ့ အဖြစ်နဲ့ တော့ မတူဘူးပေါ့ကွယ်”

“ဘာပဲဖြစ်ဖြစ် သေဆုံးခြင်းဆိုတာကတော့ လက်မြောက်အရှုံးပေးတာပဲ။ အပယ်ခံဘဝကို လက်သင့်ခံလိုက်ရာ ရောက်တာပဲ။ ခုဆို မင်းဘဝ မဆုံးသေးပါဘူး ဆမ်မန်သာ။ တစ်နည်းအားဖြင့် ခုမှ ဘဝစတာပါ။ သိရဲ့ လား ခု ဆမ် အသက် ဘယ်လောက်ရှိပြီလဲ”

“သုံးဆယ်”

ညည်းညည်းညူညူ ဖြေ၏။ သူ ဖြေပုံမှာ သူ့အသက် ရှစ်ဆယ်ဟု ဖြေလိုက်ရသည့် အလား။ ကာရိလင်းက ရယ်သည် ။ လှပသော

ညှော့ခန်းထဲတွင် ညင်သာသော၊ ချိုလွင်သော ရယ်သံကလေး လွင့်ပျံ့နေ၏။

"မင်းအရွယ်ကို ကိုယ် အားကျစေချင်လို့ လား"

"သနားစေချင်တာပါ"

ဆမ် ပြုံးတုန်းတုန်း ဖြေ၏။

"ကိုယ့်အသက်အရွယ်မျိုးက မင်းကို သနားမနေအားတော့ပါဘူး။ ကလေးမရယ်။ အဲ... ဒါပေမဲ့ မနာလိုစိတ်ကလေးတော့ ပေါက်တယ်။ ကြည့်စမ်း သုံးဆယ်ဆိုတဲ့ အသက်အရွယ်"

မီးတောက် မီးလျှံတွေကို ရီဝေစွာ ကြည့်နေ၏။

"ဒီအရွယ်မျိုးရဖို့ ဆို ကိုယ် ဘာမဆိုပေးရဲတယ်"

"ဒေါ်လေးကာရို အခု လှနေပုံမျိုးရမယ်ဆိုရင် ကျွန်မလည်း ဘာမဆိုပေးရဲတာပဲ။ အသက်အရွယ်က အလကားပါ"

"မြှောက်စမ်း...မြှောက်လိုက်စမ်း ကောင်မလေးရေ့"

သို့သော် ဘဝင်ခိုက်သွားသည် မှာ သိသာပါသည် ။ ပြီးမှ ဆမ်ဘက်သို့ လှည့်လိုက်ပြန်၏။ မျက်လုံးတွေထဲတွင် အမေးပုစ္ဆာတစ်ခုဖြင့်။

"အဲဒီလိုဖြစ်ပြီးတဲ့ နောက်ပိုင်း ဆမ် ဘယ်သူနဲ့ များ တွဲသေးသလဲ"

ဆမ် ခေါင်းကို သွက်သွက်ယမ်းပြ၏။

"ဘာဖြစ်လို့ မတွဲသလဲ"

"သိပ်ကောင်းတဲ့ အကြောင်းပြချက်နှစ်ချက်ရှိတယ်။ သင့်လျော်လျောက်ပတ်တဲ့ လူထဲက ကျွန်မကို တောင်းဆိုမလာတာရယ်၊

ကျွန်မကလည်း မတွဲချင်တာရယ်ကြောင့် ပဲ။ ကျွန်မရဲ့ နှလုံးသားထဲမှာ ကျွန်မဟာ ဂျွန်တေလာနဲ့ ပေါင်းသင်းနေဆဲပဲ။ ကျွန်မတခြားတစ်ယောက်ယောက်နဲ့ တွဲမိရင် အဲဒီလူအပေါ် လိမ်လည်ရာရောက်မယ်လို့ ခံစားရတယ်လေ။"

"ကျွန်မ စိတ်သစ်မမွေးနိုင်သေးဘူး သိလား။ ဒါကို ဒေါ်လေး သိတယ်မဟုတ်လား။ ဘယ်တော့မှ လည်း စိတ်ပြောင်းနိုင်မယ် မထင်ပါဘူး။ ပြောင်းလည်း မပြောင်းချင်ဘူး။ ကျွန်မ အိမ်ကို သူ ကျောခိုင်းထွက်သွားကတည်းက ကျွန်မဘဝ တစ်ပိုင်းသေသွားသလိုပါပဲ။ ကျွန်မ ဘာဆိုဘာမှ ဂရုမစိုက်တော့ဘူး။ ကျွန်မကို ဘယ်သူမှ မချစ်လည်း ဝမ်းမနည်းဘူး။ ကျွန်မဟာ ချစ်စရာကောင်းတဲ့ မိန်းမတစ်ယောက်လို့ လည်း မထင်တော့ဘူး။ ဘယ်သူ့အချစ်ကိုမှ မခံချင်တော့ဘူး။ သူက လွဲလို့ ပေါ့လေ"

"အင်း....ဒီအတွေးအခေါ်ကို ပြောင်းဖို့ မင်းတစ်ခုခုတော့ လုပ်ရလိမ့်မယ် ဆမ်"

ကာရိလင်းက သဘောမမှုသည့် အကြည့်မျိုးဖြင့် သိမ်မွေ့စွာ ကြည့်၏။

"မင်း ဒီအချိန်မှာ လက်တွေ့ကျရမယ်။ တအိအိ ရွေ့လျားနေတဲ့ လူသေကောင်ကြီးတစ်ကောင်လို ဦးတည်ရာမဲ့ လျှောက်သွားနေလို့ မဖြစ်ဘူး ဆမ်။ ဘဝကို အဓိပ္ပာယ်ရှိရှိ နေရမယ်။ ဒါပေမဲ့ အချိန်တော့ ယူ ရ မှာ ပေါ့လေ။ ဒါကို ကိုယ် နားလည်ပါတယ်။ ခု ခွင့် ဘယ်လောက်ရသလဲ"

"သုံးလခွဲ"

"နောက် ခြောက်လ ထပ်ယူ"

နှုးညံ့စွာ ပြုံးသည် ။ ပြီးမှ

“အဲဒီအချိန်ကျလို့ မင်းတစ်ယောက်ယောက်ကို အရှုးအမူး မချစ်မိသေးဘူး ဆိုရင်တော့ တို့ များ တစ်နည်းတစ်ဖုံ ဖွတ်ပြောင်းပစ်ရမှာ ပဲ”

“ဘယ်လိုပြောင်းမှာ လဲ။ ဦးနှောက်ခွဲစိတ်ကုပြီးတော့လား”

ဆမ်မန်သာ ချော့ကလက်ရည်ပူပူကို တစုပ်စုပ်ရင်း အလေးအနက်မေးသည် ။

“တစ်ခုခုတော့ စဉ်းစားရမှာ ပေါ့။ ဒါပေမဲ့ စဉ်းစားရမယ့်အခြေအနေထိ ရောက်မယ်မထင်ပါဘူး”

“အဲဒီအချိန်ကျ မယ်ဒီဆင် ရိပ်သာလမ်းကို ပြန်ရောက်နေပြီး တစ်နေ့ ဆယ့်ငါးနာရီ အလုပ်လုပ်ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေနေမိဖို့ များ ပါတယ်”

“မင်း လိုလားတာ ဒါပဲလား”

ကာရိုလင်း ကြေကွဲစွာကြည့်၏။

“မသိဘူး။ ကျွန်မ အဲဒီလိုပဲ တွေးလေ့ရှိတယ်၊ ခုနေ ပြန်စဉ်းစားတော့လည်း ကျွန်မ ငွန်ကို ပြိုင်နေမိတာ ဖြစ်ကောင်းဖြစ်မယ်။ ခုလည်း ကျွန်မဥာနမှာ ကျွန်မ တီထွင်မှု ညွှန်ကြားရေးမှူး ဖြစ်နိုင်သေးတယ်။ ဒီလိုလုပ်ချင်တဲ့ အထဲမှာ အတ္တမာနတွေ ပါနေမှာ ပါ”

“အဲဒီလိုလုပ်နေတာကို မင်း ပျော်သလား”

ဆမ်မန်သာ ခေါင်းညိတ်၏။ ပြုံး၏။

“သဘောကျတယ်”

ထို့နောက် ရှက်ပြုံးရိပ်ရိပ် ပြုံးလျက် မျက်နှာကိုလွှဲကာ

“ဒါပေမဲ့ ဒီမှာ နေရတဲ့ ဘဝမျိုးကို ပိုပြီး သဘောကျတဲ့ အခါတွေလည်း ရှိပါတယ်။ ဒေါ်လေးကာရို မနက်ဖြန်ကျရင် ကျွန်မ မဟူရာအလှကို စီးရမလားဟင်”

ရှတ်ခြည်းပင် သူ့သွင်ပြင်က ဆယ်ကျော်သက်ရွယ် ကောင်မလေးတစ်ယောက်လို။ သို့သော် ကာရိုလင်းက ခေါင်းကို ဖြည်းလေးစွာ ခါယမ်း၏။

“နေဦး ဆမ်။ မင်းအနေနဲ့ တခြားမြင်းတွေ စီးပြီး ပြန်နွှေးလိုက်ဦး။ မင်း မြင်းမစီးရတာ ဘယ်လောက်ကြာပြီလဲ”

“နှစ်နှစ်လောက်”

“ဒါဆို မဟူရာ အလှနဲ့ ပြန်မစချင်ပါနဲ့ ကွယ်”

“ဘာဖြစ်လို့ လဲ”

“ဘာဖြစ်လို့ လဲဆိုတော့ ဂိတ်ပေါက်က မထွက်ရသေးခင် မင်း ပြုတ်ကျပြီး ဖင့်ညှောင့်ရိုး ကျိုးလိမ့်မယ်။ ဒီကောင်ကြီးကို စီးရတာမလွယ်ဘူး ဆမ်”

ထို့နောက် ပို၍ ညင်သာသောလေသံဖြင့်

“မင်းလို မိန်းကလေးတောင်မှ မလွယ်ဘူးထင်တယ်”

ဆမ်မန်သာ ဘယ်လောက်မြင်းစီး ကျွမ်းကျင်သည် ကို လွန်ခဲ့သည့် နှစ်များ အတွင်းက ကာရိုလင်း မျက်မြင်ကိုယ်တွေ့ရှိပြီးသား။ သို့ပေမဲ့ မဟူရာအလှဆိုသည့် ကောင်ကြီးကလည်း တခြားမြင်းများ နှင့် မတူ

ထူးခြားလှသည် ကို သူ ကောင်းကောင်း ကြီး သိနေသည် ။ ကာရိုလင်းကိုယ်တိုင်ပင် ချွေးဒီးဒီးကျအောင် စီးရသည့် အချိန်များ ရှိခဲ့၏။ သည် ကောင်ကြီးသည် ခြံဦးစီးနှင့် ခြံသားတိုင်းလိုလိုကို မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်စေခဲ့သည် မဟုတ်လား။

"အချိန် နည်းနည်းလေး ပေးလိုက်ပါ။ မင်း ကိုယ် မင်း စိတ်ချရပြီဆိုတဲ့ အချိန်ကျ မင်း စီးရပါစေ့မယ်။ ကိုယ် ကတိပေးပါတယ်ကွယ်"

ဆမ် အနေဖြင့် အချိန်အကြာကြီး စောင့်ရမည် မဟုတ်သည် ကို နှစ်ယောက်စလုံး သဘောပေါက်ပြီးသား။ ဆမ်က နှစ်ပေါင်းများ စွာ မြင်းတွေနှင့် ကျင်လည်ခဲ့သူပဲ။ မြင်းတစ်ကောင်စီးနိုင်ဖို့ အတွက် သံချေးတက်အောင် စောင့်နေရဖို့ အကြောင်းမရှိ။

"မင်း တကယ်ကို ပြင်းပြင်းထန်ထန် မြင်းစီးချင်ပါစေလို့ ကိုယ် ဆုတောင်းနေမိတယ်။ ဘီလ်နဲ့ ကိုယ်က နှစ်ကုန်အတွက် စာရင်းဇယားတွေနဲ့ ခေါင်းမဖော်နိုင်ကြဘူး။ မင်း သိထားတဲ့ အတိုင်း တို့ မှာ နှစ်ယောက်စာအင်အား လျော့နေတယ်လေ။ ကိုယ်တို့ လူပိုတစ်ယောက် ငှားချင်နေတယ်။ ဒီတော့ မင်းဆန္ဒရှိမယ်ဆိုရင် ယောက်ျားတွေနဲ့ ဝင်ပြီး စီးနိုင်တယ်"

"ဒေါ်လေး တကယ်ပြောတာလားဟင်"

ဆမ်မန်သာ မှ င်တက်မိနေ၏။

"ကျွန်မကို တကယ် လုပ်ခွင့်ပေးမှာ လား"

မျက်လုံးပြာပြာကြီးတွေ အရောင်တဖျပ်ဖျပ် လက်နေ၏။ ရွှေဆံပင်တွေ အရောင် တဝင်းဝင်းတောက်နေ၏။

"တကယ် လုပ်ခွင့်ပေးမှာ ပါ။ တကယ်တမ်းပြောရရင် ကိုယ်ကတောင် မင်းကို ကျေးဇူးတင်ရဦးမယ်။ မင်းဟာ သူတို့ ကို ယှဉ်နိုင်ပါတယ်။ ဒါမှ မဟုတ်လည်း တစ်ရက် နှစ်ရက်လောက်ဆိုရင် ယှဉ်နိုင်ပါပြီ။ စ,စချင်း ကုန်းနှီးပေါ်မှာ တစ်ရက်လုံး နေနိုင်ပ့ါမလား"

"သိပ် နေနိုင်တာပေ့ါ"

ဆမ်မန်သာ ပြုံးသည် ။ ကာရိုလင်းက ဆမ်အား မြတ်နိုးသောအကြည့်ဖြင့် ကြည့်ရင်း ဆမ်ဆီသို့ လျှောက်လာသည် ။

"ကဲ....ဒါဆို အိပ်ရာဝင်ပေတော့ ကလေးမရေ။ နက်ဖြန်မနက် လေးနာရီမှာ ထ,ရမယ်။ မင်းကတော့ လုပ်မယ်လို့ ပဲ ပြောမယ်ဆိုတာ ကိုယ်တွက်ထားပြီးသား။ ဒါကြောင့် မင်း လာလိမ့်မယ်လို့ တိတ်ဂျော်ဒန်ကို ကိုယ် မှာ ထားတယ်။ ဘီလ်နဲ့ ကိုယ်ကတော့ မြို့ထဲ သွားစရာကိစ္စလေး ရှိသေးတယ်။ ကဲ....မင်းကို ကြိုဆိုပါတယ် ကလေးရယ်"

"ကျေးဇူးပါပဲ ဒေါ်လေးကာရို"

နှစ်ယောက်သား ဧည့်ခန်းကို ဖြတ်လျှောက်သွားကြသည် ။ လင်ဗန်းနှင့် ပန်းကန်တွေကို စားပွဲပုကလေးပေါ်မှာ တင်ထားခဲ့၏။ နံနက်မိုးလင်းလျှင် သိမ်းဆည်းသန့်စင်ပေးမည့် မက်ဆီကန် အမျိုးသမီးကြီး ရောက်လာလိမ့်မည်။

ဆမ်ကို အိပ်ခန်းဝအထိ လိုက်ပို့သည် ။ အိပ်ခန်းကို နှစ်သက်သဘောကျနေသည့် ဆမ်ကို စောင့်ကြည့်သည် ။ သည် အခန်းကား ဟိုးယခင်က သူနှင့် ဘာဘရာတို့ နေထိုင်ခဲ့သော အခန်းမဟုတ်။ ဘာဘရာနေခဲ့သောအခန်းကို စာကြည့်ခန်းအဖြစ်သို့ ပြောင်းပစ်လိုက်ပြီ။ ဘာဘရာ ကွယ်လွန်သွားသည် ကို တသသ

ဖြစ်နေမိသောကြောင့် ဖြစ်၏။

စင်စစ် သည် အခန်းလည်း လှပါသည် ။ တစ်ခန်းလုံးတွင် အဖြူရောင်ကဲနေသည် ။ လှပအဖိုးတန်သော ပစ္စည်းတွေဖြင့် ဆင်ယင်ထားသည် ။ ပြတင်းပေါက်များမှ ကြည့်လိုက်လျှင် တောင်ကုန်းတွေ၏ ရှုခင်းကို ကောင်းကောင်း ကြီး မြင်တွေ့ရ၏။ အကြင်သူတစ်ယောက်သည် သည် အခန်းထဲတွင် နှစ်ပေါင်းများ စွာ မနေချင်သည့် တိုင် နာရီပေါင်းများ စွာတော့ နေချင်ပါလိမ့်မည်။

"ဒီအခန်းက ခြံသူတစ်ယောက်နေတဲ့ အခန်းနဲ့ နည်းနည်းကလေးမှ မတူဘဲကလား"

ခုတင်စွန်းတွင် ထိုင်ပြီး အခန်းပတ်လည်ကို လှည့်ကြည့်ရင်း ဆမ် ပြော၏။

"မတူတာတော့ အတိအကျပဲ။ ဒါပေမဲ့ မင်းသဘောကျမယ်ဆိုရင် ဟိုအိမ်ကလေးတွေထဲက ခြံသားတစ်ယောက်ယောက်ရဲ့ ခေါ က် ခု တ င် ပေါ် မှာ သွားအိပ်ချေလေ။ မင်းကို လက်ခံမှာ သေချာပါတယ်"

နှစ်ယောက် အပြုံးချင်း ဖလှယ်လိုက်ကြ၏။ မွှေးမွှေးပေးကြသည် ။ ထိုနောက် ကာရိုလင်းက တံခါးကို ညင်သာစွာ ပိတ်လိုက်၏။ သစ်သားကြမ်းခင်းပေါ်တွင် လျှောက်သွားသည့် မြင်းစီးဖိနပ်သံကို ဆမ်မန်သာ ကြားနေရ၏။ ဖိနပ်သံသည် ဧည့်ခန်းကို ဖြတ်ကျော်ပြီး အိမ်တစ်ဖက်ခြမ်းရှိ ကာရိုလင်း၏ အိပ်ခန်းဆီသို့ အရောက်တွင် ရပ်သွားသည် ။

ဆမ် သူ့အခန်းထဲတွင် ထိုင်ရင်း အဝတ်အစားသေတ္တာထဲမှ အဝတ်အစားတွေ ထုတ်နေ၏။ သူသည် နာရီပိုင်းအတွင်း

ကမ္ဘာသစ်တစ်ခုသို့ ရောက်လာသလို ခံစားရ၏။ သည် နေ့နံနက်ကပင် နယူးယောက်ရှိ သူ့အိပ်ခန်းထဲတွင် အိပ်နေခဲ့၏။ နောက်ပြီး ရုံးတွင် ဟာဗီနှင့် စကားပြောခဲ့သေးသည် ။ ဟုတ်မှ ဟုတ်ရဲ့ လား။ ယုံနိုင်ဖွယ်ရာပင် မရှိ။

ခပ်လှမ်းလှမ်းဆီမှ မြင်းဟီသံ သဲ့သဲ့ကို ကြားနေရသည် ။

ပြတင်းတံခါးကို ဖွင့်လိုက်တော့ ဆောင်းလေအေးက သူ့မျက်နှာကို ပွတ်တိုက်သွားသည် ။ အပြင်သို့ လှမ်းကြည့်လိုက်၏။ လရောင်ပြိုးပြက်သော ရှုခင်းတစ်ခု။ ကောင်းကင်တစ်ခွင်လုံး ပြာလဲ့လျက်။ ကြယ်တာရာတွေက ကောင်းကင်အနှံ့ ပြန့်ကျဲနေသည် ။ ရင်သပ်ရှုမောဖွယ် မြင်ကွင်းတစ်ခုပါကလား။

ဆမ်က သည် ကိုလာမိခဲ့သည့် အတွက် ကြည်နူး၏။ နယူးယောက်မှ ဝေးရာသို့ လာခဲ့ရသည့် အတွက် ကြည်နူး၏။ သည် နေရာ သည် ဌာနတွင် ကိုယ့်အစ္စျတ္တကို ကိုယ်ပြန်တွေ့ရလိမ့်မည်။

သူသည် မှန်ကန်သောလုပ်ရပ်တစ်ခုကို လုပ်ခဲ့ပြီဖြစ်ကြောင်း သိနားလည်နေပေပြီ။

ပြတင်းဝမှ မျက်နှာကိုလွှဲလိုက်ချိန်မှာ ပင် တံခါးပိတ်သံ သဲ့သဲ့ကို ကြားလိုက်ရ၏။ ကာရိုလင်း၏ အိပ်ခန်းဘက်ဆီမှ အသံ။ ဟိုယခင်အခါများက သူနှင့် ဘာဘရာ အတွေးကွန့်ခဲ့ကြသလို သံသယအတွေးလေး ခေါင်းထဲသို့ ဖျတ်ခနဲ ပြေးဝင်လာသည် ။ ဘီလ်ကင်းများ လား။

* * *

(၄)

နောက်တစ်နေ့ နံနက် လေးနာရီတွင် နာရီနှိုးစက်သံ မြည်လာသည်။

ဆမ် ညည်းညည်းညူညူဖြင့် ခုတင်ဘေးဘက်သို့ လက်ကို ဆန့်ထုတ်လိုက်၏။ နှိုးစက်ခလုတ်ကို ပိတ်ရန်။ သို့သော် လက်ကို လှမ်းလိုက်စဉ် သူ့လက်ပေါ်ဖြတ်ပြေးသွားသည့် လေနုအေးကလေးကို ခံစားလိုက်ရသည် နှင့် တစ်ခုခုတော့ ထူးခြားနေပြီဟု ရုတ်ခြည်း သိမှတ်လိုက်၏။

မျက်လုံးတစ်ဖက်ဖွင့်ပြီး လှည့်ပတ်ကြည့်သည် ။ သူ့အိမ်မှာ မဟုတ်ပါလား။ ယုတ်စွအဆုံး။ သူ့အိပ်ခန်းထဲမှာ တော့ မဟုတ်။ အတွေးရှုပ်ရှုပ်ဖြင့် နောက်တစ်ကြိမ် လှည့်ပတ်ကြည့်ပြန်သည် ။ အပေါ်ဘက်မှ အဖြူရောင်ပိုးတွန့် မျက်နှာကြက်ကို တွေ့သည် ။ ချက်ချင်း သဘောပေါက်သွား၏။ သူသည် ကာလီဖိုးနီးယားရှိ ကာရိုလင်း၏ နွား မွေးမြူရေး ခြံကြီးထဲ ရောက်နေပါကလား။ သည့် နေ့ နံနက် အခြားခြံသားတွေနှင့် အတူ မြင်းစီးရမည်လေ။

သည် စိတ်ကူးမှာ မနေ့ညကလောက် မက်မောဖွယ်၊ နှစ်သက်ဖွယ်မကောင်းလှတော့။ နံနက်မိုးမလင်းမီ အိပ်ရာထဲမှ ဝုန်းခနဲ ထ၊ ရေမိုးချိုး နံနက်စာပင် မစားရဘဲ အိမ်ကထွက်။ ပြီးတော့ ဝက်အူချောင်းတွေ၊ ကြက်ဥတွေ စုပုံထားသည့် ပန်းကန်ထဲမှ

ကြိုက်ရာယူစား။ နံနက် ခြောက်နာရီမထိုးသေးမီ မြင်းပေါ်တက်။ သိပ်ပြီးနိပ်လှသည့် အလုပ်မျိုးမဟုတ်။

သို့ပေမဲ့ အနောက်ပိုင်းသို့ သူ လာခဲ့ခြင်းမှာ ဒါတွေလုပ်ဖို့ ပဲမဟုတ်လား။ လွယ်တော့ သိပ်မလွယ်ဟု စဉ်းစားမိသည် ။ နွားခြံထဲမှ ခြံသားတွေနှင့် အပေါင်းအသင်းမဖြစ်လျှင် ပိုဆိုးမည်။ တစ်ဖက်က ကြည့်ပြန်တော့လည်း ယောကျ်ားသားများ နှင့် တန်းတူ မြင်းစီးခွင့်ပေးခြင်းသည် ကာရိုလင်းက သူ့အား အထူးအခွင့်အရေးတစ်ရပ် ပေးခြင်း။ သည် တော့ တစ်နည်းပဲရှိသည် ။ သူ့အား ခြံသားတွေက လေးလေးစားစားရှိစေလိုလျှင် သူတို့လိုပင် ကြံ့ခိုင်ကြောင်းပြရမည်။ သူတို့လိုပင် မြင်းကို အကိုင်ကျွမ်းကြောင်း၊ အထာကျေကြောင်း၊ အချိန်မရွေး တက်စီးနိုင်ကြောင်း ပြသရမည်။

ရေချိုးပြီးတော့ အပြင်ဘက် အမှောင်ထဲသို့ လှမ်းကြည့်လိုက်သည် ။ ပျက်စပြုနေသော စိတ်ဓာတ်တွေ ထပ်ဆင့်လျော့သွားပြန်သည် ။ အပြင်တွင် မိုးဖွဲဖွဲ ရွာနေ၏။ အပြာရောင် ဂျင်းဘောင်းဘီတစ်ထည် ကောက်စွပ်သည် ။ ကြယ်သီးတပ်ရှပ်အင်္ကျီအဖြူ၊ အနက်ရောင်ကော်လာ လည်ထောင် ဆွယ်တာထူထူ။ သိုးမွေး ခြေစွပ်များ ၊ အရှေ့ပိုင်းတုန်းက သူ အမွန်အမြတ်ထားပြီး ဝယ်ခဲ့သည့် မြင်းစီးဖိနပ်တို့ ကို တစ်ခုပြီးတစ်ခု ဝတ်ဆင်သည် ။ ထို့နောက် ရွှေရောင်ဆံပင်တွေကို လည်ကုပ်ပေါ်တွင် စုစုစည်းစည်း ထုံးသည် ။ ရေအေးအေးဖြင့် မျက်နှာကို ဆွတ်လိုက်ပြန်၏။ သူ ရေခဲပြင် လျှောစီးစဉ်က ဝတ်ဆင်ခဲ့သည့် ခေါင်းဆောင်းနှင့် တွဲထားသည့် ဂျာကင်အင်္ကျီနှင့် သားရေလက်အိတ် အညိုတစ်စုံကို ဝတ်သည် ။

သူ့တစ်ကိုယ်လုံးတွင် မြို့ပြ၏ ဆင်ယင်ထုံးဖွဲ့မှုတွေ

တစ်ခုမျှမရှိတော့။ သိမ်မွေ့နေဖို့ မလို။ ကျက်သရေရှိနေဖို့ မလို။ နွေးထွေးဖို့ နှင့် သက်သက်သာသာနေနိုင်ဖို့ သာ လိုသည် ။

ညနေဘက် အလုပ်ခွင်မှ ပြန်လာတော့ကော။ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နာကျင်နေမည်။ အရိုးအဆစ် မှန်သမျှ ကိုက်ခဲနေမည်။ တင်ပါးတွေ ကျိန်းစပ်နေမည်။ ဒူးတွေ ချောင်နေမည်။ လေတိုက်လွန်းသဖြင့် မျက်စိတွေဝေသီနေမည်။ မျက်နှာတစ်ပြင်လုံး စပ်ဖျဉ်းဖျဉ်း ဖြစ်နေမည်။ လက်နှစ်ဖက်ကမူ မြင်းဇက်ကြိုးကို တစ်နေ့လုံးကိုင်ထားရသည့် အတွက် ညောင်းညာပြီး အကြောသေသွားမည်လား မပြောတတ်။ သည် လိုအကျိုးဆက်တွေကို သိထားပါလျက် အိပ်ရာထဲမှ ကျုံးထနေရခြင်းသည် အားတက်ရွှင်လန်းစရာ သိပ်မရှိလှ။

သူ့အခန်းထဲမှ ထွက်သည် ။ ဧည့်ခန်းထဲရောက်တော့ ကာရိုလင်း၏ အခန်းတံခါးအောက်ခြေမှ အလင်းရောင်တန်းကလေး ထိုးထွက်နေသည် ကို တွေ့ရ၏။ ကာရိုလင်းကို သွားနှုတ်ဆက်ဖို့ စဉ်းစားလိုက်သေးသည် ။ သို့သော် သည် လို အချိန်မတော် အခါမတော်ကြီးတွင် အနှောင့်အယှက်ပေးဖို့ မသင့်။

သို့ဖြင့် အိမ်ရှေ့တံခါးမဆီသို့ ခြေဖျားထောက်ပြီး လျှောက်ခဲ့သည် ။ တံခါးကို ဖြည်းညင်းစွာပိတ်ခဲ့၏။ ဂျာကင်နှင့် တွဲထားသည့် ခေါင်းဆောင်းကို ခေါင်းပေါ် ဆွဲတင်သည် ။ မေးသိုင်းကြိုးကို ချည်သည် ။ ရေအိုင်ကလေးတွေ ဖြစ်စပြုနေပြီဖြစ်သော မြေပြင်ပေါ်တွင် သူ့ဖိနပ်က တစွပ်စွပ် အသံထွက်နေသည် ။

ပင်မ အခန်းကြီးသို့ ရောက်ဖို့ တစ်သက်စာမျှ လျှောက်ရသလား အောက်မေ့ရ၏။ သည် ခန်းမကြီးထဲတွင် ခြံသားတွေ

စားသောက်ကြသည် ။ ညဘက်များ တွင် ဘိလိယက်ထိုးကြသည် ။ ဖဲရိုက်ကြသည် ။ ခန်းမကြီးက အကျယ်ကြီး။ ဆေးရောင်တွေက လတ်လတ်ဆတ်ဆတ်။ မျက်နှာကြက်ရှိသည် ။ လူတစ်ယောက် ကောင်းကောင်း ဝင်ပြီး ရပ်နိုင်လောက်အောင်မြင့်သည့် အုပ်မီးလင်းဖိုကြီးရှိသည် ။ ဓာတ်စက်နှင့် ရုပ်မြင်သံကြားစက်ရှိသည် ။ ကစားခုံတွေကလည်း အများကြီး။ နောက်ပြီး ရှေးဟောင်း ဘိလိယက်ခုံကြီးတစ်လုံး။ ဆမ် သိနားလည်ထားသည့် အတိုင်းပင် ကာရိုလင်းသည် သူ့လူတွေကို ကောင်းကောင်း ကြီး "ကြည့်" ထားလေသည် ။

တံခါးဝနားရောက်သည် နှင့် တဒင်္ဂမျှ တုံ့ဆိုင်းသွားသည် ။ သူ့လက်သည် တံခါးလက်ကိုင်ဖုပေါ်တွင် မလှုပ်မယှက်။ သူ ဘာတွေများ လျှောက်လုပ်နေမိပါလိမ့်။ သူသည် ကျားသတ္တဝါတွေသာ ကျင်လည်ကျက်စားသည့် ကျားကမ္ဘာထဲသို့ ကျူးကျော်ဝင်ရောက်လာသူပါကလား။ နံနက်စာကော၊ နေ့လယ်စာကော သူတို့ စားသည့် အစားအသောက်တွေကို စားရမည်။ သူတို့ နှင့် ဒိုးတူပေါင်ဖက် အလုပ်လုပ်ရမည်။ သူတို့ အထဲက သူတို့လို လူတစ်ယောက်ပမာ ဟန်ဆောင်နေရမည်။

သည် သို့ ကျူးကျော်ဝင်ရောက်လာသည် ကို သူတို့ က ဘယ်လိုသဘောထားကြမည်လဲ။ ရုတ်တရက် ဒူးတွေတုန်လာသည် ။ သူ ရောက်လာမည့် အကြောင်း ဘီလ်နှင့် ကာရိုလင်းက ကြိုတင် သတင်းပေးထားလေသလားမသိ။ အခန်းထဲ ဆက်ဝင်ဖို့ ထိတ်လန့်ကြောက်ရွံ့စွာ ရပ်နေမိ၏။ တံခါးလက်ကိုင်ဖုကို ကိုင်ရင်း မိုးရေထဲတွင် တွေဝေစွာ ရပ်နေခိုက် နောက်ဘက်မှ ရေရွှတ်သံကို ကြားလိုက်ရ၏။

"ဟော့ကောင်၊ ဝင်လေကွာ။ သေတော့မှာ ပဲ။ ချမ်းတယ်ကွ"

မျှော်လင့်မထားသည့် အသံကြောင့် အထိတ်တလန့်ဖြင့် ချာခနဲလှည့်ကြည့်လိုက်၏။ တုတ်တုတ်ခိုင်ခိုင် လူကြီးတစ်ယောက်နှင့် မျက်နှာချင်းဆိုင်မိသည် ။ ဆံပင်က အညိုရောင်ရင့်ရင့်။ မျက်လုံးနက်နက်တွေဖြင့်။ အရပ်နှင့် အသက်က သူ့လောက်ပဲရှိသည် ။ ဆမ်လိုပင် သူလည်း အံ့အားသင့်သွားသည် ။ လူမှာ းပြောလိုက်မိသဖြင့် ပါးစပ်ကို ကမန်းကတန်း လက်ဖြင့် အုပ်လိုက်၏။ ပြီးမှ အားပါးတရ ပြုံးလိုက်ကာ

"ခင်ဗျားက မစ္စကာရိုလင်းရဲ့ မိတ်ဆွေဆိုတာလား ၊ ဟုတ်လား"

ဆမ်က ပြုံးပြဖို့ ကြိုးစားရင်း ခေါင်းညိတ်ပြသည် ။

"စိတ်မဆိုးနဲ့ နော်၊ ဒါပေမဲ့ တံခါးတော့ ဖွင့်ပါဗျာ၊ ချမ်းတယ်ဗျ"

"သြော်...."

တံခါးကို တွန်းဖွင့်ပေးလိုက်၏။

"စိတ်မကောင်းပါဘူးရှင်။ ကျွန်မ ကျွန်မ သူ သူက ကျွန်မအကြောင်းပြောထားလို့ လားဟင်"

ကြွေရောင် ပါးပြင်ကလေးသည် စိတ်လှုပ်ရှားမှုနှင့် အေးစက်သောမိုးကြောင့် ရဲရဲနီနေ၏။

"ပြောတာပေါ့။ ကျုပ်တို့ ခြံက ကြိုဆိုပါတယ် မိန်းကလေး"

သူက ပြုံးပြပြီး ဆမ်ကို ကျော်ဖြတ်ဝင်သွားသည် ။ ကြိုတော့ကြိုဆိုသည် ။ သို့သော် နောက်ထပ်စကားဆက်ပြောနေလိုဟန် မရှိ။ ထိုလူက အခြားနှစ်ယောက် သုံးယောက်ကို နှုတ်ဆက်သည် ။

စားဖိုဆောင်ဆီသို့ လျှောက်သွားသည် ။ စာဖိုးမှူးကို နှုတ်ဆက်သည် ။ ပြီးတော့ ကော်ဖီတစ်ခွက်နှင့် မလိုင်ဆမ်းမုန့်ဆန်း တစ်ဇလုံယူလာသည် ။

ခုမှ ဆမ်မန်သာ မြင်သည် ။ အခန်းထဲတွင် စောစောက သူ့ကို နှုတ်ဆက်သွားသူလို လူစားတွေ အများကြီး။ ဂျင်းဘောင်းဘီ အပြာတွေဖြင့်။ ဂျာကင်အင်္ကျီအထူတွေနှင့် ဆွယ်တာတွေ ဝတ်ထားကြသည် ။ ဦးထုပ်တွေက နံရံပေါ်ရှိ ချိတ်တွေတွင် ချိတ်လျက်။ မြ င်း စီး ဖိ န ပ် သံ တွေ မှာ သစ်သားကြမ်းခင်းပြင်ပေါ်တွင် လျှောက်လိုက်တိုင်း ကျယ်လောင်စွာ အသံပြုလျက်။

ကော်ဖီ သောက်သူသောက်၊ စကားစုပြောသူ ပြောဖြင့် စုစုပေါင်း နှစ်ဆယ်ကျော်လောက်ရှိမည်။ ခြောက်ယောက်လောက်သည် စားပွဲရှည်ကြီးတွင် ထိုင်ပြီး ကြက်ဥနှင့် ဝက်ပေါင်ခြောက် သို့မဟုတ် မုန့်ဆန်းပူပူနွေးနွေးကို စားနေကြသည် ။ တချို့ကတော့ ကော်ဖီကို ဒုတိယအကြိမ် သို့မဟုတ် တတိယအကြိမ် သောက်နေကြသည် ။

ဘယ်နေရာကိုပဲ ကြည့်လိုက် ကြည့်လိုက် ယောက်ျားတစ်ယောက်သည် လုပ်နေကျ သူ၏ နံနက်ခင်းအလုပ်ကို လုပ်နေသည် ။ ယောက်ျားရင့်မကြီးများ သာ ကျင်လည်သည့် ကျားကျားလျားလျား တာဝန်များကို ထမ်းဆောင်ရန်။

ဆမ်မန်သာသည် သူ့တစ်သက်တွင် ပထမဆုံးအကြိမ်အဖြစ် ပတ်ဝန်းကျင်နှင့် မဝင်ဆံ့နိုင်ဘဲ ဖြစ်နေသည် ။ မျက်နှာတစ်ခုလုံး ပူပူထူထူဖြင့်ပင် စားဖိုခန်းဆီသို့ ဝင်သွားသည် ။ ခြေလှမ်းတွေက မမှန်ချင်။ လမ်းတွင် တွေ့သည့် လူနှစ်ယောက်အား မလုံမလဲ ပြုံးပြသည် ။ ပြီးတော့ ကော်ဖီကြမ်းတစ်ခွက်ယူပြီး

အခန်းထောင့်တစ်နေရာတွင် ချောင်ကပ်ထိုင်နေမိသည် ။

အခန်းကို မျက်လုံးဝေ့ကြည့်လိုက်သည် ။ တွေ့ဖူးမြင်ဖူးသည့် မျက်နှာတစ်ခုမျှ မတွေ့ရ။ အများ စုမှာ လူသစ်တွေချည်း။ လူငယ်ကလေးတွေ။ နှစ်ယောက် သုံးယောက်လောက်က နွားထိန်းလက်ဟောင်းကြီးတွေ ဖြစ်ဟန်တူ၏။ တစ်ဦးက ပခုံးကျယ်ကျယ်၊ တုတ်တုတ်ခိုင်ခိုင်။ အသက်မှာ ငါးဆယ်ကျော်ရုံကလေးပဲရှိဦးမည်။ ဘီလ်ကင်းနှင့် ခပ်ဆင်ဆင်။ ကိုယ်လုံးကိုယ်ပေါက်က ဘီလ်ကင်းနှင့် တူသည် ။ သို့သော် မျက်လုံးတွေ လှိုက်လှဲပျူငှာမရှိ။ မျက်နှာက အကြင်နာနည်းမည့် ပုံ။ သူက ဆမ်မန်သာအား တစ်ကြိမ်မျှသာ စွေစောင်းကြည့်သည် ။ ပြီးတော့ ဆံပင်နီနီနှင့် လူတစ်ယောက်ကို တစ်စုံတစ်ရာပြောသည် ။ နှစ်ယောက်သား အခြားလူနှစ်ယောက်ထိုင်နေသည့် စားပွဲတစ်လုံးသို့ လျှောက်သွားရင်း ရယ်မောလိုက်ကြ၏။ ဆမ် မနေတတ် မထိုင်တတ် ဖြစ်သွား၏။ သူသည် ရယ်မောလှောင်ပြောင်စရာ ဖြစ်နေပြီလား။ သည် ကိုလာခဲ့တာ မှား ပြီထင်၏။ သည် ယောကျ်ားတွေနှင့် ရင်ပေါင်တန်းပြီး မြင်းစီးဖို့ ဆုံးဖြတ်ခဲ့ခြင်းသည် ပို၍ မှား ပြီထင်၏။

“ညည်း မနက်စာ မစားတော့ဘူးလားကွယ်”

သူ့ဘေးမှ အသံက စူးရှရှ။ သို့သော် ညင်သာသည် ။ လှည့်ကြည့်လိုက်တော့ ဘီလ်ကင်း အသက်အရွယ်လောက်ရှိသည့် လူတစ်ဦးကိုတွေ့၏။ စောစောကတစ်ယောက်လောက် သဘောဆိုးမည့် ပုံမပေါ်။ ဆမ် နောက်တစ်ကြိမ် ထပ်ကြည့်မိပြန်သည် ။ သည် တော့မှ ဟိုက်ခနဲ အသံထွက်သွားသည် ။

“ဂျော့ရှ်၊ ဂျော့ရှ်လေ။ ငါပါ ဆမ်ရဲ့ ”

ဘာဘရာနှင့် သူ နွေကျောင်းပိတ်၍ ရောက်လာတိုင်း ဂျော့ရှ်နှင့် တွေ့နေကျ။ ဂျော့ရှ်က သူတို့ နှစ်ယောက်အား အမြဲလိုစောင့်ရှောက်ခဲ့သည် လေ။ သူ့မှာ မိန်းမနှင့် ကလေးခြောက်ယောက်ရှိသည် ဆို၏။ သို့သော် သူ့မိသားစုကို နွားခြံထဲတွင် တစ်ခါမျှ မတွေ့ဖူးခဲ့။ အခြား အခြားသော မြင်းထိန်းအများ စုကဲ့သို့ပင် သူလည်း ကျားကမ္ဘာထဲတွင် သာ တသီးတသန့် ကျင်လည်ကျက်စားနေခဲ့၏။

သူတို့ ဘဝကား ထူးခြားသည် ။ အထီးကျန်ဘဝမျိုး။ ကိုယ့်လို ဘဝတူများ ရှင်သန်ပေါင်းစပ်နေကြသည့် တစ်ကိုယ်တော်သမားများ ။ ဂျော့ရှ်က ခုမှ ဆမ်ကို သေသေချာချာ မှတ်မိသွားဟန်ဖြင့် ပွေ့ပိုက်နှုတ်ဆက်သည် ။ ဆမ့်ပါးပြင် နုနုပေါ်တွင် မုတ်ဆိတ်မွေးကြမ်းကြမ်းကြီးတွေ၏ ပွတ်တိုက်မှုကို ခံစားလိုက်ရ၏။

“သေ တော့ မှာ ပဲကွာ၊ ဆမ်ကိုး။ မစ္စကာရိုလင်းက သူ့ “မိတ်ဆွေ” လာမယ့်အကြောင်း ပြောတုန်းက ညည်းဖြစ်မယ်လို့ ဘာကိစ္စများ ငါ မတွက်ခဲ့မိပါလိမ့်ကွာ”

သူ့ခေါင်းကို လက်ဝါးဖြင့် ဖြန်းခနဲ ပုတ်၏။ ပြီးတော့ ဆမ်ကို ပြုံးကြည့်လိုက်ပြန်၏။

“ညည်းက ဘယ်လို ဘယ်လိုဖြစ်လာတာလဲ၊ သေပါတော့ကွာ။ ဟော့....ချာတိတ်၊ ညည်းက လှတယ်ဟ”

“ဂျော့ရှ်လည်း လှတာပါပဲ။ မိန်းမနဲ့ ကလေးတွေကော နေကောင်းကြရဲ့ လား”

“အင်း...အရွယ်ရောက်တော့ အတောင်တောင် ပေါက်ကုန်ကြပြီဗျ။ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးပေပဲ။ ခုတော့ တစ်ယောက်နဲ့ မိန်းမပဲ

ကျန်တော့တယ်”

ထို့နောက် ထိတ်လန့်ကြောက်ရွံ့စရာ လျှို့ဝှက်ချက်တစ်ခုကို ပြောသည့် နှယ် အသံကို ရုတ်တရက် နှိမ့်ချလျက်

“သူတို့ ခု နွားခြံထဲမှာ နေကြတယ်လေ။ မစ္စကာရိုလင်းက ခေါ်ခိုင်းတာဗျာ့။ ငါက ဒီမှာ နေပြီး သူတို့ က မြို့ထဲမှာ နေတာ မသင့်လျော်ဘူးတဲ့ ဗျား”

“ကျွန်မကတော့ သဘောကျတယ်”

ဂျော့ရှ်မျက်လုံးတွေ ကလည်ကလည် လုပ်ပြတော့ နှစ်ယောက်သား ရယ်ပွဲဖွဲ့မိကြ၏။

“ညည်းမနက်စာ မစားတော့ဘူးလား။ မစ္စကာရိုလင်းက တို့ ကို ပြောပြထားတယ်ကွ။ နယူးယောက်က သူ့မိတ်ဆွေတစ်ယောက် တို့ ကို လာကူလိမ့်မယ်တဲ့ ”

သူက တဒင်္ဂမျှ ညစ်ကျယ်ကျယ် ပြုံး၏။

“လာကူမယ့် သူ့မိတ်ဆွေက မိန်းကလေးဆိုတာ ကြားရတဲ့ အချိန်မှာ ညည်း သူတို့ မျက်နှာတွေကို မြင်စေ့ချင်တယ်”

“သူတို့ ရင်ဖိုသွားတာ ဖြစ်မှာ ပါ”

စားဖိုခန်းဆီသို့ လျှောက်သွားရင်း ဆမ် မထိတထိ ရိုလိုက်၏။ ဂျော့ရှ်နှင့် ဆုံလိုက်ရသည့် အတွက် ဆမ် ကော်ဖီကို အာသာငမ်းငမ်း သောက်ချင်နေပြီ။ စားသောက်စရာတွေရနံ့က အလိုလို သင်းပျံ့နေပြီ။

“ညည်း ဒီမှာ ဘာလာလုပ်နေတာလဲ ဆမ်။ ညည်း အိမ်ထောင်ကျနေပြီ မဟုတ်လား”

"ခု မကျတော့ပါဘူး"

ဂျော့ရှ် ခေါင်းတဆတ် ညိတ်၏။ ဆမ်က သည် အကြောင်းပြောဖို့ စိတ်မကူးတော့။ ပေါင်မုန့်ထောပတ်သုတ်နှင့် ဂျုံမှုန့်ကို အေးအေးဆေးဆေး စားနေသည် ။ သူတို့ နှင့် အတူ ဘယ်သူမျှ လာမစားကြ။ စပ်စုလိုသူ နှစ်ဦးသုံးဦးကို ဂျော့ရှ်က ဆမ်နှင့် မိတ်ဆက်ပေးသည် ။ လာရောက် စကားစမြည်ပြောသူများက ဆမ်ထက် အသက်ငယ်သူတွေချည်း။ သို့သော် မျက်နှာတွေက ခပ်ကြမ်းကြမ်း။ မိုးရွာမရှောင် နေပူမရှောင် အမိုးအကာမဲ့ ကွင်းပြင်ထဲတွင် သာ ကြမ်းတမ်းပင်ပန်းစွာ အလုပ်လုပ်ကြသူများ မဟုတ်လား။ အထူးသဖြင့် ယခုလို ရာသီမျိုးတွင် ပို၍ ပင်ပန်းသည် ။

"မျက်နှာသစ်တွေ အများကြီးပဲနော် ဆမ်"

ဂျော့ရှ် ပြောတော့ ဆမ်ခေါင်းညိတ်၏။ ထိုနောက် ဂျော့ရှ်က ကော်ဖီထပ်ယူရန် နေရာမှ ထသွားသည် ။ မီးလင်းဖိုကြီး၏ အထက်ဘက်ရှိ ဧရာမတိုင်ကပ်နာရီကြီးကို လှမ်းကြည့်လိုက်၏။ ငါးနာရီ လေးဆယ့်ငါးမိနစ်။ နောက် ဆယ့်ငါးမိနစ်လောက်ဆိုလျှင် မြင်းဇောင်းသို့သွားပြီး ကိုယ့်မြင်းကိုယ် ယူရမည်။ ပြီးလျှင်မှ တစ်နေ့တာ လုပ်ငန်းစရပေတော့မည်။

ဆမ် ဘယ်မြင်း စီးရမည်မသိ။ မနေ့ညက ကာရိုလင်းလည်း ဘာမျှပြောမထား။ ဂျော့ရှ်ကို လှည့်ပတ်ရှာကြည့်မိသည် ။ ဘယ်ရောက်သွားသည် မသိ။ ဆမ်သည် မိဘနှင့် လူကွဲသွားသည့် ကလေးငယ်တစ်ယောက်လို ကျီးကန်းတောင်းမှောက် ရှာကြည့်နေမိ၏။ တချို့တလေက သူ့အား ဝေ့ကာ ဝဲကာ ကြည့်၏။ သို့သော် တစ်ယောက်မျှ သူ့အပေါ် စိတ်ဝင်စားဟန်မပြကြ။

ဆမ်က သူတို့ အာရုံစိုက်လာအောင် အော်ဟစ်ပစ်ချင်စိတ်ပေါ်လာ၏။ သို့မဟုတ် စားပွဲခုံပေါ်တက်ပြီး သူတို့ကမ္ဘာထဲသို့ ကျူးကျော်ဝင်ရောက်ခဲ့မိသည့် အတွက် ဝမ်းနည်းပါကြောင်း၊ သို့သော် ယခုကဲ့သို့ သူတို့ ပြုမူနေပုံမှာ သူ့အား မရှုးရှုးအောင် ဖန်တီးနေကြောင်း အကယ်၍ သူတို့ သဘောမကျလျှင် ခုပင် အိမ်ပြန်ပါတော့မည့် အကြောင်း တိုင်တည်လိုက်ချင်၏။

"မစ္စတေလာ ဆိုတာလား"

သူ့နာမည်ခေါ်သံကြားသဖြင့် ချာခနဲ လှည့်ကြည့်လိုက်တော့ ရင်အုပ်ကားကားကြီးကို တွေ့လိုက်ရ၏။ အနီနှင့် အပြာ လေးထောင့်ကွက်ကလေးတွေ ထိုးထားသည့် သိုးမွေးအင်္ကျီထူထူကို ဝတ်ထားသည် ။

"ဟုတ်ကဲ့ရှင့်"

သူ့မျက်လုံးတွေကို အပေါ်ဘက်သို့ ဆက်လက်ရွေ့လျားလိုက်သောအခါ မျက်လုံး နှစ်လုံးနှင့် ရင်ဆိုင်မိ၏။ ကြုံတောင့်ကြုံခဲ မျက်လုံးအရောင်တွေ၊ မြခဲလေးတွေလို စိမ်းလဲ့နေ၏။ အစိမ်းရောင်ထဲတွင် ရွှေဝါရောင်ကလေး စွက်နေသည် ။ ဆံပင်အရောင်က အနက်။ နားသယ်စပ်တွင် မူ မီးခိုးရောင်သန်းလျက်။ မျ က် နှာ မှာ ညိုမောင်းချောမွေ့နေ၏။ မျက်နှာက တိတိရိရိ။ သူ့အရပ်ကြီးသည် ခြံထဲရှိ လူအားလုံးထက် မြင့်နေ၏။ ဘီလ်ကင်းထက်လည်း မြင့်၏။

"ကျုပ်က ဒီခြံမှာ လက်ထောက်ဦးစီးပဲ"

သူ့ရာထူးကိုပဲ ပြော၏။ နာမည်မပါ။ အသံက အေးစက်နေသလိုလို။ တစ်ခုခုကို အလိုမကျနေသလို။ အကယ်၍ သူ့ကိုသာ မှောင်မည်းသော

လမ်းကြားကလေးတစ်ခုထဲတွင် ဆုံရပါလျှင် ဆမ်သည် ကျောထဲစိမ့်လာအောင် ကြောက်လန့်မိမည်မလွဲ။

“ဩော်....နေကောင်းပါရဲ့ လား”

ဘာပြောရမည် မသိ၍ ပါးစပ်ထဲရှိရာ စွပ်ပြောလိုက်၏။ သူက မျက်မှောင်ကြုတ်ပြီး ငုံ့ကြည့်သည် ။

“ခင်ဗျား မြင်းဇောင်းကို လာဖို့ အဆင်သင့်ဖြစ်ပြီလား”

ခေါင်းညိတ် အဖြေပေးလိုက်၏။ သည် လူ့အရပ်ကြီးကို တအံ့တသြဖြစ်နေမိ၏။ သည် လူ၏ ခပ်ရင့်ရင့်ဟန်ကိုလည်း အမြင်ကတ်လိုက်မိ၏။ အခြားလူတွေ သူ့ကို ဝိုင်းကြည့်နေကြကြောင်း အခုမှ သတိထားမိသည် ။ သည် လူ ဘာများ ပြောမည်လဲဟု သိချင်နေကြဟန်။ သည် လူ ပြောပုံဆိုပုံမှာ လိုက်လှဲပျူငှာမရှိ။ လောကဝတ် စကားလုံးများ မပါ။ အပြုံးအရယ် ဟူ၍ နတ္ထိ။ ဒါတွေက သိသာမြင်သာလွန်းလှ၏။

အမှန်ဆိုရလျှင် ဆမ် ကော်ဖီနောက်တစ်ခွက် သောက်ချင်သေးသည် ။ သို့သော် လက်ထောက်ဦးစီးဆိုသူက တံခါးပေါက်ဘက် ထွက်သွားသဖြင့် ပြောမနေတော့။ အင်္ကျီချိတ်မှ ဂျာကင်အင်္ကျီကို ဖြုတ်ယူပြီး ဝတ်သည် ။ ခေါင်းဆောင်းကို ဆွဲတင်သည် ။ ပြီး တံခါးကို ပိတ်ခဲ့၏။ ရင်ထဲတွင် တော့ အပြစ်ကျူးလွန်ထားမိသည့် ကလေးတစ်ယောက်လို။

ထိုလူ့လက်ထဲတွင် စက္ကူများ တွဲညှပ်သည့် ကတ်ပြားတစ်ချပ်။ ကတ်ပြားပေါ်ရှိ စာရွက်ပေါ်တွင် လူအမည်များ နှင့် သူတို့ စီးရမည့် မြင်းအမည်များ ရေးထား၏။ ထို့နောက် သူက မျက်မှောင်တစ်ချက ကြုတ်လိုက်ပြန်ကာ မလှမ်းမကမ်းရှိ ဇောင်းကန်တစ်ခုဆီသို့

လျှောက်သွားသည် ။ ဓောင်းကန်ရှေ့တွင် ချိတ်ဆွဲထားသည့် အမည်မှာ "မမ"။ ဘာကြောင့် ရယ်တော့မသိ။ သူစီးဖို့ သည် မြင်းကို ရွေးချယ်ပေးသည့် အတွက် ဆမ် မကျေမနပ်ဖြစ်လိုက်မိ၏။ ဘာလဲ။ သူက မိန်းမသားမို့ သူ့ကို "မမ" ဆိုသည့် မြင်းကို ရွေးချယ်ပေးခြင်းလား။ သည် မြင်းက မြင်းယဉ်မို့ သည် မှာ နေသည့် ကာလတစ်လျှောက်လုံး သူ့ကို မမပဲ စီးခိုင်းတော့မှာ လား။

"ခင်ဗျား ကောင်းကောင်း တော့ စီးတတ်ပါတယ်နော်"

ခေါင်းညိတ်ရုံပဲ ညိတ်ပြလိုက်၏။ ကြွားမနေချင်။ သူ့ကို အပြတ်ချဲသည့် စကားမျိုး ပြောမနေချင်။ စင်စစ် သူသည် သည် ခြံထဲရှိ ယောက်ျားတော်တော်များ ထက်သာအောင် စီးပြနိုင်သည် ။ နေပါစေ။ မျက်မြင်ကိုယ်တွေ့စီးပြတာ ပိုကောင်းမည်။

ထိုလူက စာရင်းကို ပြန်ကြည့်နေပြန်သည် ။ အသက်လေးဆယ်ကျော်ကလေးပဲ ရှိမည်။ အားကောင်းမောင်းသန်ကြီး။ လူကတော့ လူချော၊ လူဖြောင့်။ သည် လူတွင် ကြောက်စရာကောင်းလောက်သည့် အချက်တွေရှိသည် ။ ပုံပန်းက တဓောက်ကန်းပုံ။ ခေါင်းမာသည့် ပုံ။ ပြတ်သားမည့် ပုံ။ သည် လူကို သိက္ခာချမ်းမထားသည့် တိုင် သည် လူ့စရိုက်တွေကို ဆမ် ရိပ်ဖမ်းမိနေ၏။ သည် ကြားထဲ သည် လူက သူ့ဘက်လှည့် လာပြီး ခေါင်းယမ်းလိုက်တော့ ဆမ့် ရင်ထဲ တုန်လှုပ်သွားမိသည် ။

"မဖြစ်သေးဘူး။ ဒီမြင်းမနဲ့ ဆို ခင်ဗျား မနိုင်မနင်းဖြစ်နေမယ်။ ခင်ဗျား "ညိုကြီး" ကိုပဲ စီးဗျာ။ ဓောင်းရဲ့ ဟိုဘက်အစွန်မှာ ရှိတယ်။ သိုလှောင်ခန်းထဲက အားတဲ့ ကုန်းနှီးတစ်ခုကိုယူပြီး ဆင်ထား။ ကျုပ်တို့ ဆယ်မိနစ်ဆိုရင် ဒီကထွက်မယ်" ထို့နောက် စိတ်ရှုပ်သွားဟန်ဖြင့်

"ဆယ်မိနစ်ဆို ခင်ဗျား အဆင်သင့်ဖြစ်နိုင်မလား"

ဆမ် ဒေါကန်သွားသည် ။ သူက ဘယ်လိုများ ထင်နေလို့ လဲ။ မြင်းကုန်းနှီးဆင်ဖို့ အတွက် နှစ်နာရီလောက် အချိန်ယူလိမ့်မယ်များ ထင်နေသလားမသိ။

"ကျွန်မ ငါးမိနစ်နဲ့ ဆင်နိုင်တယ်။ ဒီထက်မြန်ချင်သာ မြန်မယ်"

စကားပြန် မပေး။ ဆမ်ကို ကျောခိုင်းထွက်သွားသည် ။ စက္ကူညှပ်ကတ်ပြားကို နံရံတွင် ပြန်ချိတ်၏။ မြင်းတွေ တစ်ကောင်ချင်း သွင်းထားသည့် ဇောင်းကန့်တွေဆီသို့ ခပ်သွက်သွက် လျှောက်သွားသည် ။ သူ စီးမည့် မြင်းကို ကုန်းနှီးဆင်သည် ။ ပြီးတော့ ခပ်ဖြည်းဖြည်း ဆွဲထုတ်လာသည် ။ ငါးမိနစ်အတွင်း ယောကျ်ားတွေအားလုံး နံနက်စာစားပြီး ထွက်လာကြ၏။ ထို့နောက်တော့ မြင်းဇောင်းတစ်ခုလုံး လူသံ၊ မြင်းသံများ ဖြင့် ဆူညံရှုပ်ထွေးနေတော့၏။

ယောကျ်ားတွေအားလုံးလိုလို မိုးကာအင်္ကျီ ဝတ်ထားကြသည် ။ ဆမ် သူ့မြင်းကို ဖြည်းဖြည်းသက်သာ ဆွဲထွက်လာသောအခါ ဂျော့ရှ်က သူ့အား မိုးကာတစ်ထည် လှမ်းပေးသည် ။ ဆမ် စီးရမည့် မြင်းကြီးက အုန်းခွံရောင်။ ခပ်ထိုင်းထိုင်းကောင်ကြီး။ ဆတ်ခြင်း၊ ရိုင်းခြင်း မရှိ။ သည် ကောင်ကြီးမျိုးက စမ်းရေတွေ့လျှင် ရပ်ချင်သည့် အမျိုး။ အခွင့်အရေးရလျှင် လမ်းလျှောက်နေမည်။ သစ်ပင်ချုံပုတ်တွေ့လျှင် ဝါးမည်။ မြက်ပင်တွေ့လျှင် စားမည်။ မြင်းဇောင်းဘက် ဇက်ကလေး ငဲ့ပေးလိုက်သည် နှင့် လာရာလမ်းကို ပြန်ချင်နေသည့် ကောင်မျိုး။

တစ်နေ့တာလုံး ညိုကြီးနှင့် စိတ်ညစ်ရတော့မည်ဟု ဆမ် တွက်လိုက်မိ၏။ စောစောက "မမ" ကို ရွေးပေးသည် ကို

ဒေါသထွက်မိသည့် အတွက် ဆမ် နောင်တရနေမိ၏။ တကယ်တော့ သူ စောင့်နေသည့် အခွင့်အလမ်းမှာ သူ မြင်းကောင်းကောင်း ကို စီးနိုင်ကြောင်း လက်ထောက်ဦးစီးအား ပြသရန်သာ ဖြစ်၏။ ဥပမာ၊ ကာရိုလင်း၏ မဟူရာအလှလို မြင်းကြီးမျိုးပေါ့။ သူ ဘယ်လိုမြင်းစီးသမားမျိုးလဲဆိုတာ သည် မြင်းသမားတွေ သိသွားစေချင်သည် ။

သို့ပေမဲ့ ခုလို သူ့အပေါ် အထင်သေး အမြင်သေး ဆက်ဆံနေလို့ လည်း အဆိုးမဆိုသာ။ သူလို နယူးယောက်က လာသူတစ်ဦးအား မြင်းလိမ္မာတစ်ကောင် ထိုးပေးသည် မှာ အဓိပ္ပာယ်ရှိပါသည် ။ ဘာကြောင့် ဆို သူ့အကြောင်းကို ကာရိုလင်းက ပြောပြမထားဘဲကိုး။

ကိုယ့်မြင်းပေါ်ကိုယ် ရောက်နေပြီဖြစ်သော ခြံသားတွေ လက်ထောက်ဦးစီး၏ ညွှန်ကြားချက်ကို စောင့်နေကြသည် ။ ခါတိုင်းဆိုလျှင် ဘီလ်ကင်း ညွှန်ကြားနေကျ။ ဦးစီးမရှိသည့် နေ့တွင် သာ လက်ထောက်ဦးစီးက ညွှန်ကြားလေ့ရှိသည် ။

အရပ်ရှည်ရှည်၊ ဆံပင်နက်နက်နှင့် လက်ထောက်ဦးစီးသည် မြင်းသည် တော်တွေကြားထဲတွင် လှုပ်ရှားရင်း တာဝန်အသီးသီးခွဲဝေပေးနေသည် ။ လူနှစ်ဆယ့်ရှစ်ယောက်ကို အုပ်စုခွဲပြီး လွှတ်လိုက်၏။ လက်ထောက်ဦးစီးက သူ့အုပ်စုတွင် လူလေးယောက်နှင့် အတူ ဆမ်မန်သာကိုပါ တွဲဖက်ထားသည် ။ သူတို့ တာဝန်မှာ ခြံ၏ မြောက်ဘက်စည်းရိုးသို့သွားရမည်။ အုပ်ကွဲသွားသော နွားသုံးကောင်ကိုရှာရမည်။ သည် နွားမတွေက သားကျတော့မည့် နွားမတွေ။ ဆမ်မန်သာ မြင်းစီးသမားငါးယောက်နောက်မှ နှုတ်ဆိတ်စွာ လိုက်သွားသည် ။

သည် နံနက်ဆိုလျှင် သူ့ရုံးခန်းတွင် ဘာတွေဖြစ်နေမည်မသိ။ ဆမ်ပြုံးမိ၏။ လွန်ခဲ့သည့် နှစ်ရက်ကပင် သူသည် အဝတ်အစားတွေ အပျံစားဝတ်ပြီး ကြော်ငြာရှင်တစ်ယောက်နှင့် တွေ့ဆုံခဲ့သေးသည် ။ ခုတော့ နွားမွေးခြံကြီးထဲမှာ လွတ်ထွက်သွားသည့် နွားတွေကို လိုက်ရှာနေရသည် ။ သည် အတွေးကြောင့် အသံထွက် ရယ်မိတော့မတတ်ဖြစ်သွားသည် ။ သို့သော် သူ့ကိုယ်သူ ထိန်းသိမ်းထားရသည် ။ ဘာ့ကြောင့် ဆို လက်ထောက်ဦးစီး၏ အကြည့်များက သူ့ထံ မကြာမကြာ ရောက်ရောက်လာသည် မဟုတ်လား။

ခြံသားတွေကတော့ သည် လက်ထောက်ဦးစီးဆိုသည့် လူကို တော်တော်လေးလေးစားစား ရှိကြသည် ။ သည် လူက တစ်ခုခုအကြံပေးလိုက်လျှင် ပြန်လှန်မေးခွန်းထုတ်လေ့မရှိ။ သည် လူ ပြောသမျှကို အငြင်းအခုံမရှိ လက်ခံကြသည် ချည်း။ နောက်ပြီး သည် လူက စကားနည်းသည် ။ အပြုံး မရှိ။ အရယ် မရှိ။ တေမိလို လူစားမျိုး။ သူ့ကိုယ်သူ အတော် အယုံအကြည်ကဲသည့် ပုံ။ ဆမ်က သူ့ကိုကြည့်ရင်း အလိုလိုနေရင်း မြင်ပြင်းကတ်နေ၏။

“ဘယ့်နှယ်လဲ၊ စီးရတာ ပျော်ရဲ့ လား”

ခဏကြာတော့မှ ဆမ့်နံဘေးသို့ ရောက် လာပြီး မေးတော်မူသည် ။

“သိပ်ပျော်တာပေါ့။ ရာသီဥတုကလည်း သာယာပါပေ့”

မိုးက ပိုသည်းလာသဖြင့် ဆမ် မေးခိုက်ခိုက်တုန်ရင်း ပြန်ပြောသည် ။ ပြီးတော့ ကိုတေမိကို ပြုံးပြလိုက်၏။ သို့သော် သကောင့်သားက ဘာမျှ နှုတ်ခွန်းခွန်းတော်မမူ။ ခေါင်းတဆတ်ဆတ်ညိတ်၏။ သူ့မြင်းကို စီးထွက်သွား၏။

သည် လူဟာ မွေးကတည်းက ပြုံးမှ ပြုံးတတ်ရဲ့ လားမသိဟု ဆမ် အငေါ်တူးစွာ တွေးလိုက်မိ၏။

နေ့တစ်ဝက်ကျိုးခါနီးလာတော့ ခြေထောက်တွေ ညောင်းညာလာသည် ။ တင်ပါးတွေ ကျိန်းလာသည် ။ ဒူးတွေကိုက်လာသည် ။ ခြေဖျားတွေ အေးစက်နေပြီ။ လက်တွေလည်း တောင့်တင်းနေပြီ။ သည် လူတွေ ဘယ်တော့များမှ နေ့လယ်စာစားဖို့ နားမည်မသိ။

နွားခြံ၏ အစွန်အဖျားတစ်နေရာသို့ရောက်တော့ တဲကလေးတစ်လုံးတွေ့ရသည် ။ ယခုလို ကိစ္စနှင့် ရောက်လာသူတွေ ခဏတစ်ဖြုတ် နားနေဖို့ ဆောက်ထားသည့် တဲကလေး။ အထဲတွင် စားပွဲတစ်လုံးနှင့် ကုလားထိုင်တချို့ရှိသည် ။ နေ့လယ်စာ စားသောက်ဖို့ အတွက် ပန်းကန်ခွက်ယောက်တွေရှိသည် ။ နောက်ပြီး လျှပ်စစ်မီးဖိုနှင့် ရေဘုံပိုင်လည်း ရှိသည် ။

လက်ထောက်ဦးစီးက သူ ယူလာသည့် အိတ်ကြီးထဲမှ စားသောက်ဖွယ်ရာများကို ထုတ်သည် ။ အဖွဲ့သားတိုင်းကို အသားညှပ်ပေါင်မုန့်ထူထူကြီးတွေ ဝေပေးသည် ။ ပေါင်မုန့်နှစ်လွှာကြားထဲတွင် ညှပ်ထားသည် က ကြက်ဆင်သားနှင့် ဝက်ပေါင်ခြောက်။ ဧရာမဓာတ်ဘူးကြီး နှစ်လုံးပါလာသည့် အနက် တစ်လုံးထဲတွင် ကော်ဖီ၊ ကျန်တစ်လုံးထဲတွင် စွပ်ပြုတ်ရည်။ ကော်ဖီနှင့် စွပ်ပြုတ်ရည်ကိုလည်း ချက်ချင်းဝေငှပေးသည် ။ လက်ထောက်ဦးစီးက ဆမ်အား နောက်တစ်ကြိမ် လာပြီး စကားပြောချိန်တွင် ဆမ်သည် အစားပိတ်အဖြစ် ကော်ဖီကို မြိန်ရေ ယှက်ရေ သောက်နေချိန်။

“အခြေအနေကောင်းရဲ့ လား မစ္စတေလာ”

သူ့လေသံတွင် လှောင်သံကလေး မဆိုစလောက် စွက်နေသည် ထင်၏။ သို့သော် သူ့မျက်လုံးထဲဝယ် အကြွင်နာရိပ်များ ထင်ဟပ်လျက်။

"ကျေးဇူးတင်ပါတယ်ရှင်။ အခြေအနေကောင်းပါတယ်။ ရှင်ကော ဘယ်လိုလဲ မစ္စတာ...အဲ ...ရှင့်၊ ကျွန်မ ရှင့်နာမည် မသိရသေးဘူးရှင့်"

ဆမ် ချိုချိုကြည်ကြည် ပြုံးပြသည် ။ သည် တစ်ကြိမ်တော့ သူကလည်း ကြွေရရ ပြန်ပြုံးသည် ။ နောက်ပြီး သည် အမျိုးသမီးက ခပ်ဆတ်ဆတ်ပါကလားဟု တွေးသည် ။ "မမ"ကို စီးဖို့ ရွေးပေးကတည်းက သည် အမျိုးသမီးစိတ်ဆတ်သည် ကို သတိပြုမိခဲ့၏။ သို့ပေမဲ့ သူ့ဟာသူ စိတ်ဆတ်ဆတ်၊ မဆတ်ဆတ် အကြောင်းမဟုတ်။ သူ့ဟာသူ ဟိုမြင်းစီးချင် သည် မြင်းစီးချင်သည် ကို ဂရုမစိုက်နိုင်။ သူကတော့ အယဉ်ဆုံး အလိမ္မာဆုံး မြင်းကိုပဲ ရွေးပေးရမည်။ နယူးယောက်က ငနဲမ တစ်ယောက်သည် အရပ်ကို လာပြီး မြင်းပေါ်က ချွေးကျပစ်ကျသည့် ဇာတ်လမ်းမျိုး မလိုချင်။ သူ့တာဝန်က ဒါပဲ။ ယခု သူ့တာဝန်ကို သူ ဆောင်ရွက်ပြီးပြီ။

"ကျုပ် နာမည် တိတ်ဂျော်ဒန်။ ဒီမှာ နေရတာ ပျော်ပါတယ်နော်"

လက်တစ်ဖက် ဆန့်တန်းပေးသည် ။ ဆမ် နောက်တစ်ကြိမ် တွေဝေသွားပြန်၏။ သည် လူ ငါ့ကို လှောင်နေတာလား။ ဒါမှ မဟုတ် ရင်းရင်းနှီးနှီး ဆက်ဆံနေတာလား။ ဆမ်က နတ်မိမယ်လေးတစ်ပါးလို ချစ်စဖွယ်ပြုံးပြလိုက်၏။

"အရမ်း ပျော်တာပဲ။ ရာသီဥတုက ကောင်းမှ ကောင်း။ မြင်းက သိန္ဓော မြင်းလား အောက်မေ့ရတယ်။ လူတွေကလည်း တော်မှ တော်...."

တဒင်္ဂမျှ စကားတုံ့သွားသည် ။ တိတ်ဂျော်ဒန် မျက်ခုံးတစ်ဖက်

ချီလိုက်ကာ

"ဟုတ်လား။ အစားအသောက်အကြောင်းကော ပြောဖို့ မရှိတော့ဘူးလား"

"အင်း....ပြောစရာ စဉ်းစားလိုက်ဦးမယ်"

"စဉ်းစား....စဉ်းစား။ ပြောစရာ ပေါ်လာမှာပါ။ ခင်ဗျား ဒီနေ့ ချက်ချင်းကြီး မြင်းနဲ့ လိုက်လာတာကို ကျုပ်အံ့ဩနေတာ။ ရာသီဥတုသာယာတဲ့ နေ့ တစ်နေ့နေ့ကို စောင့်လိုက်ဖို့ ကောင်းတယ်"

"ဘာဖြစ်လို့ စောင့်ရမလဲ။ ရှင် ဆိုရင်ကော စောင့်မလား။ မစောင့်ဘူး မဟုတ်လား"

တိတ်က အမြင်ကတ်သည့် အကြည့်ဖြင့် ကြည့်လိုက်၏။ ပြီးမှ

"မစောင့်ဘူး၊ တူတာမှ မဟုတ်ဘဲ"

"လုပ်အားပေးတွေက အမြဲတမ်း ကြိုးစားပြီး ပိုအားထုတ်လေ့ရှိကြတယ်ရှင့်။ အဲ့ဒါကို ရှင် သဘောမပေါက်ဘူးလား မစ္စတာ ဂျော်ဒန်"

"ဟင့်အင်း မပေါက်ဘူး။ ဒီဒေသမှာ လုပ်အားပေးဆိုတာမျိုးမှ မရှိတာ၊ ခင်ဗျား အရင်က ဒီကိုရောက်ဖူးရဲ့ လား"

သူက ဆမ်အား ပထမဦးဆုံးအကြိမ်အဖြစ် စိတ်ဝင်တစားကြည့်၏။ သို့သော် သူ့အကြည့်က ခင်မင်ရင်းနှီးသော အကြည့်မျိုးမဟုတ်။ သိချင်စိတ်သက်သက်ကြောင့် ကြည့်ခြင်းမျိုး။

"ဟုတ်ကဲ့၊ ရောက်ဖူးတယ်။ ဒါပေမဲ့ ကြာပါပြီ"

"အဲဒီတုန်းကကော ကာရိုလင်းက ခင်ဗျားကို ယောက်ျားတွေနဲ့

တန်းတူမြင်းစီးခွင့်ပြုခဲ့တာပဲလား”

“အဲဒီလိုတော့ မဟုတ်ပါဘူး။ အဲ....တစ်ခါတော့၊ အဲဒါက အပျော်သဘောပါ”

“ခု တစ်ခေါက်ကကော” မျက်ခုံးတစ်ဖက်ပင့်ပြီး မေးမြန်းသည် ။

“ခု တစ်ခေါက်လည်း အပျော်ပဲ ဆိုပါတော့”

သည် တစ်ခါတော့ ရင်ထဲက အပြုံးကို ပြုံးပြလိုက်၏။ ပြောမည်ဆိုလျှင်တော့ စိတ်ဝေဒနာတွေ လာပြီး ကုစားတာပါဟု ပြောလို့ ရသည် ။ သို့ပေမဲ့ ကိုယ့်အတွင်းရေးတွေကို ဖွင့်အန်ခြင်းမပြုချင်။ သည့် အစား သူ့အကြောင်းကို စဉ်းစားတာပဲကောင်းသည် ဟု ရုတ်တရက် စိတ်ပိုင်းဖြတ်လိုက်၏။

“ကျွန်မကို ရှင်နဲ့ အတူ လိုက်ခွင့်ပြုတဲ့ အတွက် ကျေးဇူးတင်ပါတယ်။ ကိုယ့်အနီးအနားမှာ လူသစ်တစ်ယောက်ပါလာတော့ စိတ်လွတ်လပ်မှာ မဟုတ်ဘူး ဆိုတာ ကျွန်မ နားလည်ပါတယ်”

ပါလာသည့် လူသစ်မှာ မိန်းမတစ်ယောက်ဖြစ်နေသည့် အတွက်တော့ ထပ်ဆင့် အားနာစကားဆိုဖို့ မလိုဟု ယူဆသည် ။ တောင်းပန်စကားသိပ်ပြောနေလျှင် သကောင့်သားက ရောင့်တက်လာဦးမည်။

“ဘာပဲဖြစ်ဖြစ် ကျွန်မလည်း အကူအညီတော့ ပေးနိုင်ကောင်းပါရဲ့နော်”

“ဖြစ်နိုင်ပါတယ်”

ခေါင်းဆတ်ပြသည် ။ ပြီးတော့ အနားမှ ခွာသွားတော့၏။

ကျန်ညနေပိုင်းတစ်ပိုင်းလုံး ကိုရွှေချောက ဆမ်အား စကားတစ်ခွန်းမျှ လာပြောဖော်မရတော့။ သူတို့ အဓိကထားပြီး ရှာဖွေသည့် သင်းကွဲနွားတွေလည်း ရှာမတွေ့။ မွန်းလွဲနှစ်နာရီလောက်ရောက်တော့ အခြားအဖွဲ့တစ်ဖွဲ့ရှိရာသို့ သွားကြသည် ။ ထိုအဖွဲ့ ခြံစည်းရိုးပြင်နေသည် ကို ဝိုင်းကူကြသည် ။ ခြံစည်းရိုးပြင်သည့် အလုပ်တွင် ဆမ်မန်သာ ဘာမျှ မည်မည်ရရ ဝင်မကူနိုင်။

စင်စစ် သုံးနာရီလောက်တွင် သူ ပင်ပန်းလွန်းမက ပင်ပန်းနေပြီ။ အိပ်ငိုက်နေပြီ။ မိုးသည်းသည်းထဲတွင် မြင်းပေါ်ငုတ်တုတ်ထိုင်ရင်း အိပ်ပျော်တော့မတတ်။ ညနေ လေးနာရီထိုးတော့ သူ့မှာ မရှုနိုင် မကယ်နိုင်ဖြစ်နေပြီ။ ငါးနာရီခွဲမှ ပင် ပြန်ဖြစ်တော့၏။

စခန်းသို့ရောက်၍ မြင်းပေါ်မှ ဆင်းပြီးလျှင် ခြေတွေလက်တွေ သယ်နိုင်မည်မဟုတ်တော့ ဟု သူ့ကိုယ်သူ တွက်ထားလိုက်၏။ စုစုပေါင်းအလုပ်ချိန် ဆယ့်တစ်နာရီခွဲရှိသည့် အနက် ဆယ့်တစ်နာရီလုံးလုံး မြင်းစီးနေခဲ့ရသည် ။ ညကျရင် ငါ သေမှာ ပဲဟု ဆမ် တွေးမိသည် အထိ။ မြင်းဇောင်းရောက်တော့ မြင်းပေါ်မှ မနည်းကြီး တွားဆင်းရသည် ။ ဂျော့ရှ် လာပြီး ကူပေလို့ ။ မဟုတ်လျှင် ပေါင်ကွကွဖြင့် မြင်းပေါ်မှ လိမ့်ကျကာ မြေကြီးပေါ်တွင် ပုံလျက်သားလဲနေမည် မုချ။ ဂျော့ရှ်က သူ့ကို ဖေးမတွဲခေါ်ကာ သနားသောအကြည့်ဖြင့် ကြည့်သည် ။

"ညည်း ဒီနေ့ အလွန်အကျွံ ဖြစ်သွားပြီထင်တယ် ဆမ်။ ဘာကိစ္စ စောစောပြန်မလာလဲ"

"ဦးလေးက နောက်နေတာလား။ အဲဒီလိုပြန်မယ့်အစား ကျွန်မ အသေခံလိုက်မှာ ပေါ့။ ဒေါ်လေးကာရိုတောင် လုပ်နိုင်ရင် ကျွန်မလည်း

လုပ်နိုင်ရမှာ ပေါ့”

“ငါ ညည်းကို မပြောရက်ပါဘူး ကလေးရယ်။ ဒါပေမဲ့ သူက ဒီအလုပ်လုပ်လာတာ သေတော့မယ်ဟဲ့။ နောက်ပြီး နေ့တိုင်းလုပ်နေတာ။ မနက်ဖြန် ဆိုရင်တော့ ညည်း အော်နေရအောင် နာလိမ့်မယ်”

“နက်ဖြန်ကိစ္စကို ထည့်မတွက်ပါနဲ့ ဦးလေးရာ။ ခုတောင် ဘယ်လောက်ကျွတ်နေပြီလဲ ဦးလေး သိရဲ့ လား”

သူတို့ သည် ညိုကြီး၏ ဖောင်းကန့်ထဲတွင် နှစ်ယောက်ကြားသာရုံ လေသံမျှဖြင့် ပြောနေကြခြင်း ဖြစ်၏။ ညိုကြီးကတော့ မြက်ခြောက်တွေကို တမြုံ့မြုံ့ဝါးနေပြီ။

“ညည်း လမ်းလျှောက်နိုင်ရဲ့ လား”

“လျှောက်မှ ဖြစ်တော့မှာ ပေါ့။ ဒီအထဲကနေ လေးဘက်တွားပြီး ထွက်မသွားမှာ တော့ သေချာပါတယ်”

“ညည်းကို ချီသွားပေးရမလား”

ဆမ်မန်သာ ပြုံး၏။ “သိပ်ကောင်းတာပေါ့။ ဒါပေမဲ့ သူတို့ က ဘာပြောကြမလဲ”

နှစ်ယောက်သား အတွေးကိုယ်စီဖြင့် ရယ်လိုက်ကြ၏။ ထို့နောက် ဆမ် မော့ကြည့်သည် ။ မျက်လုံးတွေထဲတွင် မီးတောက်ကလေး ရုတ်တရက်လက်လာသည် ။ အခြား ဖောင်းကန့်တစ်ခုရှေ့ရှိ ကြေးဝါပြားကလေးပေါ်မှ နာမည်တစ်ခုကို ခုမှ သတိထားမိ၏။ စောစောကဝေဒနာတွေ သူ့မျက်လုံးထဲတွင် မရှိတော့။

“ဂျော့ရှ်၊ မဟူရာအလှ ဆိုတာ ဒီအထဲမှာ လား”

"ဟုတ်ကဲ့ပါ မယ်မင်းကြီးမရယ်"သူက ဆမ်ကိုကောမျိုးသန့်မြင်းကြီးကိုပါ ကျေနပ်အားရစွာ ပြုံးပြီးကြည့်သည် ။ "ကြည့်ချင်သေးလို့ လား"

"ကျွန်မ သွားမယ့်လမ်းမှာ ဆူးအထပ်ထပ် ခင်းထားလည်း ဒီကောင်ကြီးကို ကြည့်ဖို့ ဆိုရင် သွားမှာ ပဲ ဂျော့ရှ်။ ကျွန်မကို လိုက်ပြစမ်းပါ"

ဂျော့ရှ်က ဆမ်အား လက်တစ်ဖက်ဖြင့် သိုင်းဖက်၏။ ဆမ်၏ လက်တစ်ဖက်ကို သူ့ပခုံးပေါ် အားပြုစေကာ ခေါ်သွားသည် ။ ဆမ်က ခြေတစ်ပေါင်ကျိုးထောက်၍ လိုက်သွားသည် ။ အခြားခြံသားတွေ ကိုယ့်အခန်းကို ပြန်ကုန်ကြပြီ။ မြင်းဇောင်းဝင်းထဲတွင် သူတို့ နှစ်ယောက်၏ အသံသာ ရှိတော့၏။

ခပ်လှမ်းလှမ်းမှ ကြည့်လျှင် ဇောင်းကန့်ထဲတွင် ဘာမျှမရှိဟု ထင်ရသည် ။ အနားကပ်သွားမှ အတွင်းဘက်ထောင့်နားကပ်နေသည့် မြင်းကြီးကိုတွေ့ရ၏။ ဆမ်မန်သာ ဖွဖွကလေး လေချွန်လိုက်သည် ။ ဧရာမမြင်းကြီး ရှေ့တိုး လာပြီး ဆမ့်လက်ကို နှာခေါင်းဖြင့် ပွတ်၏။ သည် မြင်းကား ဆမ့်တစ်သက် တွေ့သမျှထဲတွင် အလှပဆုံးမြင်းကြီး။ အ ရော င် အ သွေး မှာ တစ်ကိုယ်လုံး ကတ္တီပါအနက်ရောင်။ နဖူးတည့်တည့်တွင် ဗွေဖြူနှင့် ။ ရှေ့လက်နှစ်ဖက်တွင် အဖြူပတ်နှစ်ခု။ လည်ဆံမွေးနှင့် အမြီးမှာ ကိုယ်လုံးအရောင်အတိုင်း နက်ပြောင်နေ၏။ မျက်လုံးကြီးနှစ်လုံးက ရွှဲလျက်။ ခြေထောက်တွေမှာ လှပကျက်သရေရှိသည် ။ ဆမ် ကြုံဖူးသမျှထဲတွင် အကြီးမားဆုံး မြင်းကြီးပေတည်း။

"ဘုရား...ဘုရား...၊ မယုံနိုင်စရာပါပဲ ဂျော့ရှ်ရယ်"

“သိပ်လှတဲ့ ကောင်ကြီးပဲနော်”

“အို.... အဲဒီထက်ကို ပိုသေးတယ်။ ကျွန်မ တွေ့ဖူးသမျှထဲမှာ တော့ ကျက်သရေအရှိဆုံးပဲ။ ဘယ်လောက်မြင့်လဲဟင်”

“ငါးပေကျော် ခြောက်ပေနီးပါးပဲ”

ဂျော့ရှ်က ဂုဏ်ယူဝင့်ကြွားစွာ ပြောတော့ ဆမ်မန်သာ ခပ်တိုးတိုးကလေး လေချွန်မိ၏။

“ဒီကောင်ကြီး စီးရမယ်ဆိုရင် ကျွန်မတော့ ဘယ်လောက်ပဲ ပေးရ ပေးရ”

“မစ္စတာကာရိုက ညည်းကို စီးခွင့်ပေးပ့ါမလား။ မစ္စတာကင်းကတော့ မစ္စကာရို စီးတာကိုတောင် ကြိုက်တာ မဟုတ်ဘူး ။ ဒီကောင်ကြီးက သိပ်ဆတ်သကွ။ မစ္စကာရိုတောင် နှစ်ခါလောက် လိမ့်ကျမလို့ ။ ဒါပေမဲ့ မစ္စကာရိုကို ခါချနိုင်မယ့်မြင်းမျိုးတော့ ရှိမယ်မထင်ပါဘူး”

ဆမ်မန်သာသည် မျက်လုံးများကို မဟူရာအလှပေါ်မှ မခွာနိုင်။

“ဒေါ်လေးကာရိုက ပြောပြီးပြီ။ စီးခွင့်ပေးမယ်တဲ့ ။ ဒီကောင်ကြီး ကျွန်မကိုလည်း ခါချနိုင်မယ် မထင်ပါဘူး”

“ကျွန်တော်တော့ သိပ်မထင်ပါဘူး မစ္စတေလာ”

ဆမ်၏ နောက်တည့်တည့်မှ ပြောလိုက်သောအသံသည် ဂျော့ရှ် အသံမဟုတ်။ အခြားအသံတစ်ခု။ အသံက ခပ်ဩဩ။ တိုးတိတ်သည် ။ သို့သော် လှိုက်လှဲပျူငှာမရှိသောအသံ။ ဆမ်မန်သာ လှည့်ကြည့်တော့ တိတ်ဂျော်ဒန်ကို တွေ့ရသည် ။ ဆမ့်မျက်လုံးတွေ မီးဝင်းဝင်းတောက်သွားသည် ။

"ရှင်က ဘာကိစ္စ မထင်ရတာလဲ။ ရှင်က ညိုကြီးလိုမြင်းနဲ့ မှ ကျွန်မနဲ့ တန်တယ်ထင်နေလို့ လား"

မကျေနပ်စိတ်သည် ခြေကုန်လက်ပန်း ကျနေတာတွေ၊ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေတာတွေနှင့် ပေါင်းစည်းကာ ထိန်းမရသော ဒေါသတွေအဖြစ် ပွင့်ထွက်လာသည် ။

"အဲဒါတော့ ကျွန်တော်လည်း မသိဘူး။ ဒါပေမဲ့ ဒီမြင်းနှစ်ကောင်ကတော့ မိုးနဲ့ မြေလို ကွာတယ်။ နောက်ပြီး ကျွန်တော်တွေ့ဖူးသမျှ မိန်းမ မြင်းစီးသမားတွေထဲမှာ မစ္စကာရိုလင်းဟာ အတော်ဆုံးဖြစ်ဖို့ များ တယ်။ ဒီတော့ သူတောင် မဟူရာအလှကို ခက်ခက်ခဲခဲစီးနေရရင် ခင်ဗျားဆို ပိုဒုက္ခရောက်မှာပေါ့"

သူသည် သူ့စကားသူ သိပ်ဟုတ်လှပြီ ထင်နေဟန်ရှိ၏။ သူတို့ နှစ်ယောက်ကြားတွင် ဂျော့ရှ်မှာ ကသိကအောက်ဖြစ်နေသည် ။

"သြော်....ဟုတ်လား။ ရှင် ပြောတာ သိပ်စိတ်ဝင်စားစရာ ကောင်းပါတယ် မစ္စတာဂျော်ဒန်။ ရှင် ပြောတဲ့ အထဲမှာ ကာရိုလင်းဟာ "အတော်ဆုံးမိန်းမ မြင်းစီးသမား" တစ်ယောက်လို့ သတ်မှတ်သွားတယ်နော်။ ဒီတော့ သူဟာ ယောကျ်ားတွေနဲ့ တန်းတူမစီးနိုင်ဘူးလို့ ရှင် ဆိုလိုတာပေါ့ ဟုတ်လား"

"ဒီကောင်ကြီးကို စီးရတာကျတော့ တခြားမြင်းတွေစီးတာနဲ့ တူတာ မဟုတ်ဘူး ဗျ"

"ဘယ်တူနိုင်ပါ့မလဲရှင်။ ဒါပေမဲ့ ဟောဒီသတ္တဝါကြီးကို ရှင့်ထက်သာအောင် ကျွန်မ စီးပြမယ်၊ သိရဲ့ လား"

“အမိက ဘာအားကိုးနဲ့ ဒီလိုပြောရတာလဲ”

သူ့မျက်လုံးတွေ တစ်ချက်မျှ ဝင်းလက်သွားသည် ။ သို့သော် မျက်တောင်တစ်ခတ်မျှသာ။

“မျိုးသန့် မြင်းမျိုးတွေကို ကျွန်မက နှစ်ပေါင်းများ စွာ စီးလာခဲ့တာရှင့်”

ခပ်ဆတ်ဆတ် ပြော၏။ သို့သော် တိတ်ဂျော်ဒန်က ကျေနပ်ဟန်မပြ။ သဘောတွေ့ဟန် မပေါ်။

“ကျွန်တော်တို့ ထဲက တချို့တွေဆို ဒီလိုအခွင့်အရေးမျိုး မရကြပါဘူး၊ ကျွန်တော်တို့ က ကိုယ်လက်လှုပ်ရှားမှုသလောက်နဲ့ အကောင်းဆုံးဖြစ်အောင် ကြိုးစားနေကြတဲ့ သူတွေပါ”

သူ့စကားကြားရတော့ ဆမ့်မျက်နှာ ရဲခနဲ ဖြစ်သွား၏။ သူက ဦးထုပ်ကို လက်ဖျားဖြင့် တို့ ပြီး နှုတ်ဆက်သည် ။ ခေါင်းတဆတ်ဆတ် ညိတ်သည် ။ ဆမ့်ဘေးနားရှိ ခြံသားကိုမူ လှည့်ကြည့်ဖော်မရ။ ပြီးတော့ ဇောင်းဝင်းထဲမှ ထွက်သွားတော့၏။

တဒင်္ဂမျှ တိတ်ဆိတ်နေသည် ။ ဂျော့ရှ်က ဆမ်၏ မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်နေသည် ။ ဆမ်က ထီမထင်သည့် ပုံစံမျိုးဖြင့် မဟူရာအလှ၏ နှာခေါင်းကို ဖွဖွကလေး ပုတ်ပေးနေ၏။ ထို့နောက် ဂျော့ရှ်အား မော့ကြည့်လျက်

“တော်တော် စိတ်ကုန်စရာကောင်းတဲ့ ခွေးသူတောင်းစားပဲ။ ဒီသေနာက အမြဲတမ်း ဒီလိုပဲလားဟင်”

“မိန်းမတွေနဲ့ တွေ့ရင် ဒီလိုပဲ။ လွန်ခဲ့တဲ့ နှစ်တော်တော်ကြာတုန်းက သူ့မိန်းမ သူ့ကို ပစ်ပြေးသွားတယ်လေ။ ခြံပိုင်ရဲ့ သားနဲ့ လိုက်ပြေးပြီး

လက်ထပ်လိုက်ကြတယ်။ ခြံပိုင်သားက တိတ်နဲ့ ရတဲ့ သားလေးကိုတောင်ခေါ်ပြီး မွေးစားလိုက်သေးသဗျာ့။ နောက်တော့ ခြံပိုင်သားကော သူ့မိန်းမကော သေသွားတယ်”

“ဒါနဲ့ တိတ်က သားကို ပြန်ခေါ်တယ်။ သူ့သားက မျိုးရိုးနာမည်ကို တိတ်ရဲ့ နာမည်ကို မသုံးတော့ဘူး။ ဒါပေမဲ့ ဒါတွေကို တိတ်က သိပ်ဂရုစိုက်နေတာ မဟုတ်ပါဘူး။ သူ့သားကိုတော့ အရူးအမူး ချစ်တာပဲဗျာ့။ သူ့မိန်းမအကြောင်းကိုတော့ လေသံတောင်မဟဘူး။ ကျုပ်ထင်တာတော့ သူ့မိန်းမကို နာကြည်းစိတ်နဲ့ မိန်းမတွေကို မုန်းနေတယ်ထင်တယ်။ အဲ... ခြွင်းချက်အနေနဲ့ ....”

ဂျော့ရှ် တဒင်္ဂမျှ မျက်နှာတစ်ခုလုံး သွေးရောင်လွှမ်းသွားသည် ။ ပြီးမှ

“ခြွင်းချက်အနေနဲ့ ....သိတယ် မဟုတ်လား။ မိန်းမပျက်တွေနဲ့ ပဲ ဆက်ဆံတော့တယ်။ သူ့မိန်းမ ထွက်ပြေးသွားတဲ့ နောက်ပိုင်း ဒီလူ ဘယ်မိန်းမနဲ့ မှ လေးလေးနက်နက် မဆက်ဆံတော့ဘူးထင်တာပဲ။ ကြည့်လေ၊ သူ့သားပဲ အသက်နှစ်ဆယ့်နှစ်နှစ်ရှိနေပြီလို့ သူ ပြောတယ်။ ကဲ...ဘယ်လောက်ကြာပြီလဲ”

ဆမ် ဖြည်းလေးစွာ ခေါင်းညိတ်၏။

“ကောင်လေးကို ဦးလေး သိလား”

ဂျော့ရှ် ပခုံးတွန့်၏။ ခေါင်းယမ်း၏။

“မသိ၊ အဲ....သိတာကတော့ မနှစ်က ကောင်လေးကို ဒီ နား တ စ် ဝို က် မှာ တိတ်က အလုပ်ရှာပေးထားတယ်။ ဒါပေမဲ့ တိတ်ဆိုတဲ့ ကောင်က သူ့အကြောင်းကော၊ ကောင်လေးအကြောင်းကော ပြောတာ မဟုတ်ဘူး ဗျာ့။ သူက

ကင်းကင်းရှင်းရှင်း နေတာ။ ဒီကလူတွေအားလုံးဟာ ဒီလိုပါပဲလေ။ အဲ.... သူ့သားကို တစ်ပတ်တစ်ခါတော့ သွားတွေ့တယ်။ ချာတိတ်က ဘားသရီးခြံမှာ လုပ်သတဲ့ ”

ဩော်.....သူလည်း အထီးကျန်တစ်ယောက်ပါပဲလား။ နွားမွေးခြံထဲက မြင်းသည် တော်တွေအားလုံး အထီးကျန်သမားတွေချည်းထင်ပါရဲ့ ။ သည် အထဲတွင် သည် လူကတော့ လူတစ်မျိုး။ ထက်ထက်မြက်မြက် ရှိသည် ။ ဖျတ်ဖျတ်လတ်လတ် ရှိသည် ။ လူမှုဆက်ဆံရေးကတော့....အင်း... တိတ်ဂျော်ဒန်ဆိုသည့် လူသည် ဘယ်လိုလူစားမျိုးပါလိမ့်။ သူ သည် သို့တွေးနေခိုက် ဂျော့ရှ်က ခေါင်းကို ခါယမ်း၏။ မျက်နှာပေါ်တွင် မှု မြင်တွေ့နေကျ အပြုံးဖြင့်။

“ဒီကောင့်အတွက် ညည်း စိတ်အနှောင့်အယှက် ဘာမှ မဖြစ်ပါနဲ့ ဆမ်။ ဒီကောင်က ဘယ်သူ့ကိုမှ ဒုက္ခပေးတတ်တဲ့ ကောင် မဟုတ်ပါဘူး။ သူက ဒီလိုပဲ နေတတ်ပြောတတ်တာ။ အပြင်ပန်းအားဖြင့် ကြွပ်ဆတ်ဆတ်နေပေမယ့် တကယ်တမ်းကျတော့ စိတ်ထားကောင်းပါတယ်။ ခြံထဲမှာ ဒီကောင်ကြီး ကလေးတွေနဲ့ လုံးထွေးနေတာ ညည်း မြင်စေ့ချင်တယ်။ တကယ် ဖခင်စိတ်ရှိတဲ့ လူ။ သူ့သားလေး ကံကောင်းတယ်ဆိုရမယ်”

“နောက်ပြီး တိတ်က ပညာလည်း တတ်သဗျား။ အေးလေ၊ ကျုပ်တို့ ဆီ မှာ ပညာတတ်လည်း ဘာမှ မထူးပါဘူး။ သူ့အဖေက မွေးမြူရေးခြံပိုင်ရှင်ကြီးဆိုပဲ။ သူ့ကို ကျောင်းကောင်းကောင်း တွေမှာ ထားပေးခဲ့တာကလား။ ဒီကောင် ကောလိပ်ရောက်ပြီး ဒီဂရီတောင် ရခဲ့သေးသဗျာ့။ ဒါပေမဲ့ သူ့အဘိုးကြီးသေတော့ သူတို့ လည်း ခြံကြီး

လက်လွှတ်လိုက်ရတာပေါ့။ အဲဒီမှာ တင် သူလည်း တခြားခြံတစ်ခု ထွက်အလုပ်လုပ်ရရော။ သူ့မိန်းမလည်း အဲဒီခြံပိုင်သားနဲ့ လိုက်ပြေးပါလေရော။ သူ တော်တော်စိတ်ထိခိုက်သွားပုံရသကွာ။”

“ဒီကောင်ကြီးက လောဘရမ္မက်ကြီးတဲ့ ကောင်ကြီး မဟုတ်ဘူး ။ သူ့ရှိသမျှနဲ့ တင်းတိမ်ရောင့်ရဲတတ်တဲ့ ကောင်။ ခုထိတော့ သူလည်း တို့လို ခြံသားတစ်ယောက်ပါပဲ။ ဒါပေမဲ့ ဒီကောင်က တော်တယ်။ တစ်နေ့ကျ ခြံဦးစီး ဖြစ်မယ့်ကောင်။ ဒီမှာ မဟုတ်လည်း တခြားခြံ တစ်ခုခုမှာ ဖြစ်မှာ ပဲ။ ဒီကောင် တကယ့်ယောကျ်ားပီသတဲ့ ကောင်ပါ”

သူ ကြားလိုက်သည့် အကြောင်းတွေကို ဆမ် ခေတ္တမျှ စဉ်းစားနေ၏။ ဂျော့ရှ် လျှာချောင်သဖြင့် သူသည် တိတ်ကျော်ဒန်အကြောင်းကို လိုသည် ထက် ပိုသိလိုက်ရလေပြီ။

“အိမ်ကြီးကို သွားတော့မယ်လား။ ညည်း လျှောက်နိုင်သေးရဲ့ လား”

မိန်းမချောကလေး၏ နွမ်းလျသောမျက်နှာနှင့် ရေစိုအဝတ်တွေကို ကြည့်ပြီး ဂရုတစိုက်မေး၏။

“ဦးလေး နောက်ထပ်တစ်ခါ ဒီမေးခွန်းမျိုးမေးရင် ဦးလေး သေပြီသာမှတ်” ဆမ် ဒေါသမျက်လုံးဖြင့် ကြည့်တော့ ဂျော့ရှ် တဟားဟားရယ်သည် ။

“သွားစမ်းပါ၊ ညည်း ငါ့ကို ရန်လုပ်ဖို့ နေနေသာသာ ညည်းခြေထောက်တောင် ညည်း ရွှေ့နိုင်သေးရဲ့ လား”

ဂျော့ရှ်ပြောရင်း ရယ်မောပြန်၏။ နှစ်ယောက်သား အိမ်ကြီးဆီသို့ လာခဲ့ကြ၏။ သူတို့ အား ကာရိုလင်း တံခါးဖွင့်ပေးတော့ ခြောက်နာရီထိုးပြီးစရှိပြီ။ ဂျော့ရှ်က ဆမ်အား ရှေ့တံခါးပေါက်ထိ

လိုက်ပို့ပေး၏။ ကာရိုလင်းက သူ့မိတ်ဆွေမကလေး၏ မျက်နှာကို ကြည့်ပြီး မပြုံးဘဲမနေနိုင်။ ဆမ်သည် နွေးထွေးသောအခန်းထဲသို့ တွားပြီး ဝင်လာသည် ။ ပါးစပ်က တကျွတ်ကျွတ် ညည်းညူကာ ခုံကလေးတစ်လုံးပေါ်သို့ အရုပ်ကြိုးပြတ်ထိုင်ချလိုက်သည် ။ ရေစိုနေသော ဂျာကင်အင်္ကျီကို လမ်းမှာ တွင် ဆွဲချွတ်ခဲ့ပြီ။

"ဟဲ့ သူငယ်မ၊ မင်း တစ်နေ့လုံး မြင်းစီးခဲ့တယ်။ ဩော်...ဒုက္ခပါပဲ" ဆမ် ခေါင်းညိတ်သည် ။ စကားပြန်မှုပင် မပေးနိုင်။ သူ့တစ်ကိုယ်လုံး နုံးချည့်နေပြီ။ နာကျင်နေပြီ။ "တော်ရုံသင့်ရုံ စီးပြီး ဘာဖြစ်လို့ ပြန်မလာတာလဲ ဆမ်ရယ်"

"ကျွန်မကို အညံ့စားထဲကလို့ ထင်ကြမှာ စိုးလို့ ပေါ့"

နွမ်းလျစွာ ပြော၏။ သို့တိုင် အပြုံးတစ်ခုကိုတော့ ဖန်တီးပြလိုက်သေးသည် ။ ကာရိုလင်းက အခြားခုံတစ်လုံးပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ရင်း တခစ်ခစ် ရယ်နေသည် ။

"ဆမ်မန်သာရယ်၊ မင်းဟာ တကယ့်အရူးမလေးပဲ။ မနက်ဖြန် ဆိုရင်တော့ မင်း အော်နေရလိမ့်မယ်"

"ဟင့်အင်း မအော်ဘူး။ စိတ်ချ။ ကျွန်မ ဒီမြင်းစုတ် မြင်းပဲ့ကြီးကိုပဲ ထပ်စီးဦးမယ်"

ထို့နောက် တစ်ချက် ညည်းလိုက်ပြန်၏။ နာကျင်ကိုက်ခဲမှုထက် သူစီးခဲ့ရသည့် မြင်းကြီးကို သတိရသောကြောင့် ဖြစ်သည် ။

"မင်းကို ဘယ်မြင်းပေးလို့ လဲ"

"အို...တကယ့်ကို စုတ်ပြတ်နေတဲ့ ညိုကြီးဆိုတဲ့ ကောင်ကြီးလေ"

ဆမ်က ဟန်မဆောင်နိုင်ဘဲ ကာရိုလင်းကို မျက်နှာကြီး

စုပုတ်ပြီးကြည့်သည် ။ ကာရိုလင်း ပိုပြီး အားပါးတရရယ်သည် ။

“သြော်...ဒုက္ခ။ အဲဒီမြင်းကြီးကို တကယ်ပေးတယ်၊ ဟုတ်လား” ဆမ်ခေါင်းညိတ်သည် ။ “ဘယ်သူကမျှား ပေးလိုက်ပါလိမ့်ကွယ်။ မင်းဟာဘယ်ယောက်ျားနဲ့ မဆို တန်းတူ ယှဉ်စီးနိုင်တယ်လို့ ကိုယ်ပြောပြထားပြီးသားပါကွယ်”

“အေးလေ၊ ဒေါ်လေး ပြောတာကို သူတို့ ကမှ မယုံတာ။ တခြားလူတွေ ယုံယုံ မယုံယုံ၊ တိတ်ဂျော်ဒန်က မယုံဘူးလေ။ ပထမတော့ သူ “မမ” ကို စီးခိုင်းတော့မလို့ ။ နောက်မှ ကျွန်မနဲ့ ညိုကြီးနဲ့ ပဲ ဖြစ်မယ်လို့ ဆုံးဖြတ်လိုက်တယ်”

“နက်ဖြန်ကျရင် ကျွန်မ “နာဗာဂျို” ကို စီးချင်တယ်လို့ ပြော။ အဲဒီကောင်ကြီးက သိပ်လှတဲ့ “အက်ပလူဇာ” မျိုးကြီး။ ကိုယ်နဲ့ ဘီလ်ကလွဲပြီး ဘယ်သူမှ မစီးရဘူး”

“အဲဒီလိုလုပ်ရင် တခြားလူတွေကများ ကျွန်မကို အမြင်ကတ်နေမလားဟင်”

“ဒီနေ့ ဘယ်လိုဆက်ဆံကြလို့ လဲ”

“ကျွန်မ မသိဘူး။ ဒါပေမဲ့ ကျွန်မကိုတော့ သိပ် ဟက်ဟက်ပက်ပက် စကားမပြောကြဘူး”

“ဒီလူတွေက သူတို့ အချင်းချင်းလည်း သိပ်ပြောကြတာ မဟုတ်ပါဘူး။ မင်းသူတို့ နဲ့ ဒီနေ့တစ်နေ့လုံး အတူလျှောက်လိုက်နေတဲ့ နောက်မှ တော့ သူတို့ အမြင်ကတ် မနေနိုင်တော့ပါဘူး။ သြော်....ဒုက္ခ၊ ပထမဆုံးနေ့မှာများ မင်း ဒီလောက်ကြီး လျှောက်စီးရတယ်လို့ ဆမ်ရယ်”

ဆမ်မန်သာ လုပ်ရပ်ကို ကာရိုလင်း တကယ်ပင် စိုးရိမ်သောက ပွားနေသည့် ဟန်။

"ဒေါ်လေးဆိုရင်ကော ကျွန်မလိုပဲ လုပ်မှာ မဟုတ်လား"

ကာရိုလင်း တစ်ခဏမျှ စဉ်းစားကြည့်နေ၏။ ထို့နောက် မချိုမချဉ် မျက်နှာပေးဖြင့် ခေါင်းညိတ်လက်ခံသည် ။

"ဩော်....ပြောရဦးမယ်။ ကျွန်မ မဟူရာအလှကို တွေ့ခဲ့ရပြီ ဒေါ်လေးနဲ့ "

"ဘယ်လို သဘောရသလဲ၊ ပြောပါဦး" ကာရိုလင်း၏ မျက်လုံးတွေအရောင် တဖျပ်ဖျပ်။

"ကျွန်မက အဲဒီကောင်ကြီးကို ခိုးပြေးချင်တာ။ ဒါမှ မဟုတ်လည်း အနိမ့်ဆုံးအဖြစ် စီးတော့စီးလိုက်ချင်တယ် ဒေါ်လေးရ။ ဒါပေမဲ့....."

သူ့မျက်လုံးတွေ ဒေါသရောင်များ ဝင်းလက်လာပြန်၏။

"မစ္စတာဂျော်ဒန်က မစီးသင့်ဘူးတဲ့ လေ။ သူ့သဘောအရ ဆိုရင်တော့ ဒီမြင်းဟာ မိန်းမသားတွေ စီးသင့်တဲ့ မြင်း မဟုတ်ဘူး တဲ့ ရှင့်"

"ဒါဆို ကိုယ့်ကျတော့ကော" ကာရိုလင်း တော်တော်သဘောကျနေပုံ။

"ဒေါ်လေးကိုတော့ သူက "အတော်ဆုံး မိန်းမ မြင်းစီးသမား" တဲ့ လေ။ ကျွန်မက သူ့ကို ချဲတယ်၊ ဘာကိစ္စ "အတော်ဆုံး မြင်းစီးသမား" လို့ မသတ်မှတ်သလဲလို့ "

သည် တော့ ကာရိုလင်းက သူ့ကို ကြည့်ပြီး ရယ်၍ သာနေ၏။

"ဒေါ်လေးကလည်း ဘာများ ဒီလောက်ရယ်စရာရှိနေလို့ လဲ။ ဒေါ်လေး ကာရိုလင်းဟာ ကျွန်မ တွေ့ဖူးသရွေ့ထဲမှာ အတော်ဆုံးမြင်းစီးသမားပဲဟာ"

"မိန်းမတစ်ယောက် အနေနဲ့ ပေါ့"

ကာရိုလင်း ပြန်ပြော၏။

"အဲဒါ ရယ်စရာလား ဒေါ်လေးရဲ့ "

"ဒါတွေကို ကိုယ်က ရိုးနေပါပြီကွယ်။ ဘီလ်ကင်းကလည်း ဒီလိုသတ်မှတ်တာပဲ"

"ဒီအရပ် ဒီဒေသတွေမှာ အတွေးအခေါ်ဟောင်းတွေ မရှိတော့ဘူးဆို"

ဆမ်မန်သာ ညည်းညူရင်း ထိုင်ရာမှ ထသည် ။ သူ့အခန်းဘက်သို့ မျက်နှာမူသည် ။

"ဘာပဲဖြစ်ဖြစ်လေ။ မနက်ဖြန်ကျ ဒီထက်ကောင်းတဲ့ မြင်းတစ်ကောင်စီးခွင့်ရအောင် တိတ်ဂျော်ဒန်ကို အကျပ်ကိုင်ရမှာ ပဲ။ အဲဒါ ဆိုရင်တော့ ကျွန်မတို့ မိန်းမသားတွေအတွက် မဟာအောင်ပွဲကြီးတစ်ရပ် ရတယ်လို့ ယူဆရတော့မယ်ထင်ပါရဲ့ ။ အဲဒီ အက်ပလူဇာကြီးရဲ့ နာမည်က ဘယ်လို"

"နာဗာဂျိုလေ။ ကိုယ်က ပြောတယ်လို့ သာ သူ့ကိုပြောလိုက်ပါ"

ဆမ်မန်သာ မျက်လုံးတွေကို ကလယ်ကလယ်လုပ်ရင်း ဧည့်ခန်းကို ဖြတ်လျှောက်သွား၏။

"မင့်တိုက်ပွဲ အနိုင်ရပါစေကွယ်"

ကာရိလင်း နောက်ဘက်မှ လှမ်းပြော၏။ ဆမ်က အိပ်ခန်းလှလှကလေးထဲတွင် မျက်နှာသစ်ပြီး ခေါင်းဖြီးနေသည် ။ သြော်... ခုမှ သတိရသည် ။ ကုန်လွန်ခဲ့သည့် သုံးလအတွင်း ဂျွန်နှင့် လစ်ဇီ၏ ညနေပိုင်းသတင်းကြေညာချက်ကို မကြည့်ဖြစ်သည် မှာ သည် ညသည် ပထမဦးဆုံးညပါကလား။ အလျင်ကတော့ သူ တစ်ညမျှ မလွတ်တမ်း စောင့်ကြည့်ခဲ့မိသည် ။

ခုတော့ သူသည် အခြားကမ္ဘာတစ်ခုထဲ ရောက်နေပြီ။ သည် ကမ္ဘာထဲမှာ ညိုကြီးတို့ ၊ အက်ပလူဇာတို့ ဆိုတဲ့ မြင်းတွေပဲရှိသည် ။ နောက်ပြီးတော့ သည် ကမ္ဘာကို သူတို့ သာ စိုးမိုးနေသည် ဟု ထင်မှတ်ထားသည့် လက်ထောက်ဦးစီးလို လူမျိုးတွေရှိသည် ။ သို့ပေမဲ့ သည် ကမ္ဘာသားတွေက ရိုးသားသည် ။ စုစုစည်းစည်းရှိသည် ။ သည် ကမ္ဘာမှာ သူ ရင်ဆိုင်နေရသည့် အရေးအကြီးဆုံးပြဿနာမှာ မနက်ဖြန် ဘယ်မြင်းစီးရမည်ဟူသည် လောက်သာ။

ညစာ စားပြီး ခဏနေတော့ အိပ်ရာထဲလှဲနေ၏။ ကလေးဘဝကတည်းက ကျွမ်းဝင်ရင်းနှီးခဲ့သည့် ရိုးသားလှပသော သည် ကမ္ဘာလေးအကြောင်း စဉ်းစားနေ၏။ ထို့နောက် သည် အတွေးတွေ မှေးမှိ န်သွားပြီး အိပ်ပျော်ခြင်းအဆင့်သို့ ရောက်လုဆဲဆဲတွင် နားယဉ်နေသည့် တံခါးပိတ်သံကို ကြားရပြန်၏။

သည် တစ်ကြိမ်တော့ ခြေသံဖွဖွကိုလည်း ကြားရသည် ။ ရယ်မောသံသဲ့သဲ့ကိုလည်း ကြားရသည် ။

* * *